www.burmeseclassic.com

# ငှငှဂ်

## လမ်းလျှောက်သူများ



www.burmeseclassic.com

www.burmeseclassic.com

နေနော်

# လမ်းလျှောက်သူများ

(စ / ဆုံး)

ပြည်လုံးကျွတ်ဖြန့်ချိရေး

ဥာဏ်ဝင်း
စာပေ

အမှတ်၊ ၂၇၊ သင်္ဂဟလမ်း၊
ကျောက်မြောင်း၊
ဖုံး–၅၄၃၁၁၈

BURMESE CLASSIC .com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်----- ၃၆၉/၉၉ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၂၆၀/၉၉ (၅)

ထုတ်ဝေခြင်း
ပထမအကြိမ်
၁၉၉၉ ခုနှစ် - ဇွန်လ

အုပ်ရေ
၁၀၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ
ဝဏ္ဏဟန်

စီစဉ်သူ
မငွေးငွေးမော်

ထုတ်ဝေသူ

ဦးတင်အုန်း၊ မိုးမင်းစာပေ (၀၉၄၃)
အမှတ် (၉၃)၊ ရိပ်သာလမ်း
လေးထောင့်ကန်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ
ဒေါ်သင်းသင်းကြိုင် (၀၃၉၄၅)
ဆန်းမြသီဟ ပုံနှိပ်တိုက်
အမှတ် ၁၉၉၂၊ (၅၁) လမ်း
ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)
အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်း ကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။



BURMESE CLASSIC .com

# နေနော်

# လမ်းလျှောက်သူများ

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝသည် ရနိုင်ခဲ၏။
ထိုရနိုင်ခဲသော ဘဝသည် အချည်းနှီးဘဝ၊
အဓိပ္ပာယ် ကင်းမဲ့သော ဘဝမဟုတ်။

(ဓမ္မပဒ)

www.burmeseclassic.com

www.burmeseclassic.com

## (၁)

BURMESE CLASSIC .com

သူတို့သည် မတူညီသော ရည်ရွယ်ချက်ကိုယ်စီနှင့် ထိုနေရာသို့ ရောက်ရှိလာခဲ့ကြ၏။

ထို့နောက် မတူညီသော ရည်ရွယ်ချက်ကိုယ်စီနှင့်ပင် ထိုနေရာမှ ပြန်လည် ထွက်ခွာသွားခဲ့ကြလေသည်။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

(၂)

တားသောက်ဆိုင်ကလေးမှာ ခပ်ကျဲကျဲ နေရောင်အောက်၌ မှုင်းရိုငြိုးငွေ့စွာ ငိုက်မျှဉ်းနေသလိုမျိုး တိတ်ဆိတ် ငြိမ်သက်၍ နေလေသည်။

နှစ်ပေါင်းများစွာ မွမ်းမံမှု ကင်းမဲ့ခဲ့သော ဆိုင်ကလေး၏ အပြင်အဆင်မှာ ယခင်က ဘာဆေးရောင် သုတ်ထားခဲ့မှန်း မခန့်မှန်းနိုင်လောက်အောင်ပင် မှုန်မှိုင်းမှိုင်း ဖြစ်၍နေသည်။ ဆိုင်ကလေး၏ နဖူးစည်း၌ ပျော်ပွဲစားရုံ ဟူသော ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရာသီဥတု၏ ကာလအတန်ကြာ တိုက်စားခဲ့မှုက ထိုစာလုံးများကို မှေးမှိန်ပြယ်လွင့်စေကာ ရွေးညှော်တို့ဖြင့် ညစ်ထပ်ထပ် ဖြစ်နေလေသည်။

ဆိုင်အတွင်းဘက် ကောင်တာနံဘေးရှိ ပက်လက်ကုလားထိုင်ပေါ်၌ ဆိုင်ရှင် အဘိုးကြီးသည် တရားစာအုပ် တစ်အုပ်ကို ပေါင်ပေါ်တင်ရင်း လမ်းမဘက်ဆီသို့ မျှော်ငေးနေလေသည်။

၄င်း၏သွင်ပြင်က ၄င်း၏ဆိုင်လိုပင် အိုမင်းရင့်ရော်လျက် ဆံပင်တို့က ဖွေးဖွေးဖြူနေကြသည်။

"အင်း ... အတော့်ကို ပျင်းစရာကောင်းတဲ့နေ့ပဲ"

အဘိုးကြီး စိတ်ပျက်လက်ပျက် ညည်းတွားရင်း ချောင်းတစ်ချက် ဆိုးလိုက်သည်။

အဘိုးကြီး၏ ချောင်းဆိုးသံက ဆိုင်ထောင့်တစ်နေရာ၌ ငိုက်မျဉ်းနေသော စားပွဲထိုးလေးအား အထိတ်တလန့် နိုးထလာစေပြီး ၄င်းထံသို့ အပြေးအလွှား ရောက်ရှိလာစေသည်။

"ခေါ်သလား အဘ"

"ဘာကွ"

"အဘ ... ကျွန်တော့်ကို ခေါ်လိုက်တာလားလို့"





"ငါက မင်းကို ဘာကိစ္စခေါ်ရမှာတုန်း"

စားပွဲထိုးကောင်လေး ခေါင်းတစ်ချက် ကုတ်လိုက်ရင်း–

"ဟို ... အဘ တစ်ခုခုလိုချင်သလားလို့ပါ"

အဘိုးကြီး လိုချင်တာ တစ်ခုခုရှိလျှင် ထိုင်ရာမှ မထဘဲ စားပွဲထိုး ကောင်လေးကိုပင် ယူခိုင်းတတ်သဖြင့် စားပွဲထိုးလေးက မေးလိုက်ခြင်းဖြစ်သည်။ ကောင်လေး၏စကားကြောင့် အဘိုးကြီး တွေသွားပြီး ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"အေး ... လိုချင်တယ်"

"ဘာလဲ အဘ"

"လူတွေ"

"ခင်ဗျာ"

"လူတွေလေ၊ ငါ့ဆိုင်မှာလာပြီး စားကြ သောက်ကြမယ့် လူတွေကို ပြောတာ ငတုံးရ၊ မိုးလင်းကတည်းက ခုချိန်ထိ ခေါက်ဆွဲကြော် တစ်ခွက်တောင် မရောင်းရသေးဘူး၊ ဒါ ... စားသောက်ဆိုင်တဲ့လား၊ တောက် ... ဟိုခေတ်တုန်းကနဲ့တော့ ကွာပါ့ကွာ"

အဘိုးကြီး၏ အစပျိုးစကားကြောင့် ကောင်လေး စိတ်ညစ်သွား၏။ ဒီပုံစံတိုင်း ဆိုရင်တော့ ဓာတ်ပြားဟောင်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဘောမှာပဲဟူသော အတွေးဖြင့် စားပွဲထိုးကလေး ခေါင်းကုတ်လိုက်မိသည်။ ထိုအချိန်မှာပင် အဘိုးကြီး ရင်ဘတ်ကို ဖိရင်း ချောင်းတဟွတ်ဟွတ် ဆိုးလေသည်။

“အင်း … ဒီချောင်းနဲ့ ငါနဲ့တော့ ဒုက္ခပဲ၊ သွားကွာ … ငါ့ကို ကွမ်းရွက်နဲ့ လျက်ဆားပုလင်း ယူပေးစမ်း၊ ပြီးရင် တစ်ဆိုင်လုံး စားပွဲတွေ လျှောက်သုတ်ထား၊ စားမယ့်လူဆိုတာမျိုးက အချိန်မရွေး ရောက်လာတတ်တာ”

ဖွင့်လုဆဲ ဓာတ်ပြားဟောင်းကြီးဆီမှ စကားလမ်းကြောင်းပြောင်းသွားသဖြင့် ကောင်လေး ဝမ်းသာသွားပြီး ကွမ်းရွက်နှင့် လျက်ဆားပုလင်းကို အပြေးအလွှား ယူပေးလိုက်၏။ အဘိုးကြီး ကွမ်းရွက်နှင့်လျက်ဆား မြုံ့နေချိန်၌ ကောင်လေး စားပွဲခုံများကို လိုက်သုတ်နေလိုက်သည်။

ထို့နောက် ခုံသုတ်ပြီးချိန်မှာတော့ စောစောက နေရာလေးကို သွားကာ ပြန်လည်ငိုက်မျဉ်းနေလိုက်၏။

အဘိုးကြီးကတော့ မငိုက်မျဉ်းနိုင်ဘဲ ဆိုင်ပြင်ဘက်သို့ ငေးကာ စားမယ့်လူတစ်ယောက်လောက် လာပါစေဟု ဆုတောင်းနေမိသည်။ စားမယ့် သောက်မယ့်လူ မဟုတ်တောင်မှ အလှူခံလောက် လာလျှင်ပင် မဆိုးလှ။





အလှူငွေ ငါးကျပ်လောက် ထည့်ပြီး ဆယ်မိနစ်လောက် အချိန်ဆွဲကာ စကားပြောနိုင်သည် မဟုတ်လား။ အနည်းဆုံး ရာသီဥတုအကြောင်းဖြစ်ဖြစ်ပေါ့။ ယခုတော့ … လူရှင်းလှသော ဆိုင်ထဲ၌ စားမယ့်လူကိုမျှော်ရင်း ဒီတိုင်းငုတ်တုတ် ထိုင်နေရသည်မှာ အလွန်ပျင်းစရာကောင်းပါသည်။

ယခင်ကတော့ သူ၏ဆိုင်သည် ဒီလိုမဟုတ်။

မိုးလင်းသည်နှင့် စားမယ့်လူများ၊ ခေါက်ဆွဲကြော် လာဝယ်သည့်လူများနှင့် အမြဲစည်ကားနေတတ်သည်။ ထိုစဉ်က အကြော်ဆရာ နှစ်ယောက်နှင့် စားပွဲထိုး ခြောက်ယောက် ခန့်ထားရ၏။ ဒါတောင် ညနေပိုင်း လူကျချိန်များဆိုလျှင် ကောင်းကောင်းမနိုင်ချင်။ သူ့ဇနီးနှင့် သူ့သမီး အပျိုပေါက်ကလေးပါ စားပွဲဝင်ထိုးကြရသည်။

တစ်ခါတစ်ရံ သူကိုယ်တိုင်ပင် မီးဖိုထဲသို့ဝင်ကာ အကြော်ဆရာများအား ဝင်ကူရတတ်သေး၏။

ထိုစဉ်က သူ၏ဆိုင်အတွက်အလွန်ဂုဏ်ယူခဲ့သည်။ ဂုဏ်ယူရလောက်အောင်ပင် ဤမြို့နယ်၌ သူ့ဆိုင်ကို ယှဉ်နိုင်သောဆိုင်ဟူ၍ တစ်ဆိုင်မှ မရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ပျော်ပွဲစားရုံဆိုတာ လူတွေ ပျော်ပျော်ပါးပါး လာစားကြတဲ့နေရာ။ ကျုပ်က ကျုပ်ဆိုင်မှာလာစားကြတဲ့လူတွေရဲ့ ပျော်ရွှင်မှုကို အမြဲဂရုစိုက်တယ်"

ထိုစကားမှာ ထိုစဉ်က သူ၏ လက်သုံးစကားဖြစ်သည်။

ထို့ပြင် ဈေးဝယ်မရှိဘဲ ဈေးသည်မဖြစ်နိုင် ဟူသည့် အယူအဆကိုလည်း သူ လက်ခံယုံကြည်၏။ ဝယ်သူမရှိလျှင် ကိုယ့်ပစ္စည်း ဘယ်လောက်ကောင်းကောင်း ရောင်းရမည်မဟုတ်။ ထို့ကြောင့် ဝယ်သူလာချင်အောင် ဆွဲဆောင်ရမည်ဟု သူ့အလုပ်သမားများအား ဆုံးမတတ်သလို...။

သူကိုယ်တိုင်ကလည်း သူ့ဆိုင် အပြင်အဆင် ဆွဲဆောင်မှုရှိအောင် ဂရုစိုက်ခဲ့၏။ တစ်နှစ်တစ်ခါ ဆိုင်တွင်း ဆိုင်ပြင် ဆေးမှန်မှန် သုတ်ခဲ့သလို စားပွဲခင်းများ သစ်လွင်သန့်ရှင်းနေအောင်လည်း အမြဲဂရုစိုက်ခဲ့သည်။

ယခုတော့ သူ့ဆိုင်အား ဆေးမသုတ်ဖြစ်သည်မှာ ဘယ်နနှစ်ရှိမှန်း သူ မမှတ်မိတော့။

သူ့ဘဝရော သူ့ဆိုင်ပါ အောင်မြင်နေချိန်၌ သူ့ဇနီးသည် ကင်ဆာရောဂါနှင့် ကွယ်လွန်သွားခဲ့သည်။ သူ့သမီးကတော့





ဇနီးသည်ဆုံးပြီးနှစ်အနည်းငယ်အကြာမှာပင် ဆိုင်မှာလာစားသော အဝေးပြေးကားသမားတစ်ဦးနှင့် ခိုးရာလိုက်ပြေးသွားခဲ့လေသည်။

ထိုနောက်ပိုင်းတော့ သူ၏စိတ်ဓာတ်ရော သူ၏စီးပွားရေးပါ ကျဆင်းလာကာ ကူဖော်လောင်ဖက် ကောင်လေးတစ်ယောက်သာ ခေါ်ထားနိုင်သော အခြေအနေသို့ ရောက်ရှိခဲ့တော့သည်။ အချက်အပြုတ်အတွက် အကြော်ဆရာပင် မငှားတော့ဘဲ သူပင် ဆိုင်ရှင်၊ သူပင် အကြော်ဆရာအဖြစ် အသုံးတော်ခံလာခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်သည်။

ရွှေရောင် လွှမ်းသော အတိတ်မှ အကြောင်းများကို ပြန်ပြောင်းစဉ်းစားရင်း အဘိုးကြီး အညောင်းတစ်ချက်ဆန့်ကာ တစ်ကိုယ်တည်း ရေရွတ်လိုက်၏။

"ဒီနေ့ကတော့ တကယ့်ကို လူပါးတဲ့နေ့ပဲ"

ခါတိုင်း ဒီအချိန်လောက်ဆိုလျှင် အနည်းဆုံး ထမင်းဖြူငါးဆယ်ဖိုး၊ ခေါက်ဆွဲကြော် သုံးထုပ်နှင့် ဘီယာနှစ်လုံးလောက်တော့ ရောင်းပြီးလောက်ပြီဖြစ်၏။ ယခုတော့ စားမယ့်လူ မပြောနှင့်၊ ရံဖန်ရံခါ လာနေကျ အလှူခံများပင် မလာကြ။

ဈေးမရောင်းရခြင်းထက် စကားပြောဖော် မရှိခြင်းက သူ့ကို အဘိုးကြီးအတွက် အလွန်ဆိုးပါသည်။ အင်းလေ ...ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်မလဲ။ စားမယ့်လူ မလာတော့လည်း စာထိုင်ဖတ်တာပဲ ကောင်းပါတယ်။

ပေါင်ပေါ်တင်ထားသည့် တရားစာအုပ်ကိုယူကာ စာဖတ်ရန် ပြင်ဆင်လိုက်၏။ တကယ်တော့ ဤစာအုပ်သည် အဘိုးကြီးပိုင် စာအုပ်မဟုတ်။ လွန်ခဲ့သော နှစ်နှစ်ခန့်က သူ့ဆိုင်မှာ လာစားသူတစ်ယောက် မေ့ကျန်သွားခဲ့သော စာအုပ်ဖြစ်သည်။

လက်ထဲရောက်သည်မှာ နှစ်နှစ်ကြာပြီ ဖြစ်သော်လည်း စာအုပ်ဆုံးအောင် အဘိုးကြီး တစ်ခါမှ မဖတ်ဖြစ်ခဲ့။ စာအုပ်ကိုကိုင်လိုက်တိုင်း “ဒီတစ်ခါတော့ ဆုံးအောင်ဖတ်မယ်” ဟုစိတ်ထဲမှ ကြွေးကြော်တတ်သော်လည်း ဟိုနေရာနည်းနည်း၊ ဒီနေရာနည်းနည်းဖတ်ပြီးသည်နှင့် စာအုပ်ကိုပြန်ချထားလိုက်မြဲဖြစ်သည်။

ယခုလည်း အပြီးဖတ်မယ်ဟု ဆုံးဖြတ်ရင်း စာအုပ်ကိုလှန်ကာ ကျမ်းပြုပုဂ္ဂိုလ်၏ နိဒါန်း အမှာစာကို စတင်ဖတ်ရှုလိုက်သည်။

*(..... လူတို့သည် ကံပစ်ချရာ သတ္တဝါများဖြစ်ပြီး ဘဝဟူသည် လမ်းမကြီးတစ်ခုဖြစ်သည် ဆိုပါက လူသားတို့သည် လမ်းလျှောက်သူများသာ ဖြစ်လေသည်။)*

❀ ❀ ❀



## (၃)

“အဟမ်း”

နိဒါန်း တစ်မျက်နှာ မဆုံးခင်မှာပင် ချောင်းဟန့်သံတစ်ခုကြောင့် အဘိုးကြီး ခေါင်းထောင်ကြည့်လိုက်တော့ ဆိုင်ဝ၌ ရပ်နေသူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

စားမယ့်လူလာပြီဟူသော အသိဖြင့် အဘိုးကြီး ထိုင်ရာမှ ကမန်းကတန်း ထရပ်လိုက်ပြီး လက်ထဲမှ စာအုပ်ကို ကောင်တာပေါ်သို့ လှမ်းတင်လိုက်သည်။

ဝင်လာသူမှာ အသက် သုံးဆယ့်ငါးနှစ်အရွယ် အသားညိုညို ပိန်ပိန်ပါးပါးနှင့်ဖြစ်ပြီး အပေါ်စား စပို့ရှပ်နှင့် အရောင်ဖျော့ဖျော့



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီ ခပ်စုတ်စုတ်ကို ဝတ်ဆင်ထား၏။ အနက်ထက် အညိုရင့်ရောင်ဘက်သို့ကဲသော မျက်လုံးတို့က နူးညံ့ဟန်ရှိသော်လည်း ...။

ဆံသဆိုင်နှင့် အတန်ကြာ ကင်းဝေးနေပုံရသော ပခုံးထိ ရှည်လျားသည့် ဆံပင်ရှည်ရှည်နှင့် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတို့က ၄င်းအား ထောင်ထွက်၊ ဝရမ်းပြေးတစ်ယောက်အလား ထင်မှတ်မှားစေလေသည်။

ယခင် အဘိုးကြီး၏ စားသောက်ဆိုင် ခေတ်ကောင်းစဉ် အချိန်ကဆိုလျှင် ယခုလိုလူမျိုးကို ဆိုင်ထဲသို့ အဝင်ခံလိမ့်မည် မဟုတ်ပါ။ သို့သော် ယခုအချိန်၌ စားသောက်သူဆိုလျှင် ဘယ်လိုလူမျိုးဖြစ်ဖြစ် ဝမ်းပန်းတသာ လက်ခံနေချိန်ဖြစ်သဖြင့် အဘိုးကြီး အချိုသာဆုံးမျက်နှာနှင့် ခရီးဦးကြိုပြုလိုက်သည်။

"ကြွပါ မောင်ရင်၊ ဘာများသုံးဆောင်ချင်ပါသလဲ"

ဝင်လာသူက ဆိုင်ထဲသို့ တစ်ချက်ဝေ့ဝဲ အကဲခတ်လိုက်ပြီး ခပ်မှောင်မှောင် ချောင်ကျကျ ဝင်ပေါက်ကို ကျောခိုင်းထားသည့် စားပွဲဆီသို့ ဦးတည်လျှောက်လှမ်းသွားလေသည်။

အဘိုးကြီးက အိပ်ပျော်နေသော စားပွဲထိုးလေးအား –





"ဟေ့ကောင်လေး ..... ထစမ်း၊ ဒီမှာ စားမယ့်လူ ဘာတယ်ကွ"

ဟု လှမ်းအော် နှိုးလိုက်ရင်း ဝရမ်းပြေးလို လူနောက်သို့ ...ိုက်ပါလာခဲ့၏။ တကယ်တော့ စားသုံးသူအား ဧည့်ခံရန်အလုပ် ... စားပွဲထိုးလေး၏ အလုပ်ဖြစ်သော်လည်း သူကိုယ်တိုင်က ...ားစမြည် ပြောချင်နေသဖြင့် စားပွဲထိုးအလုပ်ကို ဝင်လုပ် ...ိုက်ခြင်း ဖြစ်သည်။

ဘေးနားမှာ အသင့်တွေ့သည့်အဝတ်စုတ်ကိုယူကာ လူရွယ် ...ိုင်မည့် စားပွဲကို မလိုအပ်ဘဲ သုတ်လိုက်ရင်း အဘိုးကြီး စကား ...ိုက်သည်။

"ဒီနေ့ ရာသီဥတုက အတော်သာယာတယ်နော်"

"ဗျာ"

ဝရမ်းပြေးလို လူရွယ်က အဘိုးကြီးအား နားမလည်သလို ...ည့်သည်။ အဘိုးကြီးက အချိုသာဆုံး ပြုံးလိုက်ပြီး –

"သြော် ... မနက်ကတည်းက မိုးမရွာသေးဘူး၊ ဒါကြောင့် ...သီဥတုက သာယာတယ်လို့ ပြောတာပါ"

"မနက်ကတည်းကလား"



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က သံယောင်လိုက် ရေရွတ်လိုက်သဖြင့် အဘိုးကြ
ခေါင်းညိတ်လိုက်၏။

"မနက်ကတည်းက မရှာသေးတာလေ၊ တစ်နေ့
ကြည်ကြည်လင်လင်ပဲ"

"ဟုတ်လား၊ ကျွန်တော်တော့ အမှတ်တမဲ့ပဲ"

လူရွယ်၏ အဖြေကြောင့် အဘိုးကြီး အနည်းငယ် စိတ်ပျ
သွားသည်။ သို့သော် သူ့တာဝန်ကိုတော့ ဆက်လက်ထမ်းဆော
လိုက်ပါသည်။

"ဘာများ သုံးဆောင်ချင်သလဲ မောင်ရင်လေး၊ အင်
ကြော်၊ ကုန်းဘောင်ကြီးကြော်၊ တောက်တောက်ကြော်၊ ဝက်
စပ်၊ ကြက်ချဉ်စပ်၊ စားချင်တာပြော၊ တစ်ချိန်တုန်းကတော
ဟော့ဒီတစ်မြို့နယ်လုံး ဦးတို့ဆိုင်က ထိပ်တန်းပေါ့၊ မရဘူးဆို
ဟင်း မရှိစေရဘူး၊ ချိုးတို့၊ ဗုန်းကိုက်တို့၊ ရေဘဲတို့ဆို ငှက်သမားေ
ဆီက ရအောင်မှာပြီး တကူးတက စီစဉ်ပေးတာ၊ ပြီးတော
သေးတယ် ....."

"အရက်တစ်ပိုင်းပေးပါ"

လူရွယ်က ရုတ်တရက် ဖြတ်ပြောလိုက်သဖြင့် အဘိုးကြ
စကားများ တစ်ပိုင်း တစ်စ ရပ်ဆိုင်းသွားရသည်။ အ





တစ်ပိုင်း ... တဲ့။ ဟုတ်တာပေါ့ ...။ ဝါကလဲ ဘာသောက်မလဲ
ဆိုတာမျိုးကစ မေးသင့်တာပေါ့။

"အရက်တစ်ပိုင်း၊ ဟုတ်ပြီ ... ဘယ်လိုအရက်မျိုး သောက်
မလဲ မောင်ရင်လေး၊ အရင်ကတော့ ... အဲ နိုင်ငံခြားအရက်တွေ
တော့ ခုမထားနိုင်တော့ဘူးပေါ့ကွယ်၊ ပြည်တွင်းဖြစ်အရက်တွေပဲ
ရှိတယ်၊ ရမ်တို့၊ ဂျင်တို့ ..."

"စျေးအပေါဆုံး အရက်ထဲက ပေးပါ"

ဒီတစ်ခါတော့ အဘိုးကြီး အနည်းငယ် စိတ်ပျက်စပြုလာ
၏။ သို့သော် စားသောက်ဆိုင်တို့၏ ထုံးစံအတိုင်း ဆက်မေးလိုက်
သည်။

"အမြည်းကော ဘာစားဦးမလဲ"

"အမြည်း"

လူရွယ်က ပဲ့တင်ထပ် ရေရွတ်ရင်း မျက်မှောင်တစ်ချက်
ကြုတ်လိုက်သည်။

"အမြည်းက ဘာအတွက်လဲ"

မြတ်စွာဘုရား ...။ အဘိုးကြီး တော်တော်စိတ်ညစ်သွား၏။
ဒီသူငယ် ရေချိန်ကိုက်လာတာ မဟုတ်ရင်တော့ ခပ်ကြောင်
ကြောင် လူစားမျိုးပဲ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး စကားကို ခပ်ထိန်းထိန်း ပြောလိုက်သည်။

"တချို့က အရက်သောက်ရင် အမြည်းစားတတ်ကြတယ်လေ၊ ဒါကြောင့်မေးတာပါ"

"ဪ … ဒီလိုလား၊ ဒါဆို ကျွန်တော့်အတွက် ရှောက်သီးလေးငါးစိတ်နဲ့ ဆားတစ်ပုံလောက် လုပ်ပေးပါ"

ဒီလောက်ဆိုလျှင် ရေခဲနဲ့ ဆော်ဒါယူဦးမလား ထပ်မေးစရာမလိုတော့မှန်း အဘိုးကြီး သဘောပေါက်လိုက်သည်။

ကိုယ့်စကားနှင့်ကိုယ် ဖြစ်နေသဖြင့် မီးဖိုထဲဝင်ပြီး ဆားနှင့်ရှောက်သီးစိတ် တစ်ပန်းကန် ပြုလုပ်ကာ အပေါ်စား အရက်တစ်ပိုင်း၊ ရေတစ်ချိုင့်၊ ဖန်ခွက်တစ်လုံးနှင့်အတူ စားပွဲထိုးလေးအား သွားချခိုင်းလိုက်သည်။

အရက်ရောက်လာသည်နှင့် လူရွယ်က ခပ်ညံ့ညံ့အရက်ကို ဖန်ခွက်ထဲသို့ တစ်ငုံစာ လောင်းထည့်ပြီး တစ်ကျိုက်တည်း မော့ချလိုက်၏။ ထို့နောက် ရှောက်သီးတစ်စိတ်ကို ဆားနှင့်တို့ပြီး ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

၄င်းအရက်သောက်ပုံကို အဘိုးကြီး စိတ်ဝင်တစား ငေးကြည့်နေစဉ်မှာပင် ဆိုင်ထဲသို့ ဒုတိယလူတစ်ယောက် ထပ်မံရောက်ရှိလာသည်။

✻ ✻ ✻



(၄)

ပထမ ဝင်လာသော လူရွယ်အား ဝရမ်းပြေးနှင့်တူသည်ဟု တင်စားမည်ဆိုပါက ဒုတိယလူကိုတော့ မင်းသားအဖြစ်သတ်မှတ်ရပါလိမ့်မည်။

၄င်းဝတ်စားထားသော အကျီနှင့် ဘောင်းဘီရှည်တို့မှာ ဘာအမျိုးအစားဖြစ်ကြောင်း အဘိုးကြီး မသိသော်လည်း အတော်တန်ဖိုးကြီးလိမ့်မည်ဖြစ်ပြီး ၄င်းနှင့် အချိုးအစားကျစွာ လိုက်ဖက်လွန်းလှပါသည်။ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် အလွန်ကြည့်ကောင်းလှသော ထိုအမျိုးသားသည် သားရေအစစ်ရှူးဖိနပ် (တန်ဖိုးနှင့် အမျိုးအစားကို မသိသော်လည်း သားရေအစစ်မှန်းကိုတော့ အဘိုးကြီး သိသည်။) စီးထားပြီး … လက်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



ကားသော့နှင့် အနက်ရောင် ရေဒီယိုသေးသေးလေးကို ကိုင်ထားလေသည်။ အနားရောက်၍ သေသေချာချာ ကြည့်လိုက်တော့ ရေဒီယိုနှင့် မတူသဖြင့် ဆယ်လူလာဖုန်း ဆိုတာ ဖြစ်မည်ဟု တွေးလိုက်မိသည်။

“ထိုင်ပါ မောင်ရင်၊ ဘာများသုံးဆောင်ချင်ပါသလဲ”

“ခုံတစ်ချက်သုတ်ပေးပါ”

စားပွဲထိုးလေးက အပြေးအလွှား ရောက်လာပြီး ခုံသုတ်ပေးတော့ ၄င်းက ကုလားထိုင်ကိုပါ လက်ညှိုးထိုးပြသဖြင့် ကုလားထိုင်ကို သုတ်ပေးလိုက်ရသည်။

“ကျေးရူးပဲ”

၄င်းက ကျေးရူးတင်စကားဆိုရင်း ခုံမှာ ဝင်ထိုင်လိုက်သည်။

ထို့နောက် အဘိုးကြီးကို တစ်ချက်ကြည့်ရင်း မေးသည်။

“ဘီယာရသလား”

“ရပါတယ် မောင်ရင်၊ ဘီယာမှ ရိုးရိုးဘီယာ မဟုတ်ဘူး၊ မိုးလင်းကတည်းက အေးနေအောင် ရေခဲစိမ်ထားတဲ့ဘီယာ၊ ခုလိုရာသီမျိုးနဲ့ဆို သိပ်လိုက်တာပေါ့”

“ဟုတ်ကဲ့၊ ရေခဲစိမ်ဘီယာ နှစ်ဘူးပေးပါ၊ ပြီးတော့ ...”





မင်းသား လူငယ်က ခေတ္တတုံ့ဆိုင်းသွားပြီးမှ ဆက်ပြောသည်။

“အမြည်းက ကြက်သားလုံးချိုချဉ်နဲ့ ကြက်အကြွပ်ကြော်ပေးပါ”

လူရွယ်၏ အမြည်းမှာကြားမှုက အဘိုးကြီးအား စိတ်ဓာတ်တက်ကြွသွားစေသည်။ ဒီလိုလူမျိုး နေ့တိုင်း လာစားရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

“နောက်ပြီး ငါးသုံးလုံး တစ်ဘူးပေးပါ”

“အဲ ... ငါးသုံးလုံးတော့ ဦးတို့ဆိုင်မှာ ကုန်နေတယ်ကွဲ့”

အမှန်တော့ အဘိုးကြီးဆိုင်၌ နိုင်ငံခြား စီးကရက်များ မတင်သည်မှာ အတော်ကြာပြီဖြစ်၏။

“ဝယ်ပေးလို့ ရမလား”

“ဟာ ..... သိပ်ရတာပေါ့၊ ဒီထိပ်နားက စတိုးဆိုင်မှာ ကောင်လေးကို ဝယ်ခိုင်းပေးမယ်”

“ဒါဆို ဝယ်ပေးပါ၊ စန္ဒီးတာဝါ နှစ်ခုလောက်ပါ ဝယ်ခိုင်းပေးပါ”



www.burmeseclassic.com

www.burmeseclassic.com



သားရေပိုက်ဆံအိတ်ထဲမှ ငါးရာတန် တစ်ရွက် ထုတ်ပေးသဖြင့် ကောင်လေးအား ငှင်းမှာကြားသည်များကို အမြန်ပြေးဝယ်ခိုင်းလိုက်ရ၏။ ထို့နောက် ရေခဲစိမ်ဘီယာကို သွားယူကာ ငှင်းရှေ့သို့ ချပေးပြီး အဘိုးကြီး မီးဖိုထဲသို့ဝင်လာကာ အလုပ်ရှုပ်သွားတော့သည်။

ကြက်သားလုံးချိုချဉ်နဲ့ ကြက်အကြွပ်ကြော် ... တဲ့။

မနက်က ကြက်သားနည်းနည်း ပိုဝယ်ထားမိလို့တော်ပါသေးရဲ့။

အဘိုးကြီး ငယ်မှုငယ်သွေးများ တက်ကြွစွာဖြင့် ဒယ်အိုးကို မီးဖိုပေါ်သို့ တင်လိုက်၏။ ထို့နောက် ဟင်းပွဲများ ကြော်လှော်ရန် စတင်လေတော့သည်။ ကြက်ကြော်မှာ ပြဿနာမရှိသော်လည်း ကြက်သားလုံး ချိုချဉ်မှာ မကြော်တာ ကြာသောကြောင့် ကြော်နည်း မေ့နေသဖြင့် အနည်းငယ် စဉ်းစားနေရသေးသည်။

သို့သော် ကံကောင်းထောက်မစွာပင် တစ်စုံတစ်ရာ အမှားအယွင်း မရှိဘဲ ဟင်းပွဲများကို အောင်မြင်စွာ ကြော်လှော်နိုင်ခဲ့ပါသည်။ စားပွဲထိုးလေးနှင့်အတူ ဟင်းပွဲများ သွားချပေးချိန်၌ ငှင်းက ငါးသုံးလုံးစီးကရက်ကိုဖွာရင်း ဘီယာဘူးကိုဖွင့်ကာ သောက်သုံးနေပြီဖြစ်၏။





"မြည်းကြည့်ပါဦး မောင်ရင်၊ ဘာလိုသေးလဲ၊ လိုတာရှိရင် ဘာမှအားမနာနဲ့၊ ပြန်သာပြင်ခိုင်း၊ စိတ်တိုင်းကျ ဖြစ်စေရမယ်"

"ဘာမှမလိုတော့ပါဘူး၊ ကျေးဇူးပါပဲ"

သူ အစွမ်းကုန် လက်စွမ်းပြထားသော ဟင်းပွဲများကို မြည်းပင်မကြည့်ဘဲ အေးဆေးစွာပြန်ပြောလိုက်သဖြင့် အဘိုးကြီး အနည်းငယ် အောင့်သက်သက် ဖြစ်သွား၏။

သို့သော် ဘာပဲဖြစ်ဖြစ် ဤနေ့သည် သူ့အတွက် ကံကောင်းတဲ့နေ့ပဲဟု တွေးရင်း အဘိုးကြီး ကျေနပ်နေမိသည်။

စားသောက်သူ တစ်ယောက်မှ မရှိဘဲ ခြောက်သွေ့နေတာ ထက်စာရင် ခုလို ဆိုင်ထဲမှာ လူနှစ်ယောက် ရှိနေတာဟာ ဆိုင်အတွက် ဘယ်လောက်ကျက်သရေရှိလိုက်သလဲ။

ထိုနေ့သည် ဆိုင်ရှင်အဘိုးကြီးအတွက် ကံကောင်းသောနေ့ ဖြစ်ကြောင်း သံသယဖြစ်စရာ မလိုပါ။ တအောင့်အကြာမှာပင် နောက်ထပ် တတိယတစ်ယောက် ဆိုင်ထဲသို့ ထပ်မံဝင်ရောက်လာသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၅)

တတိယမြောက် ဝင်ရောက်လာသူကတော့ အမျိုးသား မဟုတ်ဘဲ အမျိုးသမီးလေး ဖြစ်လေ့သည်။

အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်လျှင် အတွေ့အကြုံမရှိသဖြင့်ထိုအမျိုးသမီးလေး၏ အဆင့်အတန်းကို အဘိုးကြီး သေချာမခန့်မှန်းတတ်ပါ။ သို့သော် ခပ်နိမ့်နိမ့် အဆင့် အတန်းမျိုးထဲက မဟုတ်နိုင်တာတော့ အလွန်သေချာပါသည်။

အသက် နှစ်ဆယ့်ငါးနှစ်ခန့်သာ ရှိဦးမည်ဖြစ်သော၊ အသား ဖြူဖြူ၊ နှာတံစင်းစင်းနှင့် ကြွေရုပ်ကလေးတစ်ရုပ်လို အလွန် ကြည့်ကောင်းလှသော ထိုမိန်းကလေးသည် လမ်းမဘက်ကို ကောင်းစွာ လှမ်းမြင်နိုင်သည့် အပေါက်ဝနှင့် အနီးဆုံးခုံမှာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဖြစ်သဖြင့် ဘီယာတို့၊ အရက်တို့မှာလိမ့်မည်ဟု မမျှော်လင့်နိုင်ပါ။

"ဘာသုံးဆောင်မလဲ သမီး"

သူထင်သည့်အတိုင်း မိန်းကလေးက အလွန် တိုးညင်းသာယာသောအသံဖြင့် –

"အချိုရည်ပဲပေးပါ"

ဟု အဖြေပေးသည်။

"ဘာအချိုရည်လဲ သမီး၊ ခရက်ရှာ၊ ကွင့်ချ်၊ ပုလင်းထဲကပဲရမယ်၊ ဘူးနဲ့အချိုရည်မျိုးတော့ မရှိဘူး"

"ခရက်ရှာ"

စားပွဲထိုးလေးအား ခရက်ရှာတစ်လုံးဖောက်ကာ မိန်းကလေး စားပွဲသို့ သွားပို့ခိုင်းလိုက်၏။ မိန်းကလေးက အချိုရည်ကို တစ်ငုံမျှ ငုံပြီး လမ်းမဘက်သို့ ငေးမောနေလေသည်။

ကြွေရုပ်ကလေးတစ်ရုပ်လို ချစ်စရာကောင်းလှသော ဤမိန်းကလေးသည် အချိုရည်သောက်ချင်ရုံ သက်သက်ဖြင့်တော့ သူ့ဆိုင်ထဲသို့ ဝင်ရောက်လာလိမ့်မည် မဟုတ်ဟု အဘိုးကြီး တွေးလိုက်သည်။





ချိန်းဆိုထားသော တစ်စုံတစ်ယောက်ကို လာရောက်စောင့်ဆိုင်းခြင်း မဟုတ်ပါက အနည်းငယ် မှိုင်းညို့လာသော ကောင်းကင်နှင့် မိုးနံ့သင်းသော လေပြည်တို့ကြောင့် မရွာသေးသော မိုးကို ရှောင်ရှားရန် ဆိုင်တွင်းသို့ ဝင်ရောက်လာခြင်းသာ ဖြစ်ပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ယခုဆိုလျှင် သူ၏ဆိုင်ထဲ၌ စားသောက်သူ သုံးယောက် ရောက်ရှိနေကြပြီဖြစ်၏။ ထိုကိစ္စမှာ အဘိုးကြီး အတွက် အလွန်ကျေနပ်စရာကောင်းသော ကိစ္စဖြစ်သည်။

သို့သော် အနည်းငယ် ထူးဆန်းသည်မှာ သူ၏ဆိုင်အတွင်း သုံးယောက်စလုံး တစ်ယောက်မှ အသံမထွက်ဘဲ အံ့ဩဖွယ် ကောင်းစွာ အားလုံးတိတ်ဆိတ် ငြိမ်သက်နေကြခြင်းပဲဖြစ်သည်။

ပထမလူမှာ နောက်ဝင်လာသူများအား ကျောခိုင်းလျက် အနေအထားနှင့်ပင် ၎င်း၏ အပေါ်စားအရက်ကို အကောင်းစား ဒီကေပမာ သဘောထားလျက် တစိမ့်စိမ့်သောက်ရင်း တစ်ခုခုကို ခေါင်းစားတွေးတောနေသလိုမျိုး ငြိမ်သက်နေလေသည်။

ဒုတိယလူကတော့ တစ်ချက်တစ်ချက် ၎င်းနေရာမှ ခေါင်းတိုက်အနေအထားနှင့် လှမ်းမြင်နေရသော မိန်းကလေးအား ခက်ခက်သလို ငေးကြည့်တတ်သည်မှအပ ကျန်အချိန်များ၌



www.burmeseclassic.com

www.burmeseclassic.com



ပဆာမလူနှင့် သိပ်မထူးဘဲ စီးကရက်ဖွာလိုက်၊ ဘီယာမော့လိုက်နှင့်သာ တိတ်ဆိတ်နေ၏။

တတိယ မိန်းကလေးကတော့ အငြိမ်သက်ဆုံးပဲဖြစ်သည်။ အအေးပုလင်း ချပေးစဉ် တစ်ငုံ ငုံခဲ့သည်မှအပ ထိုနောက်ပိုင်း ငှင်းရှေ့မှ အအေးပုလင်းအား လုံးဝဂရုမစိုက်တော့သလို ပတ်ဝန်းကျင်ကိုလည်း ဥပေက္ခာပြုလျက် လမ်းမဘက်သို့ ငေးမော ငြိမ်သက်နေပုံမှာ အလှထားသည့် ယမင်းရုပ်ကလေးပမာ အလှူ အရှား ကင်းမဲ့လွန်းလှပါသည်။

တကယ်ဆို ဤမျှ တိတ်ဆိတ်ငြိမ်သက်နေကြဖို့ မင်ကောင်း ဟု အဘိုးကြီးတွေးနေမိသည်။ သူ၏ဆိုင်မှာ ဘုရားဝတ်ပြုကျောင်း တစ်ခု မဟုတ်သလို ကမ္မဋ္ဌာန်းရိပ်သာတစ်ခုလည်း မဟုတ်ပါ သာမန်စားသောက်ဆိုင်တစ်ခုသာ ဖြစ်သဖြင့် စကားသံတို့ဖြင့် အော်ဟစ်ဆူညံမနေသည့်တိုင်အောင် ဇွန်းသံ၊ ဖန်ခွက်သံ လောက်တော့ ထွက်ပေါ်နေသင့်ပါသည်။

ယခုတော့ သူ့ဆိုင်တွင်း ရောက်ရှိနေကြသူများမှာ စက်ရုပ် တွေများလားဟု သံသယဝင်ရလောက်အောင်ပင် တိတ်ဆိတ် ငြိမ်သက်လွန်းလှ၏။





ထိုတိတ်ဆိတ်နေမှုကို သဘောမကျစွာ အဘိုးကြီး ချောင်း တဟွတ်ဟွတ် ဆိုးလိုက်တော့ ဆိုင်ကလေးအတွင်း သူ၏ ချောင်းဆိုးသံသာ ဆူညံ ကျယ်လောင်စွာ ပဲ့တင် မြည်ဟိန်း သွားလေသည်။

သို့သော် သူ့အသံမှာ ငှင်းတို့အတွက် တစ်စုံတစ်ရာ အနှောင့် အယှက် မရှိသည့်ပမာ ဆက်လက်ငြိမ်သက်နေကြဆဲဖြစ်၏။

အဘိုးကြီးတစ်ယောက်တည်း မကျေမနပ်ဖြစ်စွာ ကောင်တာ ဘေးရှိ ပက်လက်ကုလားထိုင်၌ ဝင်ထိုင်လိုက်ပြီး တရားစာအုပ်ကို ကောက်ကိုင်လိုက်သည်။ သို့သော် မဖတ်ဖြစ်။ သူ ဖတ်ချင်သည် က စာအုပ်မဟုတ်။ တိတ်ဆိတ်နေကြသော လူသားသုံးယောက် ၏ စိတ်ကိုဖြစ်သည်။

အကယ်၍ သူသာ ဖတ်ခွင့်ရမည်ဆိုလျှင် ထိုသုံးယောက်၏ စိတ်အတွေးများကို အလွန်ပဲ ဖတ်ချင်နေပါသည်။

သူတို့ ဘာတွေ တွေးနေကြသလဲ။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

( စိတ်အတွေး တစ် )

"ဘဝဆိုတာ ကျောက်သင်ပုန်း တစ်ချပ်ပဲ။ မသေခင် တစ်လျှောက်လုံး အဲ့ဒီအပေါ်မှာ ၈၂လုံးတွေ တစ်လုံးပြီး တစ်လုံး ရေးထိုးခဲ့ကြပေမယ့် သေတော့လည်း အားလုံးကို ပြန်ဖျက်ထားခဲ့ရတာပဲ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဖန်ခွက်ထဲမှ အပေါ်စားအရက်တို့ကိုကြည့်ရင်း သူ မနာလို ဖြစ်နေမိသည်။ သူ့ဘဝကတော့ ဟောဒီအရက်တွေလောက်မှ ဖြူစင်ခဲ့ရဲ့လား။

(သူ သောက်သော အရက်တို့မှာ အဖြူရောင်ဖြစ်၏။)

အရက်သည် သောက်လျှင် မူးမည်ဟူသော တိကျသေချာသည့် ပြဋ္ဌာန်းချက်ရှိသော်လည်း သူ့ဘဝက ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိ။ သို့မဟုတ် မရှိသေး။

အကယ်၍ တစ်စုံတစ်ယောက်က သူ့အား ဘဝဆိုတာ ဘာလဲဟု မေးလာမည် ဆိုပါစို့။ ထိုအခါ စာရွက်အလွတ်တစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ သူ လက်ညှိုးထိုးပြလိုက်ပါမည်။ သူ့အတွက် ဘဝဟူသည် စာရွက်အလွတ်တစ်ရွက်ပင်ဖြစ်၏။ သို့မဟုတ် ...

အဓိပ္ပာယ် နားမလည်သည့် စကားလုံးများ စီတန်းပုံနှိပ်ထားသည့် ပုံနှိပ်စက္ကူတစ်ရွက်လည်း ဖြစ်နိုင်ပါသည်။

သေချာတာက ဘဝနှင့် ပတ်သက်၍ သူ ဘာမှ ရေရေရာရာ မပြောနိုင်ခြင်းဘဲဖြစ်သည်။ တစ်ချိန်တုန်းကတော့ ဘဝဆိုသည်ကို သိသလိုလိုထင်ခဲ့ဖူးသော်လည်း နောက်ပိုင်း ဘဝနှင့်ပတ်သက်၍ ဘာမှ နားမလည်သေးကြောင်း သူကိုယ်သူ ပြန်နားလည်လာရ၏။

မိတ်ဆွေတစ်ယောက်ကတော့ ပြောဖူး၏။

"လူတွေဟာ မွေးဖွားလာတယ်၊ အဲဒီတော့ အသက်ရှင်ရပ်တည်ဖို့အတွက် အစာစားကြတယ်၊ အစာစားနိုင်ဖို့ အလုပ်လုပ်ပြီး ငွေရှာတယ်၊ အဲဒီငွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ မိန်းမယူတယ်၊ နောက် ကလေးတွေမွေးတယ်၊ ဘဝဆိုတာ ဒါပါပဲဗျာ"

ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးရင်း ထိုမိတ်ဆွေက ကလေးတစ်ယောက်ကို ရှင်းပြသလိုမျိုး သူ့အား ရှင်းပြခဲ့ခြင်းဖြစ်သည်။

"ဒါဖြင့် ဘဝရဲ့ အဓိပ္ပာယ်နဲ့ အနှစ်သာရကရော၊ ဘာလဲ"





သူ့မေးခွန်းက ထိုမိတ်ဆွေ၏ မျက်နှာကို တအံ့တသြ မျက်ယွင်းသွားစေခဲ့သည်။ ထို့နောက် သူ့အား ခပ်ဆန်းဆန်းကြည့်၏။ ထိုအကြည့်၏ အဓိပ္ပာယ်ကို သူ ကောင်းစွာနားလည်ပါ၏။ သူ့အား ကြောင်နေပြီဟု ယူဆသော အကြည့်မျိုးဖြစ်သည်။

"ဘဝရဲ့ အဓိပ္ပာယ် ... ပြီးတော့ အနှစ်သာရ၊ ဟုတ်လား၊ ခက်ရန်ကော ကိုယ့်လူရယ်၊ စီးပွားရေး၊ လူမှုရေးတွေကြားထဲမှာ နစ်မြုပ်ပြီး လုပ်ရှားရုန်းကန်နေရတာဟာ ဘဝရဲ့ အဓိပ္ပာယ်ပေါ့ဗျ"

ထို့နောက် ၎င်းက ဘာကြောင့်မှန်းမသိဘဲ တဟားဟား ရယ်ပါသည်။ သူကလည်း ဘာကြောင့်မှန်းမသိဘဲ ထိုလူနားမှ ထွက်လာခဲ့၏။

ရထားလမ်းနံဘေး မြို့နယ်လေးတစ်မြို့မှ ဓကောင်မလေးတစ်ယောက်ကတော့ သူ့အား မှတ်ချက်ချခဲ့ဖူးသည်။

"အစ်ကိုက လူတစ်မျိုးပဲနော်" တဲ့။

"လူဆိုတာ စက်ရုံထုတ် ပုံစံတူပစ္စည်းတွေမှ မဟုတ်ဘဲ၊ တစ်ယောက်တစ်မျိုးစီပေါ့" ဟု သူ ပြောတော့ ကောင်မလေးက ရယ်ပါသည်။ သို့သော် ထိုမိန်းကလေးသည် သူ့အပေါ် အတော်အသင့် နားလည်နိုင်ခဲ့သည်ဟု သူ ထင်၏။

"ညီမတို့ဘဝက လက်လုပ်မှ ပါးစပ်လှုပ်ရတာ အစ်ကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားမှာ ဘဝနှင့် ပတ်သက်သော ၄င်း၏ ကြွေးကြော် စကားဖြစ်သည်။

ထိုသို့ မကြာခဏ ကြွေးကြော်လေ့ရှိသော မိန်းကလေးအား တစ်ခါက သူ မေးခဲ့ဖူးသည်။

"လူတွေဟာ အသက်ရှင်ဖို့ ထမင်းစားနေကြတာလား၊ ထမင်းစားဖို့ အသက်ရှင်နေတာလား"

သူ့မေးခွန်းအဆုံး ၄င်းက တောက်ပသော မျက်လုံးအစုံနှင့် သူ့အား စိုက်ကြည့်ရင်း ပြန်ပြောပါသည်။

"တခြားလူတွေတော့ မသိဘူး၊ အစ်ကိုကတော့ အသက်ရှင်ဖို့ ထမင်းစားရလိမ့်မယ်၊ လာ ... ဒီနေ့ ညီမ အဆင်ပြေလာတယ်၊ အစ်ကို့ကို ထမင်းလိုက်ကျွေးမယ်"

(ထိုစဉ်က တစ်ဝမ်းတစ်ခါးဟူသော ကိစ္စသည် သူ့အတွက် အတော်ခက်ခဲနေချိန်ဖြစ်၏။) သို့သော် ၄င်း၏ ကမ်းလှမ်းမှုကို "မဆာဘူး" ဟူသော အကြောင်းပြချက်နှင့် သူ ငြင်းဆန်ဖြစ်ခဲ့သည်ဟု ထင်သည်။ သိပ်တော့ မသေချာလှ။

သေချာသည်မှာ ယခုအချိန်လောက်ဆိုလျှင် မိုင် ရာပေါင်းများစွာ ဝေးကွာသော ထိုမြို့ငယ်လေးတွင် နေ့စဉ်မှန်မှန် ပါးစပ်





လှုပ်နိုင်ရေးအတွက် ၄င်း လှုပ်ရှား ရုန်းကန်နေပါလိမ့်မည်။ မိန်းကလေးက သူ့အား -

"မွေးဖွားခြင်းနဲ့ သေဆုံးခြင်းရဲ့ ကြားကာလဟာ ဘဝပဲ အစ်ကိုရဲ့"

ဟု ပြောခဲ့ဖူးသည်။

ထိုစကားကို သူ မငြင်းပါ။ လူသည် မွေးဖွားလာခြင်းဖြင့် ဘဝတစ်ခုကို ပိုင်ဆိုင်လာရ၏။ ထို့အတူ သူသည်လည်း မွေးဖွားလာခြင်းကြောင့် ဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့ရသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

သူ့ဘဝ၏ အစပိုင်း ကာလများသည် အလွန် ခမ်းနားခဲ့ပါသည်။

သူ့ကိုမွေးတော့ အကောင်းဆုံး ဆေးရုံ၏ ဈေးအကြီးဆုံးပိုက်ဆံခန်း၌ အတော်ဆုံး ဆရာဝန်များနှင့် မွေးဖွားခဲ့သည်ဟုဆိုသည်။

“အဲ့ဒီတုန်းက ရွှေတစ်ကျပ်သားမှ နှစ်ရာလောက်ရှိတာ၊ မင်းကိုမွေးတော့ ပထမဆုံး သားဦးလဲဖြစ်၊ ယောကျ်ားလေးလဲဖြစ်ပြန်ဆိုတော့ မင်းအဖေက ပျော်လွန်းလို့ဆိုပြီး သူ့သူငယ်ချင်းတွေကို ဟိုတယ်မှာ လိုက်ကျွေးတာ ငွေ နှစ်ထောင်ကျော်ကုန်တယ်”



www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုလက်ရ ရှိသောအခါများ၌ ထိုသို့ပင် အမေ သူ့အား ပြောပြတတ်သည်။ သူသည် ချမ်းသာသော မိဘနှစ်ပါး၏ တစ်ဦး တည်းသော သားအဖြစ် လောကထဲသို့ ခန့်ညား ထည်ဝါစွာ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ကျောင်းနေတော့ အကောင်းဆုံးကျောင်းမှာ တက်ခဲ့ရ၏။ ထို့ပြင် အကောင်းဆုံး ဆရာများအား ဈေးကြီးကြီး ပေးငှားကာ အိမ်မှာလည်း အချိန်ပို သင်ယူစေခဲ့သေးသည်။

"ငါ့သားရဲ့ဘဝဟာ အကောင်းဆုံး ဖြစ်စေရမယ်"

သူ့အဖေသည် ထိုသို့ပင် မကြာခဏ ကြွေးကြော်တတ်၏။ အဖေရော အမေပါ သူ့အား အကောင်းဆုံး ဖြစ်စေချင်သဖြင့် သူသည် အကောင်းဆုံးများကြား၌ မွန်းကျပ်စွာ ကြီးပြင်းလာခဲ့ရ သည်ဟုဆိုလျှင် မမှားပါ။

သူ မှတ်မိသေးသည်။ ကျောင်းတက်လျှင် အိမ်မှဝတ်ကောင်း စားလှများ တစ်နေ့တစ်မျိုး မရိုးရအောင် ဝတ်ဆင်ပေးတတ် သဖြင့် ကျောင်းရောက်သောအခါ အမြဲ အစခံရလေ့ရှိသည်။

"ဟေ့ ... ဒါ ကျောင်းနော်၊ မင်္ဂလာဆောင် မဟုတ်ဘူး"





သူ့အဝတ်အစားများက မင်္ဂလာဆောင်သွားသူတစ်ယောက် လို အမြဲတမ်း တောက်ပြောင်နေတတ်သည် မဟုတ်ပါလား။ ဘာပဲဖြစ်ဖြစ် သူဌေးသားဖြစ်ရခြင်းသည် ရွယ်တူကျောင်းသား များ၏ အထင်ကြီး အားကျမှုနှင့် ဆရာ၊ ဆရာမအချို့၏ အရေး ပေးမှုကို ခံရတာကတော့ အမှန်ပဲဖြစ်သည်။

အနည်းငယ် ထူးဆန်းသော သမိုင်းဆရာတစ်ယောက်က တော့ သူ့ကိုတွေ့တိုင်း ခပ်ဆန်းဆန်း မေးခွန်းတစ်ခုကို မကြာခဏ မေးတတ်၏။

"မင်း ကြီးလာရင် ဘာလုပ်မလဲ"

"မပြောတတ်ဘူး"

"အေး ... ကောင်းတယ်"

ထိုစဉ်က ဆရာ၏ မေးခွန်းကို သူ အမှန်တကယ်ပင် နားမလည်နိုင်ခဲ့ပါ။

တစ်ခါတစ်ရံ ဆရာ စိတ်လိုလက်ရ ရှိသောအခါများ သို့မဟုတ် အနည်းငယ် ရီဝေနေတတ်သောအခါများ (ဆရာသည် ၄င်း၏ ၄က်ဖူးရောဂါကြောင့် ကျောင်းပိတ်ရက်များ၌ ဆေးဖြစ် ဝါးဖြစ် အနည်းငယ် ရီဝေလေ့ရှိပြီး သူ့ကလည်း ရံဖန်ရံခါ ထိုသလို



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၏ ခပ်စုတ်စုတ် တဲအိမ်လေးသို့ အလည်ရောက်ရှိသွားတတ်သည်။)

ထိုအခါမျိုး၌ ဆရာက ၄င်း အလွန်နှစ်သက်သော ကွမ်းကို မပြတ်ဝါးရင်း သူ့အား ပြောတတ်ပါသည်။

"လူ့ဘဝဆိုတာ လှေလိုပဲကွ၊ လှေမှာ ပဲ့ထိန်းရှိဖို့လိုသလို ဘဝမှာလဲ ဦးတည်ချက်ရှိဖို့လိုတယ်၊ ဦးတည်ချက် မရှိလို့ကတော့ တဝဲလည်လည်နဲ့ ရေစုန်မျောပြီသာ မှတ်ပေတော့"

ထိုစဉ်က သူ့အသက်မှာဆယ့်လေးနှစ် ရှစ်တန်းကျောင်းသားအရွယ်ဖြစ်ပြီး ဆရာကတော့ သူ့ထက် ဆယ်နှစ်ကျော်ခန့်သာ ကြီးပါသည်။

ဘဝအား သူ့ထက် ဆယ်နှစ်ကျော်မျှ စောစီးစွာ လေ့လာခွင့်ရခဲ့သော ဆရာသည် ခပ်ဆန်းဆန်း အဘိတန်များကိုလည်း ဖွင့်ပြတတ်ပါသေးသည်။

"လောကကြီးမှာ ငွေဆိုတာ အဆိပ်တစ်မျိုးပဲကွ၊ လူတစ်ယောက်ကို တုံးခနဲ လဲသေသွားစေနိုင်တဲ့ အဆိပ်တွေထက် ပိုပြီးကြောက်စရာကောင်းတဲ့ အဆိပ်မျိုး၊ အဲဒါကို ငါ့တပည့် မြဲမြဲမှတ်ထား"

"ဟုတ်ကဲ့"





ခေါင်းညိတ် ကတိပေးလိုက်ရသော်လည်း ဆရာ့စကားကို သူ ဉာဏ်မမီပါ။

"ငွေပြီးရင် ဒုတိယ ကြောက်စရာကောင်းတာက မိန်းမနဲ့ အပျော်အပါးပဲ၊ ဒါပေမဲ့ သူတို့က ငွေရှိမှ ငွေအားကိုးနဲ့ ဒုက္ခပေးနိုင်တာ၊ အဓိကကတော့ ငွေပဲ၊ ငွေလောက် ကြောက်စရာကောင်းတဲ့ အဆိပ်မျိုး ဆရာ့တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးဘူး"

စကားဆုံးသည်နှင့် ဆရာက ကွမ်းတံတွေးကို ထွေးရင်း "ငှက်ဖျားက တက်လာပြန်ပြီကွာ" ဟု ညည်းညည်းညူညူ ရေရွတ်လေသည်။

ငွေသည် အဆိပ်ဖြစ်သည် ဟူသော ဆရာ့စကားသာ မှန်မည်ဆိုပါက သူ၏အမေသည် အဆိပ်များနှင့် ပျော်မွေ့နေသူသာ ဖြစ်ပါလိမ့်မည်။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

(၃)

သူ့မိဘများသည် မျိုးရိုးစဉ်ဆက် ချမ်းသာခဲ့ကြသူများဖြစ်ပြီး ယခုတိုင်လည်း ချမ်းသာနေကြဆဲဖြစ်သည်။ ဘိုးဘွားစဉ်ဆက် လုပ်ကိုင်လာခဲ့သော လုပ်ငန်းမှ ဝင်ငွေဖြင့် အဖေနှင့် အမေသည် လူချမ်းသာများအဖြစ် အေးအေးလူလူ ရပ်တည်နိုင်ခဲ့ကြ၏။

သူ မှတ်မိသလောက် အဖေနှင့် အမေ ပင်ပင်ပန်းပန်း လုပ်ရသော အလုပ်ဟူ၍ ၎င်းတို့၏ လုပ်ငန်းမှ ဝင်လာသော ငွေများကို ရေတွက်ရခြင်းသာဖြစ်သည်။

လူတော်တော်များများက သူ့မိဘများအား ကံကောင်းသူများအဖြစ် သတ်မှတ်ကြသော်လည်း အဖေကတော့ ထိုစကားကို သက်မခံပါ။ သူ့အား အဖေ ရှင်းပြဖူး၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ ကံဆိုတာ လူကလုပ်တာ၊ အလုပ်ကောင်းမှ ကံကောင်းတာ၊ ဒီမှာ ငါ့သား၊ မင်းအဘိုးအဘွားတွေ ကြိုးကြိုးစားစား ရှာဖွေခဲ့လို့ အဖေတို့ ချမ်းချမ်းသာသာနေရတယ်၊ ဒါပေမဲ့ အဖေတို့က အဲဒီချမ်းသာမှုကို ဆက်ပြီးတိုးပွားအောင်၊ တည်တံ့အောင် မလုပ်နိုင်ခဲ့ရင်၊ အဘိုးအဘွား တည်ထောင်ခဲ့တဲ့ လုပ်ငန်းကြီးကို နိုင်နိုင်နင်းနင်း မအုပ်ချုပ်နိုင်ခဲ့ရင် ခဏလေးနဲ့ မွဲသွားမှာပေါ့၊ ငါ့သားကို ခုလိုမျိုး မော်တော်ကားနဲ့ ကျောင်းပို့နိုင်ပါ့မလား၊ အဖေက အိမ်မှာ ဒူးနှံ့နေတယ်ဆိုပေမယ့် ခေါင်းထဲမှာ အလုပ်အတွက် အမြဲစဉ်းစားနေတာကွ၊ အပေါင်းအသင်းတွေနဲ့ ဟိုတယ်တက်တယ်ဆိုတာ အကြံကောင်း ဉာဏ်ကောင်းတွေရဖို့၊ အကွက်အကွင်းကောင်းတွေ တွေ့ဖို့ အချိန်နဲ့ငွေကို ရင်းနှီးမြှုပ်နှံနေတာ"

အဖေရှင်းပြတော့ ဟာကွက်ထောက်ကွက် မရှိလောက်အောင် မှန်ကန်နေပါသည်။ ဒီလိုဆိုတော့လည်း အဖေသည် သူ့အတွက် သူရဲကောင်းကြီးပမာ ဖြစ်နေပြန်၏။

"လောကကြီးမှာ ဘာမှ အလကားမရဘူးကွ၊ တစ်ခုခုလိုချင်ရင် တစ်ခုခုကို ပြန်ပြီးပေးရတာချည်းပဲ၊ ကိုယ်က နည်းနည်းပေးပြီး များများရတာနဲ့ များများပေးပြီး နည်းနည်းပြန်ရတာပဲကွာတယ်၊ ပေးတော့ ပေးရတာပဲ"





အဖေသည် ၎င်း၏ ဒဿနကို လက်တွေ့ပြသောအနေနှင့် ဓိန်ခေါ်မှုတစ်ခုကို ပြုလုပ်ပါသည်။

"မင်း ဒီနှစ် ရှစ်တန်းကို ဂုဏ်ထူးနဲ့အောင်အောင် ကြိုးစား၊ ဂုဏ်ထူးပါရင် အဖေ မင်းကို မော်တော်ဆိုင်ကယ်တစ်စီး ဝယ်ပေးမယ်၊ ဂုဏ်ထူးမပါရင် မင်း အခုစီးနေတဲ့ ပြိုင်စက်ဘီးကို ပြန်သိမ်းမယ်၊ ကဲ ... အဲဒီအလောင်းအစားကို ဘယ်လိုသဘောရသလဲ"

ထိုစဉ်က ရှစ်တန်း ကျောင်းသားကလေး တစ်ယောက်အတွက် မော်တော်ဆိုင်ကယ်တစ်စီး ပိုင်ဆိုင်ဖို့ ဆိုသည်မှာ အိပ်မက်ထဲမှာပင် အတော်ရင်ခုန်ဖို့ကောင်းသောကိစ္စဖြစ်၏။

"တကယ်လား အဖေ"

သူ မယုံမရဲ့ရွှင်မြူးစွာ မေးလိုက်တော့ အဖေက ပြုံးပြုံးကြီး ခေါင်းညိတ်လေသည်။

"ငါ့သားကို အဖေ ဘယ်တုန်းက ညာဖူးလို့လဲ၊ ဂုဏ်ထူးသာ ပါစေ၊ မင်း မော်တော်ဆိုင်ကယ်တစ်စီး ရစေရမယ်"

"အိုကေ"

သူ ဝမ်းသာစွာ အော်လိုက်တော့ ဘေးနားမှာ ထိုင်နေသော မေမေက အဖေ့ကို မျက်စောင်းထိုးကာ–



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကို ဖျက်ဆီးနေပြန်ပြီ"

ဟု လှမ်းပြောဏ်။

သို့သော် မကျေမနပ်ပုံစံမျိုးမဟုတ်ဘဲ ပြုံးပြုံးကြီးပြောခြင်းဖြစ်သည်။

စာမေးပွဲမှန်သမျှ အလွယ်တကူ အောင်မြင်လေ့ရှိသောသူ့အတွက် ထိုနှစ်စာမေးပွဲအား အောင်မြင်အောင် ဖြေဆိုရန်နှင့်ဂုဏ်ထူးပါရန်ကိစ္စမှာ သိပ်မခဲယဉ်းလှ။ သို့သော် စာမေးပွဲဖြေဆိုစဉ် ရက်များအတွင်းမှာတော့ သူ စိတ်လှုပ်ရှားနေဏ်။

ဖြေဆိုဖူးသမျှ စာမေးပွဲများထဲ၌ ထိုနှစ် စာမေးပွဲသည်သူ့အတွက် စိတ်လှုပ်ရှားစရာအကောင်းဆုံး စာမေးပွဲဖြစ်ခဲ့သော်လည်း အောင်စာရင်းထွက်သောအခါမှာတော့ ဂုဏ်ထူးနှစ်ဘာသာပါခဲ့ပါသည်။

"ကဲ … အဖေ့ကတိအတိုင်း မော်တော်ဆိုင်ကယ် ဝယ်ပေးပေတော့"

အောင်စာရင်းကြည့်ပြီး ပြန်လာချိန်၌ အဖေ့အား သူခပ်ကြွားကြွားလေး ပြောလိုက်သည်။

"ဝယ်ပေးစရာ မလိုပါဘူးကွာ"

"အဖေ ကတိဖျက်တော့မလို့လား"





သူ စိုးရိမ်တကြီးမေးတော့ အဖေ သူ့အား ပြုံးပြုံးကြီး ကြည့်ပြီး ထိုင်ရာမှ ထရပ်သည်။

"လာ … အဖေ့နောက်လိုက်ခဲ့"

ခြံထဲ၌ ကားဂိုဒေါင်နှစ်ခု ရှိသည့်အနက် အသုံးမပြုဘဲပိတ်ထားတာ ကြာပြီဖြစ်သော ဂိုဒေါင်တစ်လုံးဆီသို့ ခေါ်သွားပြီးဂိုဒေါင်တံခါးကို အဖေ ဖွင့်ပြသည်။

ဂိုဒေါင်ထဲ၌ သစ်လွင်တောက်ပသော မော်တော်ဆိုင်ကယ်တစ်စီးက အစွင့်သားရပ်လျက်။

"အဖေ … အဖေ ဘယ်တုန်းက ဝယ်ထားတာလဲဟင်"

အံ့သြဝမ်းသာစွာ သူ မေးတော့ အဖေ အေးဆေးစွာ အဖြေပေးသည်။

"သားနဲ့ အလောင်းအစားလုပ်ပြီး နောက်နေ့ပဲ ဝယ်ထားတာ …."

"ဟင် … ဒါဆို ကျွန်တော်ဂုဏ်ထူးပါမှာ အဖေသိတယ်ပေါ့"

"သိတာပေါ့ကွ၊ မင်းကို အိမ်မှာကျူရှင်ဆရာတွေနဲ့ အချိန်ပိုသင်ပေးနေတာပဲ၊ ပုံမှန်စာကျက်နေကျအတိုင်း ကျက်ရုံနဲ့ဂုဏ်ထူးထွက်နိုင်တာ မသိဘဲ နေမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ... ဒါဖြင့် ... အဖေက ကျွန်တော်နဲ့ ဘာဖြစ်လို့ အလောင်းအစားလုပ်ရတာလဲ"

နားလည်ရ ခက်ခဲသော အပြုံးတစ်ခုကို ပြုံးပြီး အဖေ ခပ်အေးအေး ပြန်ပြောသည်။

"အပေးအယူဆိုတဲ့သဘောကို ငါ့သား နားလည်အောင်လို့ပေါ့၊ သူများတကာတွေလို ပင်ပင်ပန်းပန်း နေ့မအိပ် ညမအိပ် မကြိုးစားရဘဲနဲ့ ဂုဏ်ထူးပါခဲ့လို့ မင်း မော်တော်ဆိုင်ကယ်တစ်စီး ရပြီမဟုတ်လား၊ ဒါဟာ နည်းနည်းလေး ပေးရပြီး အများကြီး ရလိုက်တဲ့သဘောပေါ့၊ ဒီလိုပဲ တစ်ခါတစ်ခါ အများကြီးပေးပြီးမှ နည်းနည်းလေးပဲ ပြန်ရတာမျိုးလဲ ရှိတတ်တယ်၊ ဒါပေမဲ့ အဲလိုကိစ္စမျိုးကိုတော့ မင်းဘဝမှာ သိပ်ကြုံရမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ အဖေ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ငါ့သားဖြစ်နေလို့ပေါ့ကွ"

အဖေ့အသံက ဂုဏ်ယူဝင့်ကြွားမှု၊ ယုံကြည်ခိုင်မာမှုအပြည့်နှင့် လေးနက်လွန်းလှပါသည်။ အဖေ့ယုံကြည်မှုတို့က သူ့ထံသို့ပင် ကူးစက်လာလျက် "ငါ့ဘဝမှာ အများကြီးပေးပြီးမှ နည်းနည်းလေး ပြန်ရမယ့်ကိစ္စမျိုး ဘယ်တော့မှ မကြုံစေရဘူး" ဟု သူ အခိုင်အမာ တွေးလိုက်မိကာသည်။





ထိုနှစ်က မော်တော်ဆိုင်ကယ်တစ်စီးကို သူရခဲ့သော်လည်း ထိုဆိုင်ကယ်အား စီးနင်းခွင့်ကိုတော့ သူ မရခဲ့ပါ။ အကြောင်းမှာ သူ ဆိုင်ကယ် မစီးတတ်သောကြောင့်ဖြစ်သလို အစီးသင်၍ မောင်းနှင်စီးနင်းနိုင်လောက်အောင်လည်း အသက်မပြည့်သေးဟု အဖေက မှတ်ချက်ချခဲ့ခြင်းကြောင့်ဖြစ်သည်။

"ဆိုင်ကယ်ပိုင်နေပြီပဲကွာ၊ အချိန်တန်တော့ စီးရမှာပေါ့"

တစ်ခုခုလိုချင်လျှင် တစ်ခုခုပေးရမည်ဟူသော ဒဿနအား ပို၍လေးနက်စေရန် အဖေ သူ့အား တမင် ပညာပြလိုက်ခြင်း ဖြစ်သည်။

သို့သော် ကိုးတန်းတက်သောအခါမှာတော့ အစီးအင်ပေးပြီး ခြံထဲ၌ ပတ်စီးခွင့်ပြုခဲ့ပါသည်။ လိုင်စင်မရှိသေးသဖြင့် လမ်းပေါ် ထွက်စီးခွင့်ကိုတော့ အဖေ လုံးဝမပေးခဲ့ပါ။ သူက မကျေမနပ်ဖြင့် စောဒကတက်ကြည့်သည်။

"ကျွန်တော် ..... ကျွမ်းကျွမ်းကျင်ကျင် စီးတတ်နေပြီပဲ အဖေရာ"

"ဒါပေမဲ့ မင်းမှာ လိုင်စင်မရှိသေးဘူးလေ"

"ဒါဖြင့် လိုင်စင်ရှိတဲ့အချိန်အထိ စောင့်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်ဆောင့်ဆောင့် ရေရွတ်တော့ အဖေ ဟက်ဟက်ပက်ပက် ရယ်လေသည်။

"အချိန်ဆိုတာ စောင့်ရမယ့်အရာ မဟုတ်ပါဘူးကွာ"

ထို့နောက် အရယ်ရပ်၍ ခပ်ဆန်းဆန်း စကားကို အဖေ ဆိုသည်။

"အချိန်ဆိုတာမျိုးက ကိုယ့်ရှေ့က ဖြတ်သန်းသွားတာမျိုးကွ၊ မှတ်တိုင်ရှေ့မှာ ဖြတ်မောင်းသွားကြတဲ့ ဘတ်စ်ကားတွေလိုပဲ၊ ကိုယ်နဲ့ သင့်တော်တဲ့အချိန် ဘတ်စ်ကားကိုတွေ့ရင် အမြန်ဆုံး တက်စီးလိုက်၊ အဲလိုမှ မစီးရင် အဲဒီဘတ်စ်ကားက နောက် ကိုယ့်ရှေ့မှာ ဘယ်တော့မှ လာမရပ်တော့ဘူးမှတ်၊ လူ့ဘဝဆိုတာ ဘတ်စ်ကားတွေ တစ်စီးပြီးတစ်စီး ပြောင်းစီးနေရသလိုပဲ၊ တစ်စီး စီးလိုက်၊ ကိုယ်သွားချင်တဲ့ မှတ်တိုင်ရောက်ရင် ဆင်းပြီး နောက် တစ်စီး ပြောင်းစီးလိုက်၊ ဒါပဲကွ၊ အေး ... ဘတ်စ်ကား အစီးများလို့ ကတော့ ကိုယ်သွားချင်တဲ့ ခရီးက တခြား၊ ကိုယ်ရောက်သွား တာက တခြား ဖြစ်သွားလိမ့်မယ်"

ထိုသို့ ခပ်ဆန်းဆန်း စကားမျိုးကို ပြောတတ်သော အဖေ သည် .....





"လောကကြီးမှာ အကောင်းဆုံးဆိုတဲ့ အရာတွေကို ယူနိုင် အောင် ကြိုးစားရမယ်ကွ"

ဟူ၍လည်း မကြာခဏ အားပေး တိုက်တွန်းတတ်ပါသေး သည်။ အကောင်းဆုံးဆိုသော အရာများကို ရယူနိုင်ဖို့ အကောင်း ဆုံး ဟူသည်ကို ပိုင်းခြားသိမြင်နိုင်ရန် လိုအပ်ပါလိမ့်မည်။ သူက သို့ဆို့ပြောတော့ အဖေက .....

"အကောင်းဆုံးဆိုတာ ဘာနဲ့မှ နှိုင်းယှဉ်လို့ မရတဲ့ အရာ ပေါ့ကွ"

ဟု ဆိုသည်။

"ဟောဒီ အဖေသောက်တဲ့ ဆေးတံဟာ ကမ္ဘာမှာ အကောင်းဆုံးတံဆိပ်လို့ လူတိုင်းက လက်ခံထားကြတယ်၊ ဘကယ်လို့ ဒီဆေးတံလိုပဲ အလားတူကောင်းတဲ့ နောက်ဆေးတံ ဘစ်မျိုး ပေါ်လာရင် ဒီဆေးတံဟာ အကောင်းဆုံး မဖြစ်နိုင်တော့ ဘူး၊ ဖြစ်ချင်ဖြစ် အကောင်းဆုံးဆေးတံ အမျိုးအစား နှစ်မျိုးထဲက ဘစ်မျိုးပဲဖြစ်လိမ့်မယ်၊ အဖေဆိုလိုတဲ့ အကောင်းဆုံးဆိုတာမျိုးက အဲဒီလို တခြားတစ်ခုခုနဲ့ နှိုင်းယှဉ်လို့ မရနိုင်တာမျိုးကို ဆိုလိုတာ၊ ◌င်းဘဝမှာ အကောင်းဆုံးဆိုတာ ဘာလဲသိအောင် ကြိုးစား ပြီးတော့ အဲဒီအကောင်းဆုံးဆိုတာကို ရအောင်ယူ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ပြောတဲ့ အကောင်းဆုံးတွေထဲမှာ ငွေကောပါသလား"

သူ ခပ်တည်တည် မေးလိုက်တော့ အဖေကလည်း ခပ်တည်တည်ပင် ခေါင်းညိတ်ပါသည်။

"သိပ်ပါတာပေါ့ကွာ၊ ငွေဟာ အကောင်းဆုံး မဟုတ်ပါဘူးလို့ စောဒကတက်ချင် တက်နိုင်တယ်၊ ဒါပေမဲ့ အကောင်းဆုံးဆိုတာတွေဖြစ်အောင် တစ်ဖက်တစ်လမ်းကနေ ငွေနဲ့ ဖန်တီးပေးနိုင်တယ်၊ If you're going to be unhappy, Money is easier to be unhappy in comfort ! ဆိုတာ မင်း မကြားဖူးဘူးလား၊ စိတ်ညစ်ပြီး မပျော်ရွှင်တော့ဘူး ဆိုရင်တောင် ပိုက်ဆံရှိရင် သက်သောင့်သက်သာနဲ့ စိတ်ညစ်နိုင်တယ်၊ ဟောဒီ အကောင်းဆုံး ဆိုတဲ့ ဆေးတံကို အဖေ အလကားရခဲ့တယ်များ မင်းထင်သလား၊ ငွေနဲ့ပေးပြီး ဝယ်ခဲ့ရတာ၊ အေး ... အရာအားလုံးကိုတော့ ငွေနဲ့ဝယ်လို့ မရဘူးပေါ့ကွာ၊ ဒါပေမဲ့ တော်တော်များများကိုတော့ ငွေနဲ့ဝယ်လို့ ရပါတယ်"

ထို့နောက် အဖေ စကားကိုရပ်ပြီး ၎င်း၏ အကောင်းဆုံးဟူသော ဆေးတံကြီးကို မီးညှိကာ အငွေ့တထောင်းထောင်းထအောင် ဖွာရှိုက်လေသည်။

✤ ✤ ✤



(၄)

အရာအားလုံးကို ငွေနှင့်ဝယ်ယူမရနိုင်ကြောင်းကိုတော့ သူ ခပ်ငယ်ငယ် အရွယ်ကပင် သဘောပေါက်ခဲ့သည်။

သူသည် တစ်ဦးတည်းသောသား ဖြစ်သောကြောင့် ညီအစ်ကို မောင်နှမများနှင့် သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် နေရသည့် ဘဝမျိုးကို အလွန်ငတ်မွတ် တောင့်တခဲ့၏။ သို့သော် သူ တောင့်တသော ဘဝမျိုးအား ငွေနှင့်ဝယ်ယူ၍ မရခဲ့။

အမေ၏ ကျန်းမာရေး အခြေအနေအရ သူ့ကို မွေးဖွားပြီး နောက်ပိုင်း သားသမီး ထပ်ယူရန် ဘယ်လိုမှ မဖြစ်နိုင်တော့မှု သိခဲ့ရ၏။ ထို့ကြောင့် ငွေကြေးချမ်းသာသည့် တစ်ဦးတည်းသော



www.burmeseclassic.com

www.burmeseclassic.com



သူ့ရွှေးသားလေးမှာ ညီအစ်ကို မောင်နှမတို့၏ မေတ္တာကို တော်မွတ်စွာ ကြီးပြင်းလာခဲ့ရသည်ဟုဆိုလျှင် မမှားပါ။

သို့သော် ကံကောင်းထောက်မစွာ အမေ့မောင် သူ့ဦးလေးများ၏ သားသမီး သူ၏ ဝမ်းကွဲညီအစ်ကိုမောင်နှမများနှင့် သူ၏ မွတ်သိပ်မှုကို ဖြေဖျောက်နိုင်ခဲ့သည်။

တကယ်တော့ အမေ့မောင် သူ၏ ဦးလေးသည် အလုပ်ကို လက်ကြောတင်းအောင် လုပ်သူမဟုတ်။ ဘဝ၏ အချိန်အတော်များများကို လောင်းကစားခြင်းနှင့်သာ မွေ့ပျော်နေတတ်ပြီး တစ်နယ်တစ်ကျေး၌ အိမ်ထောင်ကျနေခဲ့သူဖြစ်သည်။

သူ ငါးတန်းရောက်တော့မှ ဦးလေး၏ သားသမီးများနှင့် သူနှင့် အဖော်ရ‌စေ‌ရန်ဟူသော အကြောင်းပြချက်ဖြင့် အမေက ဦးလေးတို့မိသားစုအား ပြန်ခေါ်ထားခဲ့ခြင်းဖြစ်သည်။ သို့သော် သူတို့၏ ခြံကျယ်ကျယ်ကြီးထဲသို့ ခေါ်ထားခြင်းမဟုတ်ဘဲ အနီးအနား၌ အိမ်တစ်လုံး ငှားပေးပြီး လစဉ် ထောက်ပံ့ကြေးပေးကာ နေထိုင်စေခဲ့ခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် (အရင်းအချာ မဟုတ်သည့်တိုင်) သူ အလွန် တော်မွတ်နေသော ညီအစ်ကို မောင်နှမ ဆက်ဆံရေးကို ရရှိခဲ့





သဖြင့် အမေ့အစီအစဉ်နှင့် ပတ်သက်၍ သူ အလွန်ဝမ်းသာခဲ့ရပါသည်။

ညနေတိုင်းပြီဆိုလျှင် ယခင်ကလို ကစားဖော် လိုက်ရှာနေစရာ မလိုတော့ဘဲ ဦးလေးတို့အိမ်သို့သွားကာ သူ၏ ဝမ်းကွဲမောင်နှမများနှင့် ပျော်ရွှင်စွာ ကစားခွင့်ရခဲ့ခြင်းမှာ သူ့အတွက် ကံကောင်းသော ဆုလာဘ်တစ်မျိုးပင်ဖြစ်သည်။

ဦးလေးကတော့ အဖေ၏လုပ်ငန်းကို ကူညီလုပ်ကိုင်ပေးတတ်ပြီး တစ်ခါတစ်ရံတော့လည်း ကစားဝိုင်း တစ်ဝိုင်းဝိုင်းသို့ ရောက်ရှိနေတတ်သည်။

"ဦးလေး ... ဘာဖြစ်လို့ လောင်းကစားလုပ်နေရတာလဲ ဟင် ...."

တစ်ခါတလေ ကလေးပီပီ သိလိုစိတ် ပြင်းပြစွာမေးတော့ ဦးလေးက သူ့အား ပြုံးပြုံးကြီး ပြန်မေးပါသည်။

"ငါ လောင်းကစား လုပ်တယ်လို့ ငါ့တူကို ဘယ်သူက ပြောသလဲ"

"အဖေနဲ့အမေက ပြောတာ"

ဦးလေး အတန်ကြာ ငြိမ်သက်သွားပြီးနောက် တွေတွေဝေဝေး ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ ဦးလေးတစ်ယောက်တည်း လောင်းကစားလုပ်နေတာ မဟုတ်ပါဘူးကွာ၊ လူတိုင်းလိုလို နေ့စဉ်နဲ့အမျှ အနည်းနဲ့အများတော့ လောင်းကစားနေကြတာချည်းပါပဲ၊ ဘာ့ဖြစ်လို့လဲဆိုတော့ ဘဝဆိုတာကြီးကိုက သိပ်ကို အလျော်အစား ကြီးမားတဲ့ လောင်းကစားဝိုင်းကြီး ဖြစ်နေလို့ပဲ၊ တချို့က ကိုယ့်ကိုယ်ကို လောင်းကစားသမားပါလို့ ရဲရဲဝံ့ဝံ့ ခံယူတယ်၊ တချို့ကတော့ မခံယူကြဘဲ ကျိတ်ပြီးလောင်းကစားကြတယ်၊ ဒါပါပဲကွာ၊ မင်းလဲ တစ်ချိန်ကျရင် သိလာမှာပါ"

တစ်ချိန်ကျရင် သိလာမှာပါဟု ဆိုသော်လည်း သူမသိခဲ့ပါ။ သူသိသည်က သူ့အပေါ် ဦးလေး ဂရုတစိုက်ရှိခြင်းပင်ဖြစ်သည်။ သူ အရွယ်ရောက်လာလေ ဦးလေးက သူ့အပေါ် အလွန်ဂရုစိုက်လာလေဖြစ်၏။ သို့သော် ဦးလေးနှင့် ဆန့်ကျင်စွာ ပြောင်းလဲသွားကြသည်ကတော့ သူ၏ ဝမ်းကွဲမောင်နှမများပဲဖြစ်သည်။

ယခင်က သူ့အပေါ် မောင်နှမ အရင်းအချာတစ်ယောက်ပမာ ဆက်ဆံခဲ့ကြသော်လည်း အရွယ်ရလာသည်နှင့်အမျှ ဘာကြောင့်မှန်း မသိဘဲ ခပ်စိမ်းစိမ်းဖြစ်လာကြသည်။ ယခင်ကလို ညနေဘက် ကစားရန် ရောက်သွားသည့်အခါများ၌ ....





"ဒီနေ့ အိမ်စာလုပ်ရဦးမယ်ဟ၊ စာတွေက တဖြည်းဖြည်းခက်လာပြီ၊ နောက်မှ ကစားကြတာပေါ့"

ဟူသော အကြောင်းပြချက်မျိုးနှင့် ငြင်းဆန်တတ်လာကြ၏။

သူ ရှစ်တန်းအောင်၍ အဖေ့ထံမှ မော်တော်ဆိုင်ကယ်တစ်စီး လက်ဆောင်ရပြီးချိန်၌ သူ၏ ဝမ်းကွဲအစ်မက သူ့အား မေးမြန်းခဲ့သည်။

"နင့်အဖေက နင့်ကို ဆိုင်ကယ်တစ်စီး ဝယ်ပေးတယ်ဆို"

"ဟုတ်တယ်၊ ရှစ်တန်းမှာ ဂုဏ်ထူးပါလို့ ဝယ်ပေးတာ" ၄

သူ့စကားအဆုံး ၄င်းက ခပ်ငိုင်ငိုင် ငြိမ်သက်သွားပြီးမှ ....

"အေးလေ ... နင်က ဂုဏ်ထူးပါမှာပေါ့"

ဟု ရေရွတ်ရင်း တစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်းသွား၏။ အတော်ကြာမှ တစ်ဝက်တစ်ပျက် စကားကို ဆက်သည်။

၄င်းဆက်ပြောမည့် စကားက "နင်က စာတော်တာကိုး" ဆိုတာမျိုး၊ ဒါမှမဟုတ်လည်း "ဟကြိုးစားတာကိုး" ဆိုတာမျိုး ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားသော်လည်း တကယ့်တကယ်တွင် သို့သို့မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့က ချမ်းသာတာကိုး" တဲ့။

ငှင်း၏စကားက သူ့အား အောင့်သက်သက် ဖြစ်သွားစေခဲ့သလို တအံ့တဩလည်း ဖြစ်သွားစေခဲ့ပါသည်။ တစ်ပြိုင်နက်တည်းမှာပင် သူ့အပေါ် ခပ်စိမ်းစိမ်း ဆက်ဆံလာကြခြင်း၏ အကြောင်းရင်းကို အနည်းငယ် ရိပ်မိသလို ရှိလာ၏။

သို့သော် သူက ထုံအစွာပင် စောဒက တက်ဖြစ်အောင် တက်လိုက်ပါသေးသည်။

"ချမ်းသာတာနဲ့ ဘာဆိုင်လို့လဲ အစ်မရဲ့"

"ဆိုင်တာပေါ့ဟ၊ ချမ်းသာတော့ ကျူရှင်ဆရာတွေကို အိမ်ခေါ်ပြီး ဘာသာစုံ သင်နိုင်တယ်လေ၊ အဲဒီတော့ နင်မှ ဂုဏ်ထူးမထွက်ရင် ဘယ်သူ ဂုဏ်ထူးထွက်မလဲ"

သူ စိတ်ပျက်စွာ ခေါင်းတစ်ချက် ခါယမ်းရင်း ....

"ကျွန်တော်ကိုယ်တိုင်က ဂုဏ်ထူးထွက်ချင်လို့ ကြိုးစားတာလဲ ပါပါတယ် အစ်မရာ"

"အေးလေ ... ငါတို့လဲ ဂုဏ်ထူးထွက်ချင်လွန်းလို့ ကြိုးစားခဲ့ကြတာပဲ၊ ဒါပေမဲ့ တစ်ခါမှ ဂုဏ်ထူးမပါခဲ့ပါဘူး"





ငှင်း၏အသံက တစ်ခုခုကို စိတ်ပျက်နေသည့် အသံလား၊ တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်နေသည့် အသံလား။ သူ ဝေခွဲ၍မရ။

ရင်ထဲမှာတော့ "အစ်မ တကယ် မကြိုးစားလို့ ဂုဏ်ထူးမထွက်တာဖြစ်မှာပါ" ဟု ပြောလိုက်ချင်သော်လည်း မပြောဖြစ်ခဲ့။ ထိုင်ရာမှ ထရပ်၍ –

"ကျွန်တော် ပြန်ဦးမယ်"

ဟု ပြောလိုက်သည်။

"နင် ထမင်းစားမသွားတော့ဘူးလား"

ဦးလေး၏ မိန်းမက ဟင်းချက်ကောင်းသဖြင့် ငှင်းတို့အိမ်ကို ရောက်တိုင်း တစ်ခါတစ်ရံ သူ ထမင်းစားပြီး အေးအေးဆေးဆေးမှ ပြန်လေ့ရှိသဖြင့် ငှင်းက မေးလိုက်ခြင်းဖြစ်သည်။ သူ ခေါင်းယမ်းလျက် ....

"ဟင့်အင်း ... အိမ်ကျမှ စားတော့မယ်"

"အေးလေ ... အဲဒါပဲ ကောင်းပါတယ်၊ ဒီနေ့ ငါတို့အိမ်မှာ ဟင်းမကောင်းဘူးဟ၊ ပြီးတော့ ..., ဆန်ကလဲကြမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဧတာနာစကားဟု ယူဆရန်ရှိသော်လည်း ထိုသို့မဟုတ်မှန်း မရိပ်မိနိုင်လောက်အောင် သူ မည်ပုံဖျင်းသေးပါ။

ခပ်ငေါ့ငေါ့ ပြောလာသော သူ့အစ်မဝမ်းကွဲ၏ စကားကို ခပ်ပြုံးပြုံး တုံ့ပြန်ပြီး သူ အသာလှည့်ထွက်လာခဲ့သည်။

✲ ✲ ✲



(၅)

အိမ်ရောက်တော့ သူ့အပေါ် သဘောထား ပြောင်းနေကြသော ဝမ်းကွဲမောင်နှမများ အကြောင်း အမေ့ကို သူ ပြောပြဖြစ်၏။

သူပြောသမျှကို အမေက စိတ်ရှည်လက်ရှည် နားထောင်ပြီး နည်းစွာပြုံးလျက် ရိုးရိုးလေး ပြန်ပြောပါသည်။

"လောကကြီးမှာ ဘယ်သူ့ကိုမှ ဘယ်လိုအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် သံသယ မဝင်မိစေနဲ့ ငါ့သား၊ ပြီးတော့ ဘယ်တော့မှ မယုံသင်္ကာမဖြစ်နဲ့"

အမေ့စကားက သူ့အတွက် ထူးဆန်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အမေ"

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က လူတစ်ယောက်ကို တစ်ခုခု မယုံသင်္ကာဖြစ်မိပြီဆိုရင် ကိုယ်မသင်္ကာတဲ့အကိုင်း အဲဒီလူက ကိုယ့်အပေါ် တကယ်ပြုမူလာတတ်လို့ပဲ"

"ဒါဖြင့် လူတွေကို ယုံရမယ်ပေါ့"

သူ တအံ့တဩမေးတော့ အမေ ခေါင်းညိတ်သည်။

"ဟုတ်တယ် သား၊ လူတိုင်းကို ယုံရမယ်၊ ပြီးတော့ မေတ္တာထားရမယ်၊ အဲဒီအတွက် ဘယ်တော့မှ မမှားဘူး၊ တကယ်လို့ မှားတယ်ဆိုရင်တောင် လူတွေကို ယုံမိလို့ မှားတဲ့ အမှားဟာ လူတွေကို သံသယဖြစ်မိလို့ မှားတဲ့အမှားလောက် မများဘူး"

အမေသည် မေတ္တာဝါဒီတစ်ယောက်ဖြစ်သလို လူတိုင်းကို ယုံကြည်တတ်သူလည်း ဖြစ်သည်။ မေတ္တာဆိုတာ မှန်လိုပဲ ရောင်ပြန်ဟပ်တယ်ဟူသော စကားမှာ အမေ၏ လက်သုံးစကား ဖြစ်လေသည်။

အမေ၏ အဆုံးအမကြောင့် ဝမ်းကွဲမောင်နှမများအား မေတ္တာမပျက်ဘဲ သူ ဆက်လက်ဆက်ဆံနိုင်ခဲ့သလို အကောင်းဆုံးကို ရအောင်ယူရမယ်ဟူသော အဖေ့စကားကြောင့်လည်း တိုနှစ်





တန်းစာမေးပွဲကို အကောင်းဆုံးဖြေဆို၍ ထူးချွန်စွာအောင်မြင်ခဲ့ပါသည်။

(ဂုဏ်ထူးတွေ တသီးတခြားကြီး ပါသည့်အတွက် အဖေနှင့် အမေက ဂုဏ်ယူပြီး ဝမ်းကွဲမောင်နှမများကတော့ နှာခေါင်းရှုံ့ကြလေသည်။)

သူ့မိဘများ၏ ဂုဏ်ပြုခြင်းအတွက် အထူးတလည် ဝမ်းသာခြင်း မဖြစ်မိသလို ဝမ်းကွဲမောင်နှမများကြောင့်လည်း စိတ်အနှောင့်အယှက် ဝမ်းပန်းတနည်း မဖြစ်ခဲ့။

သူသည် သူ့မိဘများ၏ အဆုံးအမများ၊ အတွေးအခေါ် အယူအဆများအကြား ကောင်းစွာအနည်ထိုင် အသားကျနေခဲ့ပြီဖြစ်၏။

ဒီလိုနှင့်ပင် ...

တစ်ဦးတည်းသောသား လူချမ်းသာကလေးမှာ လက်ဖက်ရည်ဆိုင် ထိုင်ရင်း ... ဂစ်တာတီးရင်း ... ဝတ္ထုစာအုပ်များကို ငှားခွဲသလို တစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုရင်း ...။

ဆယ်တန်းကျောင်းသား လူပျိုဖားဖားကြီး တစ်ယောက် အဖြစ်သို့ ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီနှစ်ဆယ်တန်းကို နှစ်ချင်းပေါက် အောင်အောင် ကြိုးစား၊ ဆယ်တန်းအောင်ရင် မင်းကို မော်တော်ကားတစ်စီး ဝယ်ပေးမယ်၊ ဟောဒီတစ်မြို့လုံးမှာ မင်းကားက အကောင်းဆုံး ကားတစ်စီး ဖြစ်စေရမယ်"

ထုံးစံအတိုင်း အကောင်းဆုံးဖြစ်စေချင်သော အဖေသည် သူ့အား အကောင်းဆုံး မက်လုံးတစ်ခုကို မတောင်းဆိုပါဘဲနှင့် ရဲရဲကြီး ပေးလာခဲ့သည်။

တကယ်တော့ မြို့တော်ကြီးတစ်ခု မဟုတ်သော သူတို့မြို့၌ ကားစီးနိုင်သူဦးရေမှာ လူနည်းစုမျှသာဖြစ်ပြီး အဖေ့ကတိအတိုင်း ဆိုပါက သိပ်မကြာခင် ထိုလူနည်းစုထဲ၌ သူ ပါဝင်ရတော့မည် ဖြစ်သည်။

သို့သော် သူ ခေါင်းယမ်းလိုက်၏။

"ကားဝယ်ပေးစရာ မလိုပါဘူး အဖေရာ"

"ဟာ ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဆယ်တန်းအောင်ရင် ကျွန်တော်က မန္တလေးမှာ ကျောင်းသွားတက်ရမှာလေ၊ အဲဒီတော့ အဖေ့ကားကြီးကို ကျွန်တော်က ဘာလုပ်ရမှာလဲ"





"ဘာလုပ်ရမှာလဲဆိုတော့ မန္တလေးမှာ ကျောင်းတက်ရင်း စီးဖို့ပေါ့ကွ၊ မင်း အဲဒီမှာ ကျောင်းတက်ရင် နေဖို့အတွက်ပါ ငါစီစဉ်ထားပြီးပြီ"

အဖေသည် အမြော်အမြင်ကြီးသူတစ်ယောက် ဖြစ်သလို အကောင်းဆုံး မက်လုံးများကို ဖန်တီးတတ်သူလည်း ဖြစ်သည်။ အမေကတော့ အဖေ့လိုမဟုတ်။ ထူးဆန်းသော မက်လုံးများကို ပေးတတ်၏။

ဆယ်တန်းအောင်လျှင် ကားဝယ်ပေးမည်ဟူသော အဖေ့စကားနှင့် ကွဲပြားခြားနားစွာ ခပ်ဆန်းဆန်း ကတိတစ်ခုကို အမေ ပေးပါသည်။

"ငါ့သား ဆယ်တန်းအောင်ရင် အမေ မင်းကို သက်နံ့စည်း ပေးမယ်"

ဘယ်လောက်များ အံ့ဩစရာ ကောင်းလိုက်ပါသလဲ။

ဆယ်တန်းအောင်ရင် ဘုန်းကြီးဝတ်ပေးမတဲ့။

ဘယ်မိဘကမှ စဉ်းစားလိမ့်မည် မဟုတ်သော စာမေးပွဲ အောင်မြင်မှုအတွက် လက်ဆောင်ဖြစ်သည်။ အမေ့စကားအား သူ ရှင်မြူးစွာ ရယ်မောတုံ့ပြန်လိုက်တော့ အမေက စိတ်ဆိုးဟန် ဖြင့် မျက်စောင်းခဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရယ်စရာ မဟုတ်ဘူး၊ သက်န်းစည်းတယ်၊ ဒုလ္လဘ ရဟန်းခံတယ် ဆိုတာ လူတိုင်း လုပ်ခွင့်ရတာ မဟုတ်ဘူး အင်မတန် ကံကောင်းမှ ရနိုင်တဲ့ အခွင့်အရေး ...."

"ဟုတ်ပါပြီ၊ ကျွန်တော်က အမေပေးမယ့် အခွင့်အရေးကို သဘောကျလို့ ပျော်ပြီး ရယ်မိတာပါ၊ အမေပေးမယ့် ဆုလာဘ်ကို ကျွန်တော် ရအောင်ယူမှာပါ"

ဒီတော့မှ ခပ်တင်းတင်း ဖြစ်နေသော အမေ့မျက်နှာက ကြည်လင်လာပြီး ကျေနပ်သွားလေသည်။

✿ ✿ ✿

သို့သော် သူ အမှန်တကယ် ဆယ်တန်းအောင်ချိန်မှာတော့ အဖေ ဝယ်ပေးမည်ဟူသော ကားကို သူ မရခဲ့သလို သက်န်းစည်း ပေးမည်ဆိုသည့် အမေပေးမည့် အခွင့်အရေးကိုလည်း သူ မခံစား ခဲ့ရပါ။

အကြောင်းကတော့ ဆယ်တန်းစာမေးပွဲ နောက်ဆုံးနေ့မှာပင် အဖေရော၊ အမေပါ ရုတ်တရက် ကွယ်လွန်သွားခဲ့ကြခြင်း ကြောင့်ဖြစ်သည်။





ညှိခံပွဲတစ်ခုမှ ပြန်လာသော အဖေနှင့် အမေ စီးနင်း လိုက်ပါလာသည့် ကားကို 'အဝေးပြေး ကုန်တင်ကားတစ်စီးက အရှိန်ပြင်းစွာ မျက်နှာချင်းဆိုင် ဝင်တိုက်လိုက်ခြင်းဖြင့် သူသည် တစ်ဦးတည်းသောသား အဖြစ်မှ (လောကအလယ်၌) တစ်ဦး တည်းသော လူသားအဖြစ်သို့ ပြောင်းလဲရောက်ရှိခဲ့ရလေသည်။'

လောကကြီး၌ အကောင်းဆုံး နေနိုင်အောင် ကြိုးစားရမယ် ဟု မကြာခဏ ကြွေးကြော်ခဲ့သော အဖေနှင့် လူတိုင်းကို ယုံကြည် တတ်သော အမေတို့၏ သေဆုံးခြင်းသည် အကောင်းဆုံး သေဆုံး ခြင်း ဟုတ်ရဲ့လားဟု ယခုတိုင် သူ သံသယဖြစ်နေမိဆဲဖြစ်သည်။

သို့သော် .... ကားတိုက်မှုဖြစ်စဉ် အဖေ မောင်းခဲ့သော ကားကတော့ အကောင်းဆုံးကားတစ်စီးဖြစ်ခဲ့တာ အလွန်သေချာ ပါသည်။ ထို့အတူ အဖေနှင့် အမေ၏ အသုဘသည်လည်း အကောင်းဆုံးနှင့် လူအစည်ကားဆုံး အသုဘတစ်ခု ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## (၆)

"မင်းအဖေက သိပ်အကောင်းကြိုက်တာကွ"

"ကျွန်တော်သိပါတယ်"

"မင်းဘဝကို အကောင်းဆုံး ဖြစ်စေရမယ်လို့ ခဏခဏ ပြောဖူးတယ်"

"ဟုတ်ကဲ့"

"ပြီးတော့ သူ့လုပ်ငန်းကြီးကိုလဲ အကောင်းဆုံးဖြစ်အောင် ဆက်ပြီး လည်စေချင် ပတ်စေချင်မှာပဲ"

"ကျွန်တော် နားလည်ပါတယ်"

"ဒါနဲ့ ... ခု ငါ့တူ ဘာဆက်လုပ်မယ်လို့ စဉ်းစားထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ကျောင်းဖွင့်ရင် ကျွန်တော် တက္ကသိုလ်ဆက်တက်မှာပေါ့”

“မဟုတ်ဘူးလေကွာ၊ ဦးလေးက မင်းအဖေရဲ့ လုပ်ငန်းနဲ့ ပတ်သက်ပြီးမေးတာ”

“ကျွန်တော် မပြောတတ်ဘူး”

“ဒါဖြင့်လဲ ငါ့တူ ကျောင်းမပြီးခင်စပ်ကြား လုပ်ငန်းနဲ့ ပတ်သက်ပြီး ဦးလေး တာဝန်ယူပေးထားမယ်”

“ဟုတ်ကဲ့”

သူ့မိဘများ ကွယ်လွန်ပြီး သူနှင့် ဦးလေးတို့ အပြန်အလှန် ပြောဖြစ်ခဲ့ကြသော စကားလုံးများ ဖြစ်သည်။ သူ ဘွဲ့မရခင် ကြားကာလ၌ အဖေ ချန်ထားရစ်ခဲ့သော လုပ်ငန်းကြီးကို သူ့ ကိုယ်စား အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ပေးထားပါမည်ဟု ကတိပေးခဲ့သော ဦးလေးသည် ...။

အကောင်းဆုံး အကြံဉာဏ်တစ်ခုကိုလည်း တင်ပြလာခဲ့ပါ သေးသည်။ တခြားမဟုတ်။ ကြီးမားကျယ်ဝန်းလှသော တိုက်ကြီး ပေါ်၌ သူတစ်ယောက်တည်း မနေသင့် ဟူ၍ဖြစ်သည်။

“ကျွန်တော် တစ်ယောက်တည်းနေတာ မဟုတ်ပါဘူး အိမ်ဖော်ဒေါ်ကြီးတွေ ရှိသားပဲ”





“အိမ်ဖော်ဆိုတာက ကိုယ့်ဆွေမျိုးလောက်တော့ ဘယ်ဂရု စိုက်နိုင်ပါ့မလဲ ငါ့တူရဲ့၊ ဒီလိုလုပ် ... မင်းနဲ့အတူ ဦးလေးတို့ လာနေ ပေးမယ်၊ ငါ့တူအဖော်ရအောင်ပေါ့”

ရိုးသားစွာ ဝန်ခံရလျှင် အဖေနှင့်အမေ ဆုံးခါစ ဖြစ်သဖြင့် တိုက်ကြီးပေါ်၌ တစ်ခါတစ်ရံ သူတစ်ယောက်တည်း အားငယ်နေ တတ်သည်။ ထို့ကြောင့် ဦးလေး၏ အကြံဉာဏ်ကို ခေါင်းညိတ် ဖြစ်ခဲ့၏။ ထို့ပြင် ...။

တစ်အိမ်တည်း အတူတူနေခြင်းဖြင့် မောင်နှမဝမ်းကွဲများ ၏ မေတ္တာကို ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်မိသောကြောင့်လည်း ဖြစ်သည်။ သို့သော် တကယ့်တကယ်မှာတော့ သူ ထင်သလို မဖြစ်ခဲ့။

✲ ✲ ✲

“ဟေ့ကောင် ... ငါ့ကို မော်တော်ဆိုင်ကယ်သော့ ခဏပေး စမ်းပါ”

ဦးလေးတို့ မိသားစု ပြောင်းရွှေ့လာပြီး နောက်တစ်နေ့မှာ ပင် သူ့ထက် အသက်နှစ်နှစ်ကျော် ကြီးသော အစ်ကိုဝမ်းကွဲက သူ့ထံမှ ဆိုင်ကယ်သော့ကို တောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘာလုပ်မလို့လဲ"

"စီးမလို့ပေါ့ကွ"

တကယ်တော့ ငှင်း ဆိုင်ကယ်မစီးတတ်မှန်း သူ အသိဆုံး ဖြစ်သည်။ အဖေ အမှတ်တရ ဝယ်ပေးထားသော ဆိုင်ကယ်ဖြစ်သဖြင့် အခြားလူကို ပေးမစီးစေချင်သော်လည်း ငှင်းက တခြားလူ မဟုတ်။ သူ၏အစ်ကို တစ်ဝမ်းကွဲဖြစ်၏။

ထို့အပြင် သူကိုယ်တိုင်က ငှင်းတို့နှင့် သင့်မြတ်ချစ်ခင်စွာ နေချင်နေသူ ဖြစ်သဖြင့် ဆိုင်ကယ်သော့ကို ထုတ်ပေးလိုက်ပါသည်။

တအောင့်အကြာ ဆိုင်ကယ်သံ တဖုံးဖုံး၊ ဆိုင်ကယ်လဲသံ တဝုန်းဝုန်း သုံးလေးကြိမ်ခန့် ထွက်ပေါ်လာပြီးနောက် အစ်ကို ဝမ်းကွဲ သူ့ထံသို့ ပြန်ရောက်လာ၏။ ဆိုင်ကယ်စီးရန် စိတ်လျှော့လိုက်ပြီဟု သူ ထင်လိုက်သော်လည်း သူ ထင်သလို မဟုတ်ပါ။

"ဟေ့ကောင် … ငါ့ကို ဆိုင်ကယ်စီး သင်ပေးစမ်းကွာ"

ဤသို့ဖြင့် သူ၏အစ်ကို တစ်ဝမ်းကွဲအား ဆိုင်ကယ်စီး သင်ပေးခဲ့ရပြီး ကျွမ်းကျွမ်းကျင်ကျင် စီးတတ်သွားချိန်မှာတော့ နေ့ရောညပါ သူ၏ဆိုင်ကယ်ကို ယူသုံးလေတော့သည်။

သူ၏ ဝမ်းကွဲအစ်မများကတော့ ဆိုင်ကယ်မစီးကြပါ။





သို့သော် တိပ်ရီကော်ဒါကို နားမခံနိုင်လောက်အောင် အသံကျယ်ကြီးနှင့် တစ်နေ့လုံး ဖွင့်တတ်ကြပြီး တယ်လီဖုန်းကိုလည်း မနားတမ်း အသုံးပြုတတ်ကြသည်။ တစ်ခါတစ်ရံ သူ့အမေ၏ အမြတ်တနိုးပစ္စည်းဖြစ်သော စန္ဒရားကို အဖုံးဖွင့်၍ ကြွက်လျှောက်သော အသံမျိုးကိုလည်း ထူးထူးဆန်းဆန်း ပြုလုပ်တတ်ကြပါသေးသည်။

ကြာတော့ အိမ်ရှင်ဖြစ်သော သူသည် ဧည့်သည်နေရာသို့ ပြောင်းလဲရောက်ရှိသွားပြီး ဧည့်သည်ဖြစ်သော ငှင်းတို့က အိမ်ရှင်နေရာကို လွှဲပြောင်းသိမ်းယူလိုက်ကြလေသည်။

ရောက်ခါစက သူ စားချင်သောဟင်းကို ဒေါ်လေးက တကူးတက ချက်ပြုတ်ကျွေးတတ်သော်လည်း နောက်ပိုင်းတော့ ငှင်းသားသမီးများ ကြိုက်တတ်သော ဟင်းကိုသာ ချက်သဖြင့် ငှင်းတို့အကြိုက် သူ လိုက်စားခဲ့ရ၏။

တစ်ခါတစ်ရံ တစ်နေ့လုံး အခန်းအောင်းပြီး စာဖတ်နေတတ်သည့်အခါမျိုး၌ သူ့ကိုပင် ထမင်းစားလာမခေါ်ကြတော့ဘဲ ငှင်းတို့ဘာသာ မိသားစု ထမင်းစားပွဲကြီး ဝိုင်းပျော်ရွှင်စွာ ကျင်းပလိုက်ကြသဖြင့် ငှင်းတို့မစားချင်၍ ကျန်နေသည့် ဟင်းမျိုးနှင့်သာ ထမင်းစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်ကောင်းသည်ဟု (သူထင်သော) ဦးလေးကလည်း လုပ်ငန်းကို အကြောင်းပြုလျက် ကစားဝိုင်းသို့သာ နေ့စဉ် ရောက်နေတတ်၏။

တဖြည်းဖြည်းနှင့် သူသည် စကားနည်းလာကာ အခန်းပို အောင်းလာပြီး စာပိုဖတ်လာသည်။

ယခင်က အလွန်ပျော်စရာကောင်းသော သူ၏အိမ်ကြီးသည် စိတ်ညစ်စရာကောင်းသော တစ်ပါးသူ၏ အိမ်အဖြစ်သို့ ပြောင်းလဲလာသည့်အခါ ဆယ်တန်းအောင်စာရင်း မြန်မြန်ထွက်ပြီး အမြန်ဆုံး တက္ကသိုလ်တက်နိုင်ရေးကိုသာ ပြင်းပြစွာ စိတ်စောမျှော်လင့်နေမိတော့သည်။

နောက်ဆုံးတော့ ... ။

သူ၏အဖေ ပြောခဲ့သလိုပင် အချိန်ကို ကိုယ်က စောင့်စရာ မလို။ အချိန်က ကိုယ့်ဆီကို ရောက်လာလိမ့်မည် ဟူသည့်စကားအတိုင်း ရွှေမြို့တော်ကြီးဆီသို့ တက္ကသိုလ်ပညာ သွားရောက်ဆည်းပူးရမည့်အချိန်က မင်္ဂလာရှိစွာ ရောက်ရှိလာခဲ့ပါသည်။

“စာတော့ မှန်မှန်ရေးကွာ”

“ကျောင်းပိတ်ရက်တွေကျရင် အလည်ပြန်လာဦးနော်”





သူ သွားခါနီး၌ ဦးလေးနှင့် ၎င်း၏ မိသားစုဝင် အားလုံးက စိတ်မကောင်းသော မျက်နှာကိုယ်စီနှင့် ဝမ်းပန်းတနည်း ဟန်ဆောင်ကြပါသည်။

သူ့ကိုယ်တိုင်ကတော့ ဟန်ဆောင်စရာ မလိုဘဲ အမှန်တကယ် ဝမ်းနည်းမိ၏။ သူ့မိဘများ၏ အိမ်ကြီးနှင့် လုပ်ငန်းကို ၎င်းတို့လက်ထဲသို့ ဝကွက်အပ်ခဲ့ရခြင်းကြောင့်ဖြစ်သည်။

ဤသို့ဖြင့် တစ်ဦးတည်းသောသား၊ သူဌေးသားလေးမှာ ဇာတိမြို့ကို စွန့်ခွာ၍ မန္တလေး ရွှေမြို့တော်ကြီးဆီသို့ ရောက်ရှိလာခဲ့ရလေသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

(၇)

"လောကကြီးမှာ အရေးကြီးဆုံးက ဆင်ခြင်တုံတရားပဲဗျ၊ လူကလွဲပြီး ဘယ်တိရစ္ဆာန်မှာမှ ဆင်ခြင်တုံတရား မရှိဘူး၊ ဒါကြောင့်လဲ ဆင်ခြင်တုံတရားရှိတဲ့ လူတွေက တိရစ္ဆာန်တွေဆက် ပိုပြီး သာလွန်ကောင်းမွန်တဲ့ ဘဝကို တည်ဆောက်နိုင်ကြတာပေါ့"

ရေနွေးကြမ်းကိုငုံ့ရင်း ဆေးပြင်းလိပ်က သူ့အား လှမ်းပြောလေသည်။

နှင်းငွေ့ပါးပါး လွှမ်းခြုံနေသော ညနေခင်းတစ်ခု၌ သူနှင့်ဆေးပြင်းလိပ်တို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ထိုင်နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းခုပြင်ဘက် လမ်းပေါ်မှာတော့ သူတွေက ဆင်ခြင်တံ တရားနှင့် လမ်းလျှောက်နေကြပြီး ကားပေါ်ကတော့ ဆင်ခြင်တံ တရားရှိသော လူတွေ၏ ထိန်းချုပ်မောင်းနှင်မှုဖြင့် ပြေးလွှားနေ ကြသည်။

"လောကကြီး သာသာလုပနေတာ ဆင်ခြင်တုံတရားရဲ့ အဆုံးအဖြတ်ကြောင့်ပဲ ရဲဘော်ကြီးရ"

"ခင်ဗျား ခုပြောနေတာ ဟေဂယ်ရဲ့စကား မဟုတ်လား ဆေးပြင်းလိပ်၊ ဟေဂယ်က အရာရာဟာ ဆင်ခြင်တုံတရားရဲ့ အဆုံးအဖြတ်ကို ခံယူကြရတယ်လို့ ပြောဖူးတယ်"

သူ့မေးခွန်းကြောင့် ဆေးပြင်းလိပ်က ရှက်ရယ် ရယ်ရင်း ခေါင်းညိတ်ဝန်ခံပါသည်။

မီးသေနေသော ဆေးပြင်းလိပ်ကို ပါးစောင်၌ အမြဲခဲထား တတ်သဖြင့် သူက ဆေးပြင်းလိပ်ဟုခေါ်သော ငှင်းနှင့် ဆေးပြင်း လိပ်က ရဲဘော်ကြီးဟုခေါ်သော သူတို့နှစ်ယောက် ... လမ်းဘေး စာအုပ်ဆိုင်တစ်ဆိုင်၌ .... Carson Mc Cullers ၏ "Clock Without Hands" ဟုသောစာအုပ်တစ်အုပ်ကို လုဝယ်ကြရင်း စတင် ဆုံစည်းခဲ့ကြခြင်း ဖြစ်သည်။



တစ်အုပ်တည်းသော စာအုပ်ကို နှစ်ယောက်စလုံး အကြိုက် ကျနေခဲ့ကြသော်လည်း သူက စတင်အလျှော့ပေးခဲ့ပါသည်။

"ခင်ဗျားပဲ ယူလိုက်ပါ၊ ကျွန်တော်က အဲဒီစာအုပ်ကို ဖတ်ပြီး ပါပြီ"

သူ့စကားကြားတော့ ဆေးပြင်းလိပ်က သူ့မျက်နှာကို တအံ့ တဩ စိုက်ကြည့်ပြီးနောက် တဟားဟား ရယ်မောလျက် သူ့ပခုံး ကိုပုတ်ရင်း ပြန်ပြောသည်။

"ကျွန်တော်က သုံးခေါက်တောင် ရှိပြီဗျ၊ ပျောက်သွားလို့ ပြန်ပြီးဝယ်သိမ်းထားချင်လို့၊ Terence Greer ရဲ့မျက်နှာဖုံးပန်းချီ ကို သဘောကျတာလဲ ပါတာပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ် ရဲဘော်ကြီးကို ကျေးဇူးတင်တဲ့အနေနဲ့ လက်ဖက်ရည် လိုက်တိုက်ပါရစေ"

လက်ဖက်ရည်ဆိုင် ရောက်တော့ ဆေးပြင်းလိပ်က .... လောလောလတ်လတ် ဝယ်ယူလာသော စာအုပ်ကို တယုတယ ငုံ့ကြည့်ရင်း ....

"The Member of the Wedding ကို ဖတ်ပြီးကတည်းက ဒီအမျိုးသမီးရဲ့ စာအုပ်တွေကို ကျွန်တော်သဘောကျနေခဲ့တာ၊ ခင်ဗျား ကျွန်တော့်ကို ဦးစားပေးလိုက်တဲ့အတွက် ကျေးဇူးပဲဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ဒီနားကအဆောင်မှာနေတယ်၊ ညနေတိုင်း ဒီလက်ဖက်ရည်ဆိုင်မှာ ထိုင်တယ်၊ ကြုံရင် ဝင်လာခဲ့ဗျာ၊ လက်ဖက်ရည်သောက်ရင်း စကားလေးဘာလေး ပြောကြတာပေါ့"

ဤသို့ဖြင့် ဆေးပြင်းလိပ်နှင့် သူ မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။

တစ်ခါတစ်ရံ သူက ဆေးပြင်းလိပ်အဆောင်သို့ ရောက်သွားပြီး တစ်ခါတစ်ရံတော့ ဆေးပြင်းလိပ်က သူ နေထိုင်ရာအခန်းသို့ ရောက်ရှိ လာတတ်သည်။ သူ့အခန်းသို့ ပထမဆုံးအကြိမ် ဆေးပြင်းလိပ် အလည်ရောက်လာစဉ် အခန်းကို ဝေ့ဝဲအကဲခတ်ရင်း ....

"အခန်းနဲ့ နေနိုင်တယ်ဆိုတော့ ခင်ဗျားအခြေအနေက ဘာယ်ဆိုးလို့လဲ"

ဟု မှတ်ချက်ချခဲ့၏။

တကယ်တော့ ကိုယ်ပိုင်အခန်းနှင့် သူ နေထိုင်ခြင်းမှာ အဖေ၏ အမြော်အမြင်ကြီးမှုကြောင့်ဖြစ်သည်။

သူ ဆယ်တန်းတက်စမှာပင် နောင်တစ်ချိန် မန္တလေး၌ ကျောင်းတက်လျှင် နေနိုင်အောင်ဟု ဆိုကာ အခန်းတစ်ခန်း ဝယ်ပေးခဲ့ပြီး ဘဏ်၌လည်း ငွေအလုံအလောက် ထည့်ပေးထားခဲ့သည်။

ဉာဏ်ဝင်းခါဝေ



သူ တက္ကသိုလ်တက်တော့ အဖေ တင်ကြိုဝယ်ယူပေးထားသော အခန်းကို အသုံးပြုခဲ့သော်လည်း ဘဏ်မှငွေတို့ကိုတော့ ထုတ်ယူသုံးစွဲခြင်း မပြုခဲ့။ ဦးလေးက လစဉ် ကျောင်းစရိတ် အလုံအလောက် ပို့ပေးခဲ့ခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် ... ကျောင်းတက်လိုက်၊ ကျောင်းအားချိန်များ၌ စာဖတ်လိုက်နှင့် ... သူ့ဘဝကို လွတ်လပ်စွာ စီးမျောနိုင်ခဲ့သည်။

သို့သော် သူ ဒုတိယနှစ်အ ရောက်မှာတော့ သူ့ထံသို့ လစဉ်ပို့နေကျငွေတို့မှာ တဖြည်းဖြည်း လျော့နည်းလာကြောင်း သူ သတိထားမိလာသည်။ အစက ဦးလေး တင်ပို့သော ငွေတို့မှာ သူ့ကျောင်းစရိတ်အပြင် စားဝတ်နေရေးအတွက်ပါ ကောင်းစွာ လုံလောက်သော်လည်း နောက်ပိုင်း ကျောင်းစရိတ်အတွက်ပင် အနိုင်နိုင်ဖြစ်လာ၏။

နောက်ဆုံး ငွေအစား သူ့ဦးလေးသာ သတင်းဆိုးတချို့ကို သယ်ပိုက်လျက် သူ့ထံသို့ ရောက်ရှိလာလေသည်။

"စိတ်မကောင်းတော့ မဖြစ်နဲ့ကွာ၊ လုပ်ငန်းက အရှုံးပေါ်နေပြီ၊ နောက်ထပ် ငွေထပ်မထည့်ရင် လုပ်ငန်းကြီးတစ်ခုလုံးကို ရပ်ပစ်လိုက်ရမယ့် အခြေအနေ ရောက်နေပြီ"

ဉာဏ်ဝင်းခါဝေ

www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘ အစဉ်အဆက် ချမ်းချမ်းသာသာ နေနိုင်အောင် ဝင်ငွေရှာပေးခဲ့သော လုပ်ငန်းမှာ အရှုံးနှင့် ရင်ဆိုင်နေရပြီဆို သဖြင့် သူ တအံ့တဩနှင့် မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိသည်။ သို့သော် သူ့ဦးလေးကိုတော့ သူ အနည်းငယ်မှ သံသယ မဖြစ်မိပါ။

"ဒါဖြင့် ဘာဆက်လုပ်ရင်ကောင်းမလဲ ဦးလေး"

ဦးလေးက သက်ပြင်းတစ်ချက်ကို ချရင်း "ခြံနဲ့ အိမ်ကို ရောင်းပြီး လုပ်ငန်းထဲ ငွေထပ်ထည့်ရမှာပေါ့" ဟု ဆိုသည်။ သူ မွေးကတည်းက နေထိုင်လာခဲ့သော ခြံနဲ့ အိမ်ကို မရောင်းချင်ပါ။ သို့သော် လက်ရှိအခြေအနေက သူ့အား ခေါင်းယမ်းငြင်းဆန်နိုင်လောက်အောင် အခွင့်အရေးမပေး။

"ဒါဆိုလဲ ဦးလေးပဲ ကောင်းမယ် ထင်သလို ကြည့် စီမံလိုက်ပါ"

ထို့နောက်ပိုင်း သူ့ထံသို့ ပေးပို့သော ကျောင်းစရိတ်မှာ ယခင်ကလို ပြန်လည်တိုးတက်လာခဲ့သော်လည်း လုပ်ငန်းအခြေအနေကတော့ ထူးထူးခြားခြား တိုးတက်ကောင်းမွန်မလာပါ။

တစ်နှစ်ခန့် အကြာမှာတော့ လုပ်ငန်းကြီးအား ဖျက်သိမ်းလိုက်ရပြီ ဖြစ်ကြောင်း၊ သို့သော် ... သူ ကျောင်းပြီးသည်အထိ



ကျောင်းစရိတ်ကို ဆက်လက် ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဦးလေးထံမှ စာရောက်လာ၏။

ထိုစာကြောင့် သူ စိတ်မကောင်းဖြစ်ခဲ့ရသော်လည်း ဦးလေးကိုတော့ အနည်းငယ်မှမယုံသင်္ကာမဖြစ်မိ။ သို့သော် ... တစ်ရက် သူတို့မြို့မှ လူတစ်ယောက်နှင့် အမှတ်မထင် ဆုံတွေ့သောအခါမှ အကြောင်းစုံကို သူ သိခဲ့ရသည်။

လုပ်ငန်းအရှုံးပေါ် ရပ်ဆိုင်းသွားရခြင်းမှာ လုပ်ငန်းမှငွေများအား သူ့ဦးလေး လောင်းကစားပစ်လိုက်ခြင်းကြောင့်ဖြစ်ပြီး .... လုပ်ငန်းထဲသို့ ထည့်မည်ဟူသော ခြံနဲ့အိမ် ရောင်းရငွေမှာလည်း ဦးလေးတို့ မိသားစုပိုင် အိမ်သစ်တစ်လုံးနှင့် ဦးလေးမိန်းမအတွက် စိန်နားကပ်များအဖြစ် ပြောင်းလဲသွားကြောင်း ဝမ်းနည်းစွာ သိခဲ့ရ၏။

"လူတိုင်းကိုယုံပါ၊ ဘယ်သူ့ကိုမှ မသင်္ကာမဖြစ်နဲ့၊ ကိုယ်က လူတွေအပေါ်ကောင်းရင် လူတွေကလဲ ကိုယ့်အပေါ် ပြန်ကောင်းလိမ့်မယ်"... ဟူသော အမေ့စကားအတိုင်း ဦးလေးအပေါ် သူ အကြွင်းမဲ့ ယုံကြည်ခဲ့သည်။

သို့သော် သူ လက်ခံသော အမေ၏ ဒဿနနှင့် သူ ယုံကြည်ခဲ့သော ဦးလေးက သူ့အပေါ် လှည့်ဖြားသွားသောအခါ လောကကြီး၌ ဘာကိုယုံကြည်ရမှန်းမသိတော့။ ဆေးပြင်းလိပ်ကတော့-

www.burmeseclassic.com

www.burmeseclassic.com



"အမှန်တရားကို ယုံပေါ့ဗျာ"

ဟု ရိုးရိုးလေး ပြောပါသည်။

ထိုနောက်ပိုင်း အတွေးအခေါ်စာအုပ်များ၊ ဒဿနကျမ်းများကို သူ ဝါးစားသလို ဖတ်လေတော့သည်။ လောကကြီး၌ ယုံကြည်လက်ခံနိုင်လောက်စရာ ဒဿနတစ်ခုခု ရှိကိုရှိရပါလိမ့်မည်။

ထိုအချိန်မှာပင် ... ဟေဂယ်၏ ဆင်ခြင်တုံတရား အဓိကဝါဒကို သူ တွေ့ရှိခဲ့သည်။

ဆေးပြင်းလိပ်ကလည်း သူနည်းတူ ဟေဂယ်၏ ဒဿနများကို လက်ခံယုံကြည်သူဖြစ်၏။ သဘောတရားချင်း ညီညွတ်လျှင် အမှန်တရားဖြစ်သည်ဟူသော ဟေဂယ်၏ အဆိုအမိန့်အတိုင်း အယူအဆချင်းတူညီသော ဆေးပြင်းလိပ်နှင့် သူ တွဲဖြစ်ခဲ့ကြခြင်း ဖြစ်သည်။

သူ ကျောင်းပြီးတော့ လူရိုသေ ရှင်ရိုသေ ဘွဲ့တစ်ခုနှင့် မျက်နှာပန်းလှသော အလုပ်တစ်ခုကို ရရှိခဲ့သလို မိတ်ဆွေတစ်ယောက်ကို အကြောင်းပြု၍ သူ၏ ဇနီးလောင်းနှင့်လည်း ဆုံစည်းဖြစ်ခဲ့သည်။

* * *



(၈)

သူတို့နှစ်ယောက် ဆုံစည်းခဲ့မှုက အချစ်ဝတ္ထုတွေထဲကလို ရင်ခုန်ဖွယ် မကောင်းသော်လည်း ၎င်း၏အလှကတော့ ရင်ဖိုစရာ အလွန်ကောင်းပါသည်။ ပို၍ရင်ဖိုဖွယ်ကောင်းသည်က သူ့အလုပ်သို့ မကြာခဏ အလည်ရောက်ရှိလာတတ်ခြင်း ဖြစ်ပါသည်။

"ကျွန်မ သူ့ဆီကိုလာပြီး သူနဲ့စကားပြောရတာ ပျော်တယ်"

သူ့ထံသို့ အလည်ရောက်ရှိလာတတ်ခြင်းအတွက် ၎င်း၏ အကြောင်းပြချက်က အလွန်ရိုးရှင်းပါသည်။

"ဒါဖြင့် မင်း ကိုယ့်ဆီကို အလည်လာနေတာ မင်းရဲ့စိတ်ပျော်ရွှင်မှုအတွက်ပေါ့ ဟုတ်လား၊ အဲဒီလုပ်ရပ်ဟာ မှန်တယ်လို့ ထင်သလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတော့ မှားတယ်လို့ တစ်ခါမှ မတွေးမိဘူး၊ ကိုယ့်ကို စိတ်ချမ်းသာမှုပေးတဲ့လုပ်ရပ်ဟာ မှန်တယ်လို့ ထင်တာပဲ"

"မင်းအယူအဆက Pragmatic Philosophy ဆန်တဲ့ အယူအဆပဲ"

"အဲဒါ ဘာအဓိပ္ပာယ်လဲဟင်"

"လုပ်ရပ်တစ်ခု၊ အတွေ့အကြုံတစ်ခုကို စိတ်ကျေနပ်မှု ရှိမရှိနဲ့ အမှန်အမှား ဆုံးဖြတ်တဲ့ အယူအဆပေါ့၊ လုပ်ရပ်တစ်ခုဟာ ကိုယ့်ကို စိတ်ကျေနပ်မှုပေးရင် အဲဒီအလုပ်ဟာ မှန်တယ်လို့ သတ်မှတ်တဲ့ အတွေးအခေါ်ကိုပြောတာ၊ ဝီလျံဂျိမ်းက ပြောဖူးတယ်၊ အမှန်တရားဆိုတာ စိတ်ကျေနပ်မှု အများဆုံး ပေးနိုင်တဲ့ ယုံကြည်မှုပဲတဲ့"

"အိုး ... ဘယ်လောက်ကောင်းတဲ့ အတွေးအခေါ်လဲ၊ အဲဒါ မှန်တာပေါ့၊ သူကော အဲဒီအယူအဆကို လက်မခံဘူးလား"

"တချို့နေရာတွေမှာတော့ လက်ခံပါတယ်၊ ဒါပေမဲ့ နေရာတိုင်းတော့ လက်မခံချင်ဘူး၊ ကိုယ်က ဆင်ခြင်တုံတရားကို ပိုပြီး အဓိကထားတယ်"





သူ့စကားကြောင့် မိန်းကလေး ခပ်ငိုင်ငိုင် ငြိမ်သက်သွားလေသည်။ တစ်ခါတလေတော့ သူက စိတ်လိုလက်ရဖြင့် ရှည်ရှည်ဝေးဝေး ရှင်းပြမိသည်။

"လောကကြီးမှာ အမှန်တရားကို ပုံဖော်ပေးနိုင်တာ ဆင်ခြင်တုံတရားပဲ၊ ဆင်ခြင်တုံတရားနဲ့ သိပ်ကင်းကွာသွားရင် ကိုယ်က အမှန်လို့ မယူဆဘူး၊ ဥပမာ ငါးမျှားတာ စိတ်ချမ်းသာတယ်၊ ဒါကြောင့် ငါးမျှားတဲ့လူတွေက အဲဒီလုပ်ရပ်ကို မှန်တယ်လို့ ယူဆတာ သိပ်ပြဿနာမရှိပေမယ့် လူတစ်ယောက်ကို ငါးမျှားချိတ် အကြီးကြီးနဲ့ မျှားတာမျိုး၊ လူတစ်ယောက်ရဲ့ပါးစပ်မှာ ငါးမျှားချိတ်ကြီး ချိတ်ပြီး အမြင့်ကြီးမှာ ချိတ်ဆွဲထားတာမျိုးကို စိတ်ကျေနပ်မှု ပေးနိုင်တဲ့ကိစ္စ၊ မှန်တဲ့ကိစ္စလို့ ပြောလာရင် ဘယ်လိုလုပ်ပြီး လက်ခံလို့ရမလဲ၊ ဒါဟာ အဆင်အခြင် ကင်းမဲ့တဲ့ လုပ်ရပ်ပဲ၊ တကယ်ဆို ချိတ်မှာ အစာတပ်ပြီး ငါးတစ်ကောင်ကို မျှားတာတောင် လွန်လှပြီ၊ ကဲ ... ကိုယ်ပြောတာ မဟုတ်ဘူးလား"

ငှင်းက စဉ်းစားသလို အကြာကြီး ငြိမ်သက်သွားပြီးမှ "အင်းနော် ... အဲဒါတော့ ဘယ်ကောင်းပါ့မလဲ" ဟု ဆိုကာ ခေါင်းညိတ်ဝန်ခံလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ခြင်တုံတရားမရှိတဲ့ လူတစ်ယောက်မှာ အမှန်တရား မရှိနိုင်ဘူး၊ မှန်ကန်တဲ့ လုပ်ရပ်တွေ မလုပ်နိုင်ဘူး၊ ဒါပေမဲ့ ကိုယ်တို့အတွက် ဝမ်းသာစရာကောင်းတာတစ်ခုက လူတိုင်းမှာ ဆင်ခြင်တုံတရားရှိတယ်၊ နည်းတာနဲ့ များတာပဲကွာတယ်"

သူက လူတိုင်း၌ ဆင်ခြင်တုံတရားရှိသည်ဟု အခိုင်အမာ ယုံကြည်ထားသူ ဖြစ်သည်။ သို့သော် ဆေးပြင်းလိပ်ကတော့ သူ့အား နှောက်ပြောင်ပါသည်။

"ခင်ဗျားမှာသာ တကယ် ဆင်ခြင်တုံတရား ရှိမယ်ဆိုရင် ကောင်မလေးကို ဒဿနတရားတွေ ဟောနေမယ့်အစား ရည်းစားစကား ပြောဖို့သင့်ပြီ"

ထိုကိစ္စအား သူ တစ်ခါမှ မစဉ်းစားမိခဲ့။

၎င်းအား လက်ထပ်သင့်သူအဖြစ် ရည်ရွယ်သတ်မှတ်ထားသော်လည်း လက်ထပ်ဖို့အတွက် အရင်ဆုံး ရည်းစားစကားပြောရန် လိုအပ်ကြောင်း မေ့လျော့နေခဲ့သည်။

"ခင်ဗျား သူ့ကို လက်ထပ်မှာ မဟုတ်လား"

"အင်း ... လက်ထပ်ဖြစ်လိမ့်မယ် ထင်တာပဲ"





"ဒါဖြင့်လဲ အချိန်ဆွဲမနေနဲ့လေ၊ ခင်ဗျားအဖေ ပြောသလို အချိန်ဆိုတဲ့ ဘတ်စ်ကားက ကိုယ့်ရှေ့မှာ တစ်ခါပဲ ရပ်တာ၊ ဘတ်စ်ကားရပ်တုန်းမှာ အမြန်ဆုံး တက်စီးလိုက်"

ဆေးပြင်းလိပ်၏ စကားက သူ၏ တွေဝေနေမှုကို ရိုက်ချိုးလိုက်ပါသည်။ သူ့အနေနှင့် ပုံမှန်လုပ်ငန်းတစ်ခု၊ အခန်းတစ်ခန်း၊ ဟအုပ်အတော်များများနှင့် ဘဝကို တစ်ယောက်တည်းဖြတ်သန်းစီးမျောနေမည့်အစား တစ်အိုးတစ်အိမ် ထူထောင်သင့်ပြီဖြစ်ကြောင်း သူ သဘောပေါက်လိုက်သည်။

ထို့ကြောင့် .... နှောက်ထပ် ရက်အနည်းငယ် အကြာ၌ မိန်းကလေးအား သူ မေးလိုက်၏။

"ခုချိန်မှာ အိမ်ထောင်ပြုရမယ်ဆိုရင် စောသေးတယ်လို့ ထင်သလား"

သူ့မေးခွန်းအား အကြာကြီးငြိမ်သက်စဉ်းစားပြီးမှ ပြန်လည်အဖြေပေးသည်။

"ကိုယ်တကယ်ချစ်တဲ့သူဖြစ်မယ်ဆိုရင်တော့ မထင်ပါဘူး"

"ဒါဖြင့် နောက်တစ်ပတ်လောက် မင်းမိဘတွေကို ကိုယ်သွားတွေ့လို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်လဲ .... ဟင်"

"မင်းကို တောင်းဖို့လေ"

"အို"

✲ ✲ ✲

နောက်လ အနည်းငယ် အကြာ၌ သူတို့ နှစ်ယောက် လက်ထပ်ဖြစ်ခဲ့၏။ ထိုအတောအတွင်း အနည်းငယ် ဝမ်းနည်းစရာကောင်းတာတစ်ခုက သူ့အား ဆေးပြင်းလိပ် ခွဲခွာသွားခြင်း ဖြစ်သည်။ လက်ထပ်ပွဲ မတိုင်မီ တစ်ပတ်လောက်အလို၌ ဆေးပြင်းလိပ် သူ့ဆီသို့ ရောက်လာသည်။

"ကျွန်တော် ခင်ဗျားကို လာနှုတ်ဆက်တာ"

"ဗျာ ... နှုတ်ဆက်တာ၊ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် အမှန်တရားအတွက် ခရီးထွက်မလို့"

ထို့နောက် နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြ၏။ အတော်ကြီးကြာမှ ဆေးပြင်းလိပ် ပြောသည်။

"ခင်ဗျားတို့ မင်္ဂလာဆောင်မှာ လူပျိုရံ လုပ်မပေးနိုင်တော့တဲ့အတွက် စိတ်မကောင်းပါဘူး၊ ရော့ ... ခင်ဗျားတို့ မင်္ဂလာဆောင်အတွက် လက်ဖွဲ့"





သူ့အား စာအုပ်တစ်အုပ် လှမ်းပေးသဖြင့် ယူကြည့်လိုက်တော့ သူနှင့် ဆေးပြင်းလိပ် နှစ်ယောက်အတူ လုဝယ်ခဲ့ဖူးသော Clock Without Hands စာအုပ်ဖြစ်လေသည်။ ထို့နောက် "သွားမယ်ဗျာ" ဟုဆိုကာ ထွက်ခွာသွား၏။

လူထူးလူဆန်းဖြစ်သော ဆေးပြင်းလိပ်ကို ဘယ်သွားမှာလဲ ဟု သူ မမေး။ ၎င်းကလည်း ဘာမှမပြောခဲ့။

အနည်းငယ် ကြေကွဲစရာကောင်းသော ထိုကိစ္စမှအပ သူ၏ အိမ်ထောင်ရေးက အစစ အရာရာ အောင်မြင်ခဲ့ပါသည်။ ပုံမှန် လစာအပြင် ကိုယ်ပိုင်လုပ်ငန်းမှ သီးခြားဝင်ငွေပါ ရှာဖွေနိုင်ခဲ့သဖြင့် စီးပွားရေး တိုးတက်နဲ့သလို အိမ်ထောင်ရေး သာယာမှုကိုလည်း စွမ်းဆောင်နိုင်ခဲ့သည်။

သူ့ထက် အသက်ငယ်သော ဇနီးသည်၏ ကလေးဆန်မှုကြောင့် ကတောက်ကဆဖြစ်စရာ ပြဿနာမျိုးနှင့် ကြုံလျှင်ပင် ဆင်ခြင်တုံတရားအပြည့်နှင့် ပြဿနာကို ဖြေရှင်းနိုင်ခဲ့သည်။

(အရာရာကို ဆင်ခြင်တုံ တရားဖြင့် ဆုံးဖြတ်ကြ၏။ ဆင်ခြင်တုံတရားသာလျှင် အမှန်တရားဖြစ်သည်။) ဟူသော ဟေဂယ်၏ ဒဿနက သူ့အား အိမ်ထောင်သက် နှစ်နှစ်ကျော်သည်အထိ ကောင်းစွာ အထောက်အကူပြုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ရက်မှာတော့ သူ့ဘဝအား အမှောင်ဖုံးစေမည့် အဖြစ်အပျက် (သို့မဟုတ်) အမှောင်ဖုံးလွှမ်းနေကြောင်း အထိတ်တလန့် သတိပြုမိစေသည့် အဖြစ်အပျက်နှင့် ဂုံးဆိုးစွာ ရင်ဆိုင်တိုးခဲ့လေသည်။ အဖြစ်အပျက်မှာ ရုပ်ရှင်ကားတစ်ကားမှ အစပြုခဲ့ခြင်းဖြစ်သည်။

သူက ရုပ်ရှင်ကြည့်လေ့ကြည့်ထရှိသူ မဟုတ်သော်လည်း ထိုနေ့က လုပ်ဖော်ကိုင်ဖက်တစ်ယောက်၏ အဆွယ်ကောင်းမှုကြောင့် စစ်ကားတစ်ကား ကြည့်ဖြစ်ခဲ့၏။ ဒုတိယကမ္ဘာစစ်၏ အနိဋ္ဌာရုံကို ရသမြောက်စွာ ရိုက်ကူးထားသော ရုပ်ရှင်ကားဖြစ်သည်။

အဆိပ်ငွေ့ဖြင့် အသတ်ခံရသည့် ဂျူးတို့၏ ကူကယ်ရာမဲ့ မျက်ဝန်းများ၊ တိရစ္ဆာန်များပမာ တစ်ဖက်နှင့်တစ်ဖက် အသေအကြေ တိုက်ခိုက်နေကြသည့် စစ်သားများ၊ ရက်စက်ကြမ်းကြုတ်၍ အသိတရား ကင်းကွာနေကြသော မျက်နှာများ။

ရသမြောက်စွာ ရိုက်ကူးတင်ပြထားသော ထိုရုပ်ရှင်ကားကို ကြည့်ရင်း ရင်တလှပ်လှပ်ဖိုကာ ဓာချွေးများ ပြန်လာ၏။ ဒါဟာ တကယ်မဟုတ်ဘူး၊ သရုပ်ဆောင်နေကြတာ။





သူ့ကိုယ်သူ ပြန်လည် ဖျောင်းဖျသော်လည်း ကမ္ဘာစစ်ကြီး ကယ်ဖြစ်ခဲ့ကြောင်းနှင့် ထိုသို့ပင် အဆင်ခြင်မဲ့စွာ ရက်ရက် က်စက် သတ်ဖြတ်ခဲ့ကြလိမ့်မည်ဖြစ်ကြောင်းကိုတော့ ဖျောင်းဖျ ကွယ်၍ မရပါ။ ရုပ်ရှင်ပြီးသွားတော့ သူ့ရင်ထဲသို့ တစ်စုံတစ်ရာ င်ရောက်လာသည့်ပမာ ခံစားရလေသည်။

ရုပ်ရှင်ရုံထဲမှထွက်၍ လက်ဖက်ရည်ဆိုင်၌ ထိုင်ဖြစ်ကြချိန် ဆိပိတ်ကားပေါ်မှ မြင်ကွင်းတို့ကို ဖျောက်ဖျက်၍မရဘဲ အဖန် လဲလဲ မြင်ယောင်နေမိ၏။ လက်ဖက်ရည်ကို မော့သောက် က်တော့ လည်ချောင်းထဲ စီးဆင်းသွားကြသော လက်ဖက်ရည် က အရသာကင်းမဲ့၍ နေကြသည်။

"ခင်ဗျား နေမကောင်းဘူးလား"

သူ့မျက်နှာကိုကြည့်ရင်း သူ့မိတ်ဆွေက လှမ်းမေးသည်။

"ကောင်းပါတယ်၊ ကျွန်တော် စဉ်းစားနေတာ"

"ဘာကိုလဲ"

"လူဟာ အသိပညာနဲ့ ဆင်ခြင်တုံတရား အပြည့်ဝဆုံး ပါဖြစ်တယ်တဲ့ …၊ ဒါဆိုရင် ဘာဖြစ်လို့ စစ်ပွဲတွေ ဆင်နွှဲခဲ့ သလဲ၊ ဘာဖြစ်လို့ ကွဲပြား ခြားနားတဲ့ အယူအဆတွေကို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် မတွေ့ဆုံဆွေးနွေးပြီး နားလည်မှုချင်း နီးစပ်အောင် မလုပ်ခဲ့ကြသလဲ"

"ဗျာ"

သူမိတ်ဆွေက သူ့အား တအံ့တသြ ကြည့်၏။ ထို့နောက်

"စစ်ဆိုတာ သမိုင်းရဲ့ တောင်းဆိုမှုအရ ပေါ်ပေါက်လာရတာပဲ"

ဟု မရေမရာစကားကို ဆိုသည်။

"တောင်းဆိုမှုအရဆိုရင်လဲ တရားမျှတတဲ့ နည်းလမ်း တိုက်ကြပါလား၊ ခုတော့ တိရစ္ဆာန်တွေထက်ပိုပြီး အသိပညာ မြင့်မားပါတယ် ဆိုတဲ့ လူတွေက တိရစ္ဆာန်တွေထက် ပိုပြီး ကောက်ကျစ် စဉ်းလဲတဲ့ နည်းတွေနဲ့ သတ်ဖြတ်နေကြတယ် လူထက် အောက်တန်းကျတဲ့ တိရစ္ဆာန်တွေတောင် တစ်ကောင်နဲ့ တစ်ကောင် တိုက်ခိုက်တဲ့နေရာမှာ လူလောက် အောက်တန်းမကျ ဘူး၊ ဘယ်တိရစ္ဆာန်မှ အခါ [illegible] လက်နက်တွေ၊ အဏုမြူဗုံးတွေ မတီထွင်ခဲ့ကြဘူး"

သူမိတ်ဆွေက ခေါင်းကိုကုတ်ရင်း ပြန်ပြောသည်။

"အေးဗျာ ... ကျွန်တော် အဲဒီလောက် မစဉ်းစားမိဘူး ခင်ဗျာ ... တော်တော်တွေးတဲ့လူပဲ၊ စာရေးဆရာ လုပ်ရင် ကောင်းတယ်"





သို့သော် သူ စာရေးဆရာ မလုပ်ပါ။ ကမ္ဘာစစ်နှင့် ပတ်သက်သော လက်လှမ်းမီရာ စာအုပ်များကိုသာ ရှာဖွေဖတ်ရှုခဲ့သည်။ စာအုပ်များ၏ ဖော်ပြမှုအရ နှစ်ဆယ်ရာစု အစောပိုင်း၏ ပြင်ဆင်မှုနှင့် စစ်ပွဲများ၏ ကုန်ကျစရိတ်မှာ ဒေါ်လာသန်းပေါင်း ကုဋေလေးသိန်းဖြစ်သည်ဟု သိရသည်။

(၄င်းပမာဏမှာ ကမ္ဘာ့လူဦးရေ အားလုံးကို နှစ်ပေါင်း ငါးဆယ်တိတိ အခမဲ့ ကျွေးမွေးနိုင်သည့်အပြင် အိမ်ထောင်စု သန်းငါးရာအတွက် ခေတ်မီအိမ်ရာများကိုလည်း ဆောက်လုပ်ပေးနိုင်သည့် ပမာဏဖြစ်ပါသတဲ့။)

ထိုတွက်ချက်မှုမှာ ၁၉၆၈ ခုနှစ်က တွက်ချက်မှုဖြစ်သဖြင့် ယခုအချိန်ထိ စစ်ပြင်ဆင်မှုနှင့် စစ်လက်နက် ထုတ်လုပ်မှုစရိတ်များကိုသာ ထည့်ပေါင်းမည်ဆိုပါက လူသားမျိုးဆက် သုံးဆက်လောက်အထိ အခမဲ့ ကျွေးမွေးထားနိုင်ပါလိမ့်မည်။

ထို့ပြင် နောက်ထပ်သိရတာတစ်ခုက ကမ္ဘာပေါ်၌ စစ်မဖြစ်သော အချိန်နှင့် နေရာဒေသ ဟူ၍ မရှိ။ အကယ်၍ သေနတ်သံသည် တစ်ကမ္ဘာလုံး ကြားနိုင်လောက်အောင် ကျယ်လောင်မည်ဆိုပါက လူသည် မွေးဖွားချိန်မှစ၍ သေဆုံးချိန်အထိ နားနှစ်ဖက်ကို အစဉ်ပိတ်ထားရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ဝေဒနာကိုမှ နားထောင်နိုင်တော့မည် မဟုတ်သလို မည်သည့်ဘာသာစကားကိုမှလည်း သင်အံတတ်မြောက်နိုင်တော့မည် မဟုတ်ပါ။ ဆင်ခြင်တုံတရား အရှိဆုံးဟူသော လူသားသည် အဆင်အခြင် အကင်းမဲ့ဆုံး ဖြစ်နေပါလားဟု တုန်လှုပ်ချောက်ချားစွာ သူ နားလည်လာရ၏။

လူသားသည် အသိပညာနှင့် ဆင်ခြင်တုံတရား အပြည့်ဝဆုံး သတ္တဝါဖြစ်သည်ဟူသော ဟေဂယ်၏ အဆိုအမိန့်ကို သူ လက်မခံနိုင်တော့ပါ။ သူ ယုံကြည်ခဲ့သော ငင်း၏ဒဿနများသည် ဒုတိယကမ္ဘာစစ်နောက်ခံ ရုပ်ရှင်ကားတစ်ကားကြောင့် တစ်စစီ ပျက်စီးကြေမွသွားခဲ့ရပြီဖြစ်သည်။

☼ ☼ ☼

ထို့နောက်ပိုင်းတော့ သူ့အတွက် ဘဝ၏ အဓိပ္ပာယ်သည် ပျောက်ဆုံးသွားကာ... အရာရာအား အာရုံခံစားမှု ကင်းမဲ့လာ၏။ အံလုပ်၌ အလွဲလွဲ အချော်ချော် ဖြစ်လာသလို ဇနီးသည်၏ ယုယကြင်နာမှုများသည်လည်း သူ့ကို မဆွဲဆောင်နိုင်တော့ပါ။

လူ့ဘဝ၏ အနှစ်သာရနှင့် လူသားတစ်ယောက်၏ အသက်ရှင် နေထိုင်မှု အဓိပ္ပာယ်ကိုသာ သူ ပြင်းပြစွာ သိချင်လာတော့သည်။ သို့သော် သူ သိချင်သော ထိုကိစ္စအား သူ ကိုးကွယ်သည့်





အနောက်တိုင်း ဒဿန စာအုပ်များကလည်း အဖြေမပေးနိုင်ကြပါ။

"လူ့ဘဝသည် အသက်ရှူရုံ၊ ထမင်းစားရုံ၊ အလုပ်လုပ်ရုံနဲ့ပဲ ပြီးရတော့မှာလား" ထိုအတွေးက သူ့အား ထမင်းလုံးတစ္ဆေ ခြောက်သလို နေ့စဉ် ခြောက်လှန့်လာသောအခါ ဘဝ၏ အဓိပ္ပာယ်နှင့် လေးနက်သော တစ်စုံတစ်ရာကို သူ ရှာဖွေချင်လာ၏။ ထိုဆန္ဒသည် ထိန်းချုပ်၍ မရအောင် တစ်စထက်တစ်စ ပြင်းပြပေါက်ကွဲလာသော တစ်ရက်မှာတော့ အဝတ်အစား အနည်းငယ်နှင့် ငွေစက္ကူအချို့ကို ယူဆောင်ကာ ခြေဦးတည့်ရာသို့ သူ ထွက်လာခဲ့တော့သည်။

☼ ☼ ☼



www.burmeseclassic.com

www.burmeseclassic.com

(၉)

ဤသို့ဖြင့် မြို့ပေါင်းစုံသို့ သူ ရောက်ရှိခဲ့လေသည်။

ဗိုက်ဆာသောအခါ အစာစား၍ အိပ်ချင်သောအခါ ကြုံရာ တည်းခိုခန်းတစ်ခုခု၌ ဝင်အိပ်လိုက်သည်။ ငွေကြေးပြတ်လပ်လာသော တစ်ရက်၌ မြို့ငယ်လေးတစ်မြို့ရှိ ဘူတာရုံလေး တစ်ရုံသို့ ကုန်တင်ကုန်ချ အထမ်းသမားအလုပ်ကိုလုပ်ရန် သူ ရောက်ရှိခဲ့သည်။

ဘူတာရုံ ခုံတန်းလျားဘေး၌ထိုင်ကာ ရထားရောက်လာမည့် အချိန်ကို သူ စောင့်ဆိုင်းနေစဉ်မှာပင် "ညီမတို့ဘဝက လက်လှုပ်မှ ပါးစပ်လှုပ်ရတာ အစ်ကိုရဲ့" ဟူသော ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆုံစည်းဖြစ်ခဲ့သည်။ ထိုနေ့က သူထိုင်နေရာနှင့် မလှမ်းမကမ်း၌ သူမနှင့် ယောက်ျားနှစ်ယောက် စကားများနေကြ၏။

အကွာအဝေးအရ ၄င်းတို့၏ စကားသံကို သူ မကြားနိုင်သော်လည်း ယောက်ျားတစ်ယောက်က သူမ၏လက်ကို အတင်းဆွဲခေါ်နေသည့်မြင်ကွင်းကိုတော့ မမြင်ချင်ဘဲ သူမြင်နေရသည်။ သူနှင့်မဆိုင်သလို ဆက်ထိုင်နေလျှင် ရသော်လည်း ဤကဲ့သို့ တရားမမျှတသော ကိစ္စမျိုး၌ မဆိုင်သလို နေနိုင်လောက်အောင် သူ၏ အသိတရားက သူ့အား ခွင့်မပြုခဲ့ပါ။

ထို့ကြောင့် ၄င်းတို့ထံသို့ ရောက်ရှိသွားပြီး ကောင်မလေးဘက်မှ ရပ်တည်ပေးခဲ့၏။ ထို့အတွက် နှုတ်ခမ်းကွဲပြီး မေးရိုးတစ်ဖက် ညိုမည်းခဲ့ရသော်လည်း ကောင်မလေးထံမှ ကျေးဇူးတင်စကားနှင့် အကြင်နာတချို့ကို ရရှိခဲ့ပါသည်။

"အစ်ကိုက ရထားစောင့်နေတာလား"

"ဟုတ်တယ်"

"ဘယ်မြို့ကို သွားမလို့လဲ"

"ဘယ်မြို့မှ မသွားဘူး၊ ရထားလာရင် ကုန်တင်ကုန်ချ အလုပ်လေးများ ရမလားလို့ ထိုင်စောင့်နေတာ"





သူ့စကားကြောင့် ကောင်မလေးက သူ့အား အံ့ဩသလို ကြည့်ရင်း မှတ်ချက်ချသည်။

"အစ်ကို့ကြည့်ရတာ ဒီမြို့က ဟုတ်ပုံမရဘူး"

"မင်းကြည့်ရတာလဲ မဂ္ဂဇင်း အင်တာဗျူးသမား မဖြစ်နိုင်ဘူး"

ထိုအခါ ၄င်းက ခပ်တိုးတိုး ရယ်မောရင်း အစ်ကိုက တစ်မျိုးပဲဟု ရေရွတ်သည်။ ထို့နောက် သူ့အား မေးသည်။

"အစ်ကို အလုပ်ရှာနေတာလား"

"ဆိုပါတော့"

"ဒါဖြင့် လာ"

ဘူတာရုံလေးနှင့် မလှမ်းမကမ်းမှ လက်ဖက်ရည်ဆိုင်လေးဆီသို့ သူ့အား ခေါ်သွားကာ ထိုဆိုင်ရှင်နှင့် အတန်ကြာ ရယ်ရယ်မောမော စကားပြောပြီးနောက် ....

"အစ်ကို ဒီဆိုင်မှာ စားပွဲထိုးအလုပ်ရမယ်၊ လုပ်နိုင်ပါ့မလား"

"ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ ကောင်းမှုဖြင့် လက်ဖက်ရည်ဆိုင် စားပွဲထိုး အလုပ်ကို သူ ရရှိခဲ့သည်။ မိန်းကလေးက ဤမြို့ငယ်လေးနှင့် အခြားမြို့တစ်မြို့အကြား အစုန်အဆန် ကုန်ကူးနေသူဖြစ်သည်ဟု ဆိုသည်။ ဘာကုန်ကူးသလဲဆိုသည်ကိုတော့ ၎င်းက မပြောသလို သူကလည်း မမေးပါ။

နှစ်ရက်ခြားတစ်ခါ ဆိုသလို သူ အလုပ်လုပ်ရာ လက်ဖက်ရည်ဆိုင်လေးဆီသို့ မိန်းကလေး ရောက်ရှိလာလေ့ရှိ၏။ တစ်ခါ တစ်ရံ သူ့အတွက် စားစရာများ ဝယ်လာတတ်သည်။

"ကိုယ် ဒီဆိုင်မှာ တစ်နေ့ကို ထမင်းနှစ်နပ် စားနေရသားပဲ ဘာဖြစ်လို့ ဝယ်လာတာလဲ"

"အစ်ကိုကို စားစေချင်လို့ပေါ့ သာ ... ဒီခေါက်ဆွဲကြော်ကို အစ်ကိုနဲ့ညီမ တစ်ယောက်တစ်ဝက် စားကြမယ်"

တစ်ခါတော့ သူ့အတွက် တစ်ပတ်ရစ် ဂျင်းဘောင်းဘီ တစ်ထည်နှင့် တီရှပ်တစ်ထည် ဝယ်လာပေးသည်။

"ခိုးရာပါပစ္စည်းတော့ မဟုတ်ပါဘူးနော်"

"အစ်ကိုကလဲ ပေါက်ပေါက်ရှာရှာ၊ ညီမ အလုပ်အဆင်ပြေ လို့ အစ်ကို့အတွက် ဝယ်လာတာ။ အသစ်တော့ မဝယ်နိုင်ဘူး



အစ်ကိုရယ်၊ ဒါကြောင့် အဟောင်းဆိုင်ကပဲ ဝယ်လာတာ၊ အစ်ကို ဝတ်ချင်ရဲ့လားဟင်"

လုံချည်နှင့် စားပွဲထိုးရတာနှင့်စာလျှင် ဘောင်းဘီနှင့် စားပွဲ ထိုးရတာက ပိုပြီးအဆင်ပြေသဖြင့် သူ ခေါင်းညိတ်ပြလိုက်တော့ ၎င်းက ကျေနပ်သွားပါသည်။

တစ်ရက် သူ့အား စားပွဲထိုးအဖြစ်မှ ကျောင်းဆရာအဖြစ်သို့ ပြောင်းလဲရောက်ရှိစေမည့် အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ခဲ့ရ သည်။ ထိုနေ့က သူတို့၏ ခပ်စုတ်စုတ် လက်ဖက်ရည်ဆိုင်လေးသို့ သုံးလေးရက်တစ်ခါ လက်ဖက်ရည် လာသောက်တတ်သူတစ်ဦး အင်္ဂလိပ် ဝတ္ထုစာအုပ်တစ်အုပ် မေ့ကျန်ရစ်ခဲ့၏။ ဆမ်းမား ဆက်မွန်၏ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြစ်သည်။

ပျင်းပျင်းရှိသဖြင့် စာအုပ်အား ဆိုင်ရှင်သို့ အပ်မနေတော့ဘဲ သူပင်ယူထားကာ ထိုင်ဖတ်နေလိုက်သည်။ စာမဖတ်ရတာ ကြာသဖြင့် မည်မျှကြာအောင် စိတ်ဝင်တစား ဖတ်နေမိသည် မသိ။ ချောင်းဟန့်သံကြားမှ သူ မော့ကြည့်လိုက်တော့ စာအုပ် မေ့ကျန်ခဲ့သူက သူ့ရှေ့တည့်တည့်ခုံမှာ ထိုင်နေကြောင်း သိလိုက် ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးဗျာ … မျှင်းတာနဲ့ ခင်ဗျားမေ့ကျန်ခဲ့တဲ့ စာအုပ်ကို ကျွန်တော်ယူဖတ်နေမိတာ၊ စိတ်မရှိပါနဲ့"

စာအုပ်ကို ပြန်ပေးရင်း သူ တောင်းပန်စကား ပြောလိုက်သည်။

"ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး၊ ဒါနဲ့ ခင်ဗျားဖတ်နေတာ ဘယ်နှပုဒ်ပြီးသွားပြီလဲ"

"ပုတီးလည်ဆွဲနဲ့ စွန်ကလေး ပြီးသွားပြီ၊ ခု ပါတီပွဲသို့မတိုင်မီ ဖတ်နေတာ၊ ဟာရီးလ် သေတဲ့အကြောင်းကို သူ့မိန်းမက သူ့မိဘ တွေကို ရှင်းပြတဲ့အခန်း ရောက်နေပြီ"

သူ့စကားအဆုံး ထိုသူက အားရကျေနပ်သောအပြုံးတစ်ခုကို ပြုံး၍ ဘာ့ကြောင့်မှန်းမသိဘဲ သူ့အား လက်ဆွဲနှုတ်ဆက်ပါသည်။ ထို့နောက် ….

"ခင်ဗျားလို ပညာတတ်တစ်ယောက်က ခုလိုမျိုး စားပွဲထိုး အလုပ်ကို လုပ်မနေသင့်ဘူး"

"လောလောဆယ်တော့ ကျွန်တော်နဲ့ ထိုက်တန်တာဆိုလို့ ဒီအလုပ်ပဲ ရှိတယ်လေ"

"မဟုတ်ပါဘူး၊ ခင်ဗျားနဲ့ ထိုက်တန်တဲ့ အလုပ်တွေရှိပါတယ်၊ မိတ်ဆွေ စိတ်ဝင်စားရင် ကျွန်တော်တို့ ကျောင်းမှာ ကျောင်းဆရာ လာလုပ်ပါလား၊ ဆရာတစ်ယောက် လိုနေတာကြာပြီ၊ ခင်ဗျားနဲ့ဆို အံ့ကိုက်ပဲ"

ဤသို့ဖြင့် ခပ်ညံ့ညံ့ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်၏ စားပွဲထိုးအဖြစ်မှ ဆွဲခနဲ့ကျောင်းဆရာဘဝသို့ ရောက်ရှိခဲ့ရလေသည်။ သင့်တင့်သော လစာအပြင် နေစရာ အိမ်ကလေးပါ ပေးသဖြင့် သူ့အခြေအနေက သိပ်မဆိုးလှပါ။

"အစ်ကိုက ဒီလောက် ပညာတွေတတ်ပြီး ဘာဖြစ်လို့ ရမ်းပြေးတစ်ယောက်လို ခြေသလုံးအိမ်တိုင် လျှောက်သွားနေရတာလဲဟင်"

"ကိုယ်က လောကကြီးအကြောင်းကို လေ့လာနေတာ၊ အထူးသဖြင့် လူတွေရဲ့ဘဝကို လေ့လာနေတာ"

သူ ရရှိထားသော အိမ်ကလေးသို့ မိန်းကလေး မကြာခဏ ရောက်ရှိလာကာ သူ၏ အဝတ်အစားများကို လျှော်ဖွပ်ပေးပြီး သူ့အတွက် ဖွယ်ဖွယ်ရာရာ ဟင်းလျာများကိုလည်း ချက်ပြုတ်ပေးတတ်ပါသည်။ ကုန်မကူးသောအခါများ၌ နှစ်ရက်တန်သည်၊ သုံးရက်တန်သည် သူ၏ အိမ်ကလေး၌ လာ နေလေ့ရှိသည်။

ညနေတိုင်း သူထံသို့ စကားစမြည်ပြောရန် အလည်လာ လေ့ရှိသူကတော့ သူ့အား ကျောင်းဆရာဘဝသို့ရောက်အောင်







www.burmeseclassic.com

www.burmeseclassic.com

ဆွဲဆောင်စည်းရုံးခဲ့သူဖြစ်သည်။ ၄င်းက နွတ်ခမ်းမွေးထားလေ ရှိသူဖြစ်သဖြင့် သူက နွတ်ခမ်းမွေးဟု ၄င်းအား အမည်ပေးထား သည်။ တစ်ရက် နှုတ်ခမ်းမွေးက သူ့အား ပြောသည်။

"ကျော င်းအုပ်ကြီးက ခင်ဗျားကို သိပ်အမြင်မကြည်လင်ဘူး ဖြစ်နေတယ်"

"ဘာဖြစ်လို့လဲ"

"ဟိုကောင်မလေး ခင်ဗျားဆီ လာလာနေတာရယ်၊ တစ်ခါ တလေ မြင်းလှည်းသမားတွေနဲ့ ခင်ဗျား ဘုံဆိုင်ထိုင်တတ်တဲ့ကိစ္စ ရယ်ကြောင့်ပေါ့"

သူက အရက်ကြိုက်သူ မဟုတ်သော်လည်း တစ်ခါတစ်ရံ စကားပြောချင်စိတ်ဖြင့် မြင်းလှည်းသမားများကို အဖော်ပြု၍ ဘုံဆိုင်ထိုင်တတ်ပါသည်။

"ကျွန်တော့်နေပုံထိုင်ပုံနဲ့ ပတ်သက်ပြီး အမြင်မကြည်လင် ရင်လဲ အလုပ်ဖြုတ်လိုက်ပေါ့ဗျာ"

"ခင်ဗျားလို လူတော်တစ်ယောက်ကို ကျောင်းအုပ်ကြီးက ဘယ်လက်လွှတ်ခံနိုင်ပါ့မလဲဗျာ၊ ဘာပဲဖြစ်ဖြစ် မြင်းလှည်းသမား တွေ ဆိုတာက ခပ်ဆိုးဆိုး ခပ်မိုက်မိုက်တွေဗျ၊ သူတို့နဲ့ ဝေးဝေး နေစမ်းပါဗျာ၊ လူမိုက်ကို ရှောင်ကြဉ်ခြင်းသည် မင်္ဂလာတဲ့"





"ပညာရှိကို ဆည်းကပ်ရင်လဲ မင်္ဂလာပဲ မဟုတ်လား"

"ဒါပေါ့"

"ဒါဖြင့် လူမိုက်တစ်ယောက်ဟာ မင်္ဂလာရှိအောင် ပညာရှိ ကို ဆည်းကပ်ပြီဆိုပါတော့၊ အဲဒီပညာရှိ ဘာလုပ်မလဲ၊ မင်္ဂလာ ရှိအောင် သူ့ဆီဆည်းကပ်လာတဲ့ လူမိုက်ကို ရှောင်မလား၊ အဲဒီလို ရှောင်လိုက်ရင် ပညာရှိကို ဆည်းကပ်လာတဲ့ လူမိုက်မှာ မင်္ဂလာ ရှိနိုင်ပါဦးမလား"

သူ့စကားကြောင့် နှုတ်ခမ်းမွေး ပါးစပ်အဟောင်းသားနှင့် ငြိမ်သက်သွားပါသည်။ အတန်ကြာမှ ခေါင်းကုတ်ရင်း ....

"ကျွန်တော်က မြင်းလှည်းသမားတွေကြောင့် ခင်ဗျား အရက်သမား ဖြစ်သွားမှာစိုးလို့ပါ၊ ပတ်ဝန်းကျင်ဟာ လူကို ပြောင်းလဲစေနိုင်တယ် မဟုတ်လား"

"ခင်ဗျား အဲဒီစကားကို ယုံကြည်သလား" ဟု သူ မေးတော့ နှုတ်ခမ်းမွေးက ခေါင်းညိတ်ရင်း....

"မယုံလို့ ဘယ်ဖြစ်မလဲ၊ ပတ်ဝန်းကျင်ဟာ လူကို ပြောင်း လဲစေနိုင်တယ်ဆိုတာ အမှန်တရားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ..... ကိုယ်ကောင်းရင် ခေါင်း ဘယ်မှမရွေ့ဘူးဆိုတဲ့ စကားကို ဘယ်သွားထားမလဲ၊ အဲဒီစကားကိုလဲ အမှန်တရားလို့ သတ်မှတ်ထားကြတာပဲ မဟုတ်လား"

နှုတ်ခမ်းမွေး ဒုတိယအကြိမ်မြောက် ပါးစပ်အဟောင်းသား ဖြစ်သွားပြန်ပါသည်။

"လောကကြီးမှာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အမှန်တရားတွေ အများကြီးပဲ၊ တကယ်တော့ အမှန်တရားဆိုတာ တစ်ခုတည်းရှိရမယ်၊ နှစ်ခုဖြစ်နေပြီဆိုရင် ကျန်တဲ့တစ်ခုဟာ မှားနေလို့ပဲ၊ ကျွန်တော်ကတော့ တစ်ခုတည်းသော ခြွင်းချက်မဲ့ အမှန်တရားကိုပဲ စိတ်ဝင်စားတယ်၊ အဲဒီလို အမှန်တရားကို ကျွန်တော်လိုက်ရှာနေတာ၊ အသက်ရှင် နေထိုင်မှုရဲ့ အနှစ်သာရကို ကျွန်တော်သိချင်နေတာ"

"ဒါဆိုရင် ဆရာတော် ဦးဥတ္တမသာရရဲ့ ဘဝနေနည်းကို ခင်ဗျားဖတ်ကြည့်သင့်တယ်"

နှုတ်ခမ်းမွေးစကားကြောင့် သူ စိတ်ဝင်စားသွားပါသည်။

"အဲဒီစာအုပ် ခင်ဗျားမှာရှိလား၊ ကျွန်တော်ဖတ်ချင်တယ်" ဟု သူ ပြောတော့ နှုတ်ခမ်းမွေးက ခေါင်းယမ်းသည်။





"မရှိဘူးဗျ၊ ကျွန်တော်လဲ ကျောင်းတုန်းက မိတ်ဆွေ တစ်ယောက်ဆီက ငှားဖတ်ခဲ့ရတာ"

၎င်း၏အဖြေကြောင့် ချက်ချင်းပင် သူ စိတ်ဓာတ်ကျသွားရသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ကျောင်းဆရာအလုပ်ဖြင့် အထိုက်အလျောက် တည်ငြိမ်နေသော သူ့ဘဝအား လှုပ်ခါပြောင်းလဲစေမည့် အကြောင်းတရားတစ်ခုက တစ်ရက် ကံဆိုးစွာ ပေါ်ပေါက်လာခဲ့လေသည်။ ထိုနေ့က သင်္ချာဆရာ ခွင့်ယူထားသဖြင့် ၄င်း၏ကိုယ်စား ကျောင်းသားများကို သူ သင်္ချာဝင်သင်ခဲ့ရသည်။

သင်ရိုးညွှန်းတမ်းအတိုင်း မဟုတ်ဘဲ သင်္ချာပညာ၏ စိတ်ဝင်စားစရာအကြောင်းများကို သူ ရှင်းပြခဲ့၏။

"မင်းတို့ အတန်းကြီးလာတဲ့အခါ Centre of Gravity ဖြို့ခေါ်တဲ့ ကမ္ဘာမြေကြီးရဲ့ဆွဲအားအကြောင်းကို သင်ကြရလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကမ္ဘာ့ဆွဲအား ... ကမ္ဘာလုံးကြီးရဲ့ဗဟိုချက်ကနေ ကမ္ဘာမြေပေါ်ကို မျဉ်းမတ်အတိုင်း ထွက်လာတယ်၊ စက်ဝိုင်းတစ်ခုရဲ့ ဗဟိုချက်ကနေ မျဉ်းဖြောင့်အတိုင်း တက်လာတဲ့ မျဉ်းတွေဟာ တစ်ခုနဲ့တစ်ခု ဘယ်လိုမှ မျဉ်းပြိုင်မဖြစ်နိုင်တော့ဘူး၊ ကြားထဲမှာ ထောင့်တွေ၊ ဒီဂရီတွေ ရှိနေကြပြီ၊ ဒါပေမဲ့ ပုစ္ဆာတွက်တဲ့အခါမှာတော့ အဲဒီထောင့်တွေ၊ ဒီဂရီတွေကိုမေ့ပြီး ဆွဲအားမျဉ်းတွေအားလုံးဟာ မျဉ်းပြိုင်ဖြစ်တယ်လို့ သဘောထားပြီး ပုစ္ဆာတွက်ရတယ်၊ ကဲ ... အံ့ဩစရာ မကောင်းဘူးလား"

ထိုအချိန်မှာပင် ကျောင်းသားတစ်ယောက်က သူ ဘယ်လိုမှ မျှော်လင့်မထားသော စကားကို ထပြောလေသည်။

"ဒါဖြင့် သင်္ချာပညာဟာ အတိကျဆုံးဆိုတာ ဘယ်ဟုတ်မလဲနော် ဆရာ"

ထိုကျောင်းသား၏ စကားက သူ့အား တအံ့တဩ တွေဝေသွားစေပါသည်။ အတန်ကြာမှ သူ ခေါင်းညိတ်ဝန်ခံလိုက်၏။

"ဟုတ်တယ်၊ မတိကျဘူး၊ သင်္ချာပညာရှင် ကတ့်ကိုဒဲလ် (Kurt Godel) ကိုယ်တိုင်က တိကျသေချာတဲ့ သင်္ချာစနစ်တစ်ခုကို ဘယ်တော့မှတည်ဆောက်နိုင်မှာမဟုတ်ဘူးလို့ ပြောဖူးတယ်"





တိကျသေချာလှပါသည်ဟူသော သင်္ချာပင်လျှင် သေချာမှု မရှိပါက လောကကြီး၌ ရေရာသေချာမှုဟူ၍ မရှိနိုင်တော့ပါ။ ထိုအတွေးက သူ့လက်ထဲမှ မြေဖြူကို ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားစေသည်။ ချက်ချင်းပင် ကျောင်းသားများအား အတန်းလွှတ်ပေးလိုက်ပြီး ကျောင်းအုပ်ကြီးရုံးခန်းသို့ သူ ထွက်လာခဲ့သည်။

"ဆရာပါလား၊ ဘယ်လိုလဲ ... စာသင်ရတာ အဆင်ပြေရဲ့လား"

"မပြေဘူး ဆရာကြီး"

"ဗျာ ... ဘယ်လိုဖြစ်လို့လဲ၊ ကျောင်းသားတွေက ကလန်ကဆန် လုပ်လို့များလား"

"မဟုတ်ပါဘူး၊ ကျောင်းသားတွေက လိမ္မာကြပါတယ်၊ အဆင်မပြေတာက ကျွန်တော့်ပါ၊ ကျွန်တော် အလုပ်ထွက်တော့မလို့ ...."

သူ့စကားကြောင့် ကျောင်းအုပ်ကြီး တအံ့တဩနှင့် သူ့အား နားမလည်သလို ငေးစိုက်ကြည့်သည်။

"ဆရာ ... တစ်ခုခုများ မကျေနပ်တာရှိလို့လား"

"မရှိပါဘူး၊ ကျွန်တော် စာဆက်မသင်ချင်တော့လို့ပါ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်တောင် ဘာမှ ရေရေရာရာ မသိသေးဘဲနဲ့ ကလေးတွေအပေါ် တက်ယောင်ကား ဆရာလုပ်နေရတာကို စိတ်မသန့်တော့လို့ပါ"

သူ့စကားကြောင့် ကျောင်းအုပ်ကြီးမျက်နှာ မည်းခနဲ ဖြစ်သွားသော်လည်း သူ ဂရုမစိုက်ပါ။

သူ့အား အလုပ်မထွက်ရန် နှုတ်ခမ်းမွေးရော၊ ကျောင်းအုပ်ကြီးပါ ဝိုင်းဝန်းဖျောင်းဖျကြသော်လည်း သူ၏ ဆုံးဖြတ်ချက်ကို ယိမ်းယိုင်အောင် မလုပ်နိုင်ကြသဖြင့် နောက်ဆုံး လက်လျှော့လိုက်ကြလေသည်။

"ခင်ဗျား အလုပ်ထွက်ပြီး ဘယ်သွားမလဲ"

"ခြေဦးတည့်ရာပေါ့"

"ဘဝရဲ့ အမှန်တရားကို တွေ့တဲ့အထိလား"

"ဆိုပါတော့"

သူ့စကားကြောင့် နှုတ်ခမ်းမွေးက သက်ပြင်းချပြီး ကောင်မလေးကတော့ မျက်ရည်ကျလေသည်။

"အစ်ကို ... ညီမကို ချန်ထားခဲ့တော့မှာလားဟင်"

"ထားခဲ့တယ်ဆိုတာ ကိုယ်နဲ့သက်ဆိုင်တဲ့ အရာတစ်ခုကို ယူမသွားမှ ထားခဲ့တယ်လို့ ခေါ်တာပါ၊ သူ့နေရာနဲ့သူ ရှိနေတဲ့





အရာတစ်ခုကို ယူဆောင်မသွားတာဟာ ချန်ထားခဲ့တာ မဟုတ်ပါဘူး"

စကားအဆုံး ကောင်မလေး စတင် ငိုကြွေးရင်း သူ့အား တောင်းပန်သည်။

"ဒါဖြင့်လဲ ညီမ အစ်ကိုနဲ့ လိုက်ခဲ့ပါရစေ၊ ညီမကို ခေါ်သွားပါနော်"

"ကိုယ်ကိုယ်တိုင်တောင် ဘယ်သွားရမှန်း မသိသေးဘဲနဲ့ မင်းကိုခေါ်လို့ ဘယ်ဖြစ်ပါ့မလဲ"

ကောင်မလေးက ရဲနီသော မျက်ဝန်းတို့ဖြင့် သူ့ကို စိုက်ကြည့်ရင်း ....

"အစ်ကို .... သိပ် .... ရက် .... စက် .... တယ်"

ဟု ငိုရှိုက်သံတို့ဖြင့် ဗလုံးဗထွေး ရေရွတ်သည်။ ၎င်း၏ စွပ်စွဲချက်အား တစ်စုံတစ်ရာ မတုံ့ပြန်ဘဲ ကောင်မလေး သူ့အတွက် အမှတ်တရဝယ်ပေးခဲ့သည့် ဂျင်းဘောင်းဘီ တစ်ပတ်နွမ်းနှင့် တီရှပ်ကို လဲလှယ်ဝတ်ဆင်လိုက်သည်။

သူကိုယ်တိုင် မသိသေးသော တစ်စုံတစ်ရာအား ရှာဖွေရန် ခရီးသစ်တစ်ခုကို စတင်ရပါဦးမည်။

✽ ✽ ✽



www.burmeseclassic.com

www.burmeseclassic.com

## (စိတ်အတွေး နှစ်)

"ဘဝဆိုတာ ကျားထိုးသလိုပါပဲ၊ တစ်ကောင် ကျွေးပြီး နှစ်ကောင် စားရတဲ့ အလှည့် ရှိသလို ကိုယ်က သုံးကောင်လောက်ချကျွေးပြီးမှ တစ်ကောင်လောက်ပဲ ပြန်စားတဲ့ အလှည့်လဲ ရှိတယ်၊ ဒါပေမဲ့ ..... အဲဒီ တစ်ကောင်ဟာ 'ကင်း' ဖြစ်နေဖို့တော့ လိုတယ်"

ဉာဏ်ဝင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဒုတိယ ဘီယာဘူးကို ဆွဲဖောက်ရင်း ဘေးဘီဝဲယာကို သူ ဝေ့ဝဲကြည့်လိုက်တယ်။ ဘေးတိုက်အနေအထားနဲ့ လှမ်းမြင်နေရတဲ့ ကောင်မလေးကလွဲရင် တစ်ဆိုင်လုံးဟာ ဆွဲဆောင်မှုကင်းမဲ့ပြီး အတော့်ကို ငြီးငွေ့ဖို့ကောင်းပါတယ်။

ငယ်ငယ်တုန်းက ဆင်းရဲခဲ့ဖူးတယ်ဆိုပေမယ့် ဒီလို စုတ်ချာချာ နိုင်လှတဲ့ ဆိုင်မျိုးမှာတော့ သူ တစ်ခါမှ မထိုင်ခဲ့ဖူးဘူး။

ကံဆိုးချင်တော့ ဒီဆိုင်နားရောက်မှ သူ့ကားဘီးက ပေါက်သွားတယ်။ သူက ကားသာမောင်းနေပေမယ့် ကားဘီးမလဲတတ်ဘူး။ ဒါနဲ့ပဲ ဆိုက်ကားသမားလေးကို အနီးဆုံး 'တာယာဖာဆိုင်က



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတစ်ယောက် သွားခေါ်ခိုင်းပြီး ကားဘီးလဲခိုင်းတော့ စပယ်ယာဘီးကပါ ပေါက်နေသတဲ့။ "ဘီးနှစ်ဘီးစလုံး ဖာရမှာမို့ နာရီဝက်လောက် ကြာလိမ့်မယ်ဆရာ" လို့ တာယာဆိုင် အလုပ်သမားလေးကပြောတော့ သူ တော်တော်စိတ်ညစ်သွားတယ်။

ဒါနဲ့ပဲ နာရီဝက်ဆိုတဲ့ အချိန်ကိုဖြုန်းဖို့ ဆိုက်ကားသမားလေးကို အနီးဆုံးဘီယာဆိုင်မေးတော့ ဒီဆိုင်ကို နတ်လမ်းညွှန်လေရဲ့။ ဒီလိုနဲ့ ခပ်စုတ်စုတ် ဆိုင်လေးထဲကို သူ ရောက်ရတော့တာပဲ။

ဆိုင်ထဲရောက်ရောက်ချင်း ဒီည အိမ်ပြန်နောက်ကျမယ့်အကြောင်း သူ့အိမ်ကို ဖုန်းဆက်ရင် ကောင်းမလားလို့ စဉ်းစားလိုက်မိသေးတယ်။ ဒါပေမဲ့ သူ့အတွက် အိမ်ပြန်နောက်ကျပြီး အိပ်ရာဝင် ညဉ့်နက်တာ အဆန်းမဟုတ်တော့လို့ မဆက်တော့ဖို့ ဆုံးဖြတ်လိုက်တယ်။

❋ ❋ ❋



(၂)

တကယ်တော့ လူမှန်းသိစ အရွယ်ကတည်းက သူ့ရဲ့အိပ်ချိန်ဟာ ဘယ်တုန်းကမှ ဆယ့်နှစ်နာရီထက် မစောခဲ့ဖူးဘူး။ မနက်ဆိုရင်လည်း လေးနာရီထက်ပိုပြီး မအိပ်ခဲ့ဖူးဘူး။ အိပ်ချင်ရင်တောင် အခြေအနေက သူ့ကို အိပ်ခွင့်မပေးခဲ့ဘူး။ မနက်လေးနာရီထိုးတာနဲ့ အိပ်ရာက လူးလဲထပြီး အုန်းမောင်းခေါက်ရတယ်။ ဆွမ်းချက်ဖို့၊ ဟင်းပေါင်းအိုးနွှေးဖို့ မီးမွှေးရတယ်။ ပြီးရင် ဆရာတော်ကုဋီတက် ရေဖြည့်ရတယ်။ တံမြက်စည်းလှဲရတယ်။

အဲဒီတုန်းကတော့ သူဟာ ဘုန်းကြီးကျောင်းမှာ မှီခိုနေရတဲ့ သာမန်ကောင်လေးတစ်ယောက်ပါ။ သူ့အဖေနဲ့အမေကို သူ မမြင်ဖူးခဲ့ဘူး။ ယုတ်စွအဆုံး နာမည်တောင် မသိခဲ့ရဘူး။ ဆရာတော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက် ဦးပဥ္စင်း ပြောပြလို့ သိရတာက သူ့မိဘတွေဟာ သူ့ကို ဘုန်းကြီးကျောင်းရှေ့မှာ လာပစ်သွားကြသတဲ့။ ဆရာတော်က သနားလို့ သူ့ကို မွေးစားထားခဲ့တာဆိုပဲ။ အဲဒီကတည်းက ဘယ်ဆီနေမှန်းမသိတဲ့ သူ့မိဘတွေကို စိတ်နာနေခဲ့တာ ဒီနေ့အထိပဲ။

သူ ကျောင်းနေရမယ့် အရွယ်ရောက်တော့ ဆရာတော်ရဲ့ ကျေးရူးကြောင့် အတန်းကျောင်းနေခဲ့ရတယ်။ ကျောင်းအပ်တော့ သူ့မိဘနာမည်ကို ပါးစပ်ထဲ တွေ့ကရာနာမည် ပေးလိုက်ရတယ်။ နောက်နှစ် ကျောင်းပြန်အပ်တော့ အရင်နှစ်ကပေးခဲ့တဲ့နာမည်ကို သူ မမှတ်မိတော့ဘူး။ ခေါင်းပူမတတ် စဉ်းစားပေမယ့်လည်း ဘယ်လိုမှ စဉ်းစားလို့ မရတော့ဘူး။ ဒါနဲ့ပဲ ဦးဒုက္ခနဲ့ ဒေါ်သမုဒယ လို့ ပြောလိုက်တော့ ဆရာမက ရယ်ပါလေရော။

"အဲ့ဒါ သစ္စာလေးပါးထဲက ပထမသစ္စာနဲ့ ဒုတိယသစ္စာပဲ ကလေးရဲ၊ ကဲပြော ... မင်းအဖေနာမည်နဲ့ အမေနာမည်"

"ဟို ... ကျွန်တော်မသိဘူး ဆရာမ"

"အလိုလေး ... ကိုယ့်အဖေအမေနာမည်တောင် မသိဘူးလား ချာတိတ်ရဲ"





ဆရာမ စကားကြောင့် သူ မျက်ရည်ဝဲလာတော့ ဆရာမက "ဘာဖြစ်လို့လဲ" လို့ မေးတယ်။ ဒါနဲ့ပဲ ဆရာမကို သူ့ဘဝ အကြောင်း ပြောပြလိုက်တော့ ဆရာမက သနားသွားတယ် ထင်ပါရဲ့။

"ကဲ ... ကဲ ... မငိုနဲ့တော့၊ မင်းမိဘနာမည်ကို ဆရာမပဲ သင့်တော်သလို ရွေးပေးမယ်"

ဒီလိုနဲ့ပဲ ဆရာမ ရွေးပေးခဲ့တဲ့ သူ့မိဘနာမည်ဟာ မှတ်ပုံတင်ထဲအထိ အတည်ဖြစ်ခဲ့ရတယ်။ ဆရာမက သူ့အပေါ် နားလည်သလောက် ကျောင်းသားတွေကတော့ သူ့ကို ဝိုင်းနှိမ်ကြတယ်။ "ဘုန်းကြီးကျောင်းသား၊ အလကား၊ မိမရှိဖမရှိသား" တဲ့။ မကြားတကြား လှောင်ကြတယ်။ ပထမတော့ သူ သည်းခံပါတယ်။ သည်းမခံနိုင်တဲ့အဆုံးမှာတော့ သူ ရန်ဖြစ်ပါလေရော။

ကံဆိုးချင်တော့ သူနဲ့ရန်ဖြစ်တဲ့ကောင်က ဆိစက်၊ ဆန်စက်တွေ ပိုင်တဲ့ မြို့မျက်နှာဖုံး သူဌေးကြီးရဲ့သား ဖြစ်နေတယ်။ ဘာပြောကောင်းမလဲ။ နောက်တစ်နေ့ အဲဒီကောင်ရဲ့ အမေ ကျောင်းကိုလိုက်လာပြီး သူ့ကို ရန်တွေ့ပါလေရော။

"မင်းကို ငါ့သားက ဘုန်းကြီးကျောင်းသားလို့ ခေါ်တာ မှားလို့လား၊ ပြီးတော့ မိဘမရှိဘူးလို့ပြောတာ နာစရာလား" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတယ်၊ ဆရာမက သူ့ဘက်က ဝင်ရပ်ပေးပေလို့။ နို့မို့ဆို ပါးများ ပိတ်ရိုက်သွားမလား မသိဘူး။ ဘာပဲဖြစ်ဖြစ် ရန်ဖြစ်ပြီးနောက်ပိုင်း အရင်ကလောက်တော့ ဝိုင်းမစကြတော့ဘူး။ ဒါပေမဲ့ မတူသလို မတန်သလို ဆက်ဆံကြတုန်းပဲ။ အမှန်တော့ ဆက်ကို မဆက်ဆံကြတာပါ။

တကယ်လို့များ သူ့မှာ မိဘမရှိရင်တောင် ပိုက်ဆံရှိမယ်၊ အာဏာရှိမယ်ဆိုရင် သူတို့ အဲဒီလို လှောင်ပြောင်ရဲပါ့မလား။ မတူမတန်သလို ဆက်ဆံရဲပါ့မလား။ သူကသာ အဲဒီကျောင်းသားတွေကို နေ့တိုင်း မုန့်ဝယ်ကျွေးမယ်၊ မုန့်ဖိုးတွေ ထုတ်ပေးမယ်ဆိုရင် သူတို့အားလုံး သူ့ခြေသလုံးကို ပြေးဖက်ကြမှာပါ။ အဲ့ဒီအသိဟာ အဲ့ဒီအချိန်ကစပြီး သူ့ရင်ထဲကို သံမှိုနဲ့ရိုက်သလိုစွဲဝင်သွားခဲ့တယ်။

ဒါကြောင့် ဆရာတော်က "မင်းကြီးလာရင် ဘာလုပ်မလဲ" လို့ မေးတိုင်း ....

"တပည့်တော် သူဌေးလုပ်မယ်ဘုရား"

လို့ ဖြေခဲ့တယ်။ သူ့အဖြေကြောင့် ဆရာတော်က ရယ်ပြီး ပြန်ပြောတယ်။





"မင်း ကြီးလာရင် ဘုန်းကြီးလုပ်ရမှာကွ၊ လောကုတ္တရာ အလုပ်တွေ လုပ်ရမှာ" တဲ့။

✵ ✵ ✵

ညဘက် ဝတ်တက်ပြီးတာနဲ့ ဆရာတော်က သူ့ကို စာချပေးလေ့ရှိတယ်။ အရွယ်လေး နည်းနည်းရလာတော့ အရိယသစ္စာလေးပါးအကြောင်းနဲ့ မဂ္ဂင်ရှစ်ပါးအကြောင်းကို ကျကျနန ရှင်းပြတယ်။ တစ်ခုခုကိုရှင်းပြပြီးတိုင်းလည်း သူ့ကိုပြန်မေးလေ့ရှိတယ်။

"သိ, ပယ်, ဆိုက်, ပွား ဆိုတာ ဘာလဲကွ"

"သိ, ပယ်, ဆိုက်, ပွား ဆိုတာ သမုဒယသစ္စာ ဆိုတဲ့ သမုဒယကြောင့် ဒုက္ခဖြစ်ကြောင်း (သိ) အောင် ကြိုးစားရပါမယ်၊ အဲဒီလိုသိရင် ဒုက္ခဖြစ်စေတဲ့ သမုဒယကို (ပယ်) ရပါမယ်။ ပြီးတော့ နိရောဓလို့ခေါ်တဲ့ ဒုက္ခတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို (ဆိုက်) အောင် မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို (ပွား) များရပါမယ်"

"မဂ္ဂင်ရှစ်ပါးကို ပွားများတာတော့ ဟုတ်ပါပြီ၊ ဘာတွေကို ဘယ်လိုပွားများရမှာလဲ"

"(သမ္မာဒိဋ္ဌိ) မှန်သောအမြင် ရှိရပါမယ်၊ (သမ္မာသင်္ကပ္ပ) မှန်သောကြံစည်မှု ရှိရပါမယ်၊ (သမ္မာဝါစာ) မှန်သောစကားကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုရပါမယ်၊ (သမ္မာကမ္မန္တ) မှန်သောအလုပ်ကို လုပ်ရပါမယ်၊ (သမ္မာအာဇီဝ) မှန်သော အသက်မွေးဝမ်းကျောင်း ပြုရပါမယ်၊ (သမ္မာဝါယမ) မှန်သော လုံ့လ ဖြစ်ရပါမယ်၊ (သမ္မာသတိ) မှန်သောသတိ ရှိရပါမယ်၊ (သမ္မာသမာဓိ) မှန်သောတည်ကြည်မှု ရှိရပါမယ်၊ အဲဒါ တပည့်တော်တို့ ပွားများရမယ့် မဂ္ဂင်ရှစ်ပါးပဲ ဘုရား"

"ရဟန်းသိက္ခာပုဒ် ဘယ်နှပါးရှိသလဲ၊ မှတ်မိသေးလားကွဲ"

"အကျဉ်း ၂၂၇ ပါး၊ အကျယ် ကုဋေလေးထောင် ကျော်ပါတယ် ဘုရား"

"စိတ် ဘယ်နှပါးရှိသလဲ"

"စိတ်တစ်ခုယုတ် ကိုးဆယ် ၈၉ ပါးပါဘုရား၊ လောကီစိတ် ၈၁ ပါးနဲ့ လောကုတ္တရာစိတ် ၈ ပါး၊ အကျယ် ၁၂၁ ပါး ရှိပါတယ် ဘုရား"

"အေး ... သာဓု ... သာဓု၊ မင်းဉာဏ်ကောင်းတယ်၊ ကဲ ... ကဲ ... ဒီနေ့တော့ နားလိုက်ဦး"

ဒီလိုနဲ့ တန်းကျောင်းစာတွေအပြင် ဆရာတော်ရဲ့ ပရိယတ္တိစာတွေကိုပါ သူ သင်အံ ကျက်မှတ်ခဲ့ရတယ်။ ဆရာတော် ပြောသလို သူက ဉာဏ်ကောင်းတဲ့အတွက် အတန်းစာမေးပွဲတွေ





မှန်မှန်အောင်သလို ဆရာတော် ချပေးသမျှ စာတွေကိုလည်း မှန်မှန်လိုက်နိုင်ခဲ့တယ်။ အဲဒီအတွက် ဆရာတော်က ဂုဏ်ယူပုံပါပဲ။ ဒကာ ဒကာမတွေလာတိုင်း "ဒီကောင်က တစ်ချိန်ကျရင် ပိဋကတ်သုံးပုံကို အာဂုံဆောင်မယ့်ကောင်" လို့ ပြောလေ့ရှိတယ်။

ပြီးတော့ လူနည်းနည်းထူပြီ ဆိုတာနဲ့ သူ့ကို ပရိသတ်ရှေ့ ခေါ်ပြီး ပွဲထုတ်တော့တာပဲ။

"ဟောဒီဒကာမကြီးကို စိတ် စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း နည်းနည်းလောက် ရှင်းပြလိုက်ပါဦး"

ဆရာတော်က အဲဒီလို ခိုင်းပြီဆိုရင် အာယတန ၆ ပါး ကြောင့် ဓာတ်ကြီး ၁၈ ပါး ဖြစ်လာပုံကို စက္ခုဆိုတဲ့ (မျက်လုံး) ကနေ ရူပါရုံ (အဆင်း) ကို တွေ့ပြီး စက္ခုဝိညာဏ (မြင်သိမှု) ဖြစ်လာပုံအထိ ရှင်းပြရတယ်။ ပြီးတော့ အဲဒီလိုမြင်တာကို ငါမြင်တယ်လို့ မှတ်ရင် သက္ကာယဒိဋ္ဌိဖြစ်ကြောင်း၊ သက္ကာယဒိဋ္ဌိဟာ သေရင်တောင် အပယ်လားနိုင်ကြောင်း ဆရာတော် သင်ထားသမျှ အကုန်ရှင်းပြရတော့တာပဲ။

အဲဒီလို ရှင်းပြလို့ ပရိသတ်က "ငယ်ငယ်ရွယ်ရွယ်နဲ့ တော်လိုက်တာ" လို့ ဝိုင်းချီးမွမ်းကြရင် ဆရာတော်က ပြုံးပြုံးကြီး ခိန့်လေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က တန်းကျောင်းတစ်ဖက်နဲ့မို့ စာဝါကို ညပဲ လိုက်ခွင့်ရလို့ဗျ၊ နေ့ရောညပါ လိုက်ခွင့်ရရင် နောက်နှစ်နှစ် သုံးနှစ်လောက်ဆို ပထမငယ် ဝင်ဖြေနိုင်းလို့ရတယ်"

(ဆရာတော်ဟာ တစ်ချိန်ကျရင် သူ့ကို သင်္ကန်းဝတ်နဲ့ မြင်ချင်ပုံပါပဲ။ ဒါကြောင့် ဆရာတော်က ပိဋကအခြေခံပြီးရင် သဒ္ဒါ၊ သင်္ဂြိုဟ်နဲ့ ဝိနည်းထိ စာလိုက်ရမယ်လို့ မိန့်ကြားတယ်။) ညတိုင်းလည်း တစ်ရက်မပျက် စာချပေးတယ်။

ဆရာတော် ရှင်းပြတဲ့အထဲမှာ စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ လူ့ဘဝသံသရာရဲ့အဆုံးအစမရှိပုံ၊ စက်ဝိုင်းသဏ္ဌာန်ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်ပါပဲ။

အဲ့ဒီ အဆုံးအစမရှိတဲ့ စက်ဝိုင်းပေါ်မှာ နောင်တစ်ချိန် သူ လမ်းလျှောက်နေလိမ့်မယ်ဆိုတာ ဆရာတော် ရိပ်မိပုံမရဘူးနဲ့ တူပါရဲ့။

ဒါကြောင့် သူ ဆယ်တန်းအောင်တော့ တက္ကသိုလ် ဆက်တက်မလား၊ သင်္ကန်းစည်းမလားလို့ မေးတယ်။ သူက နှစ်ခုစလုံးကို ငြင်းလိုက်ပြီး အလုပ်လုပ်ချင်တယ်လို့ ဖြေလိုက်တယ်။ တကယ်လို့ တက္ကသိုလ်တက်ပြီး ဘွဲ့ယူရင် လေးနှစ်ကြာမယ်။ အဲ့ဒီ အချိန်တွေကို အလုပ်လုပ်ရင်း ကြီးပွားချမ်းသာသွားပြီဆိုပါတော့။





အဲ့လိုသာဆိုရင် တစ်ချိန်က သူ့ကို လှောင်ပြောင်ခဲ့တဲ့၊ သူနဲ့ အတူတူ ဆယ်တန်းအောင်ပြီး နောက်လေးနှစ်ကြာရင် ဘွဲ့ရကြမယ့် ကျောင်းသားတွေကို လခကောင်းကောင်းပေးပြီး သူ့အလုပ်မှာ ပြန်ခိုင်းနိုင်မယ်။

တကယ်တော့ ဒါဟာ လောကကြီးကို စိတ်ချဉ်ပေါက်နေတဲ့ ဟိုမရောက် ဒီမရောက် ကောင်လေးတစ်ယောက်ရဲ့ စိတ်ကူးယဉ်အတွေးတွေပါ။ ဒါပေမဲ့ အဲ့ဒီအတွေးတွေကို မသိရှာတဲ့ ဆရာတော်က မျက်နှာအိုသွားပြီး စိတ်မကောင်းသံနဲ့ ရေရွတ်တယ်။

"ငါက မင်းကို ဘုန်းကြီးဝတ်စေချင်တာကွ"

"အချိန်တန်တော့ ဝတ်ပါမယ်ဘုရား၊ လောလောဆယ်တော့ အလုပ်လုပ်ရင်း ဆရာတော်တို့ကို ကျေးဇူးဆပ်ချင်ပါတယ်"

ဆရာတော်က တော်တော်နဲ့ ခွင့်မပြုဘူး။

"ဖယောင်းတိုင်နားနေပြီး အလင်းရောင်မရတဲ့ကောင်" လို့ ကြိမ်းတယ်။ သူကတော့ ဆရာတော် ခွင့်မပြုမချင်း နားငြီးလောက်အောင် လျှောက်တယ်။ ဆရာတော့် လက်ထောက်ဦးပဉ္ဇင်းကိုလည်း ကပ်ပြီး အကူအညီတောင်းတယ်။ နောက်ဆုံးတော့ သတ္တဝါတစ်ခု ကံတစ်ခုဆိုတာကို ဆရာတော် သတိရသွားဟန် တူပါရဲ့။ သူ့ကို အလုပ်လုပ်ခွင့် ပြုလိုက်တယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ကျရင် ပြန်လာပြီး သက်န်းဝတ်ပါမယ်ဆိုတဲ့ ကတိကို တော့ တောင်းဖြစ်အောင် တောင်းလိုက်သေးတယ်။

သူကလည်း အလုပ်လုပ်ချင်နေတဲ့သူ ဆိုတော့ "တင်ပါ့ဘုရား" ပေါ့။ ဆရာတော်က သူ့ဒကာတစ်ယောက်ရဲ့ လက်သစ်ခွဲစက်ပါ တွဲထားတဲ့ သစ်ဆိုင်မှာ အလုပ်သွင်းပေးတယ်။

ဒီလိုနဲ့ ဘုန်းကြီးကျောင်းသားလေးဘဝကနေ သစ်ခွဲစက် အလုပ်သမားလေးဘဝကို သူ ရရှိလာခဲ့တယ်။

✤ ✤ ✤



(၃)

တုံးမောင်းခေါက်သံ၊ ဝတ်ရွတ်သံတွေအကြား သစ်စက် လွှဝိုင်းကြီးရဲ့ အော်မြည်သံတွေကြားကို ရောက်ရှိလာတဲ့ သူဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ သူ့အလုပ်ကို တာဝန်ကျေအောင် ကြိုးစားပြီး လုပ်ခဲ့တယ်။

အစက လေကြီးထိုး ရိုးရိုးနေတတ်တဲ့ သစ်စက်ပိုင်ရှင်ဟာ ဆရာတော့်စကားကြောင့်သာ သူ့ကိုလက်ခံခဲ့ရပေမယ့် သိပ်တော့ မျှော်လင့်ထားပုံမရဘူး။ ဒါပေမဲ့ သူက အလုပ်ကို ကြိုးကြိုးစားစား လုပ်ပြလိုက်တဲ့အခါ တဖြည်းဖြည်း သူ့ကို သဘောကျ အရေးပေး လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း အလကားမနေဘဲ သစ်အကြောင်းကို လေ့လာဆည်းပူးတယ်။ လွှဝိုင်းကြီးရဲ့အသံကို နားထောင်ရင်း၊ သစ်မှုန့် သစ်နံ့တွေကို ရှူရှိုက်ရင်း တစ်ချိန်ကျရင် သူဌေးဖြစ်ရမယ်ဆိုတဲ့ အိပ်မက်ကိုလည်း သူ မက်ကောင်းမက်နေတုန်းပဲ၊၊

ဒီလိုနဲ့ တဖြည်းဖြည်း သစ်တွေကို အမျိုးအစား ခွဲတတ်လာတယ်။ သစ်တန်ချိန် တွက်တတ်လာတယ်။ သစ်အကြောင်းကို နားလည်လာတာနဲ့အမျှ သူ တစ်ခု သတိပြုမိလာတာကတော့ သစ်စက်ကထွက်တဲ့ လွှစာမှုန့်တွေကိစ္စပဲ။ သူတို့သစ်စက်ကထွက်တဲ့ လွှစာမှုန့်တွေကို ပုတ်ပြတ်ချုပ်ပြီး လာဝယ်တဲ့လူတစ်ယောက်ရှိတယ်။ အဲဒီလူက လွှစာမှုန့်တွေဝယ်ပြီး ဘာအတွက် အသုံးချမှာသလဲဆိုတာ သူ သိပ်သိချင်လာတယ်။

ဒါကြောင့် သစ်စက်ပိုင်ရှင် သူဌေးကို မေးကြည့်တော့ ...

"သူ တစ်ခုခုသုံးစရာရှိလို့ ဖြစ်မှာပေါ့ကွာ" တဲ့။

သူဌေးလည်း ရေရေရာရာ မဖြေနိုင်ဘူး။ သူဌေးက အလွန်အေးတဲ့ ရှေးရိုးစာအုပ်ကြီးသမားပါ။ ဒါကြောင့် လွှစာမှုန့်တွေကိစ္စကို သိအောင် သူ့ဘာသာသူပဲ ကြိုးစားရတော့တယ်။ ပုတ်ပြတ်လာဝယ်တဲ့လူကို မေးရင် အတိအကျဖြေမှာ မဟုတ်ဘူးဆိုတာ သူ တွေးမိတယ်။





ဒါကြောင့် တစ်ပတ်တစ်ခါ လွှစာမှုန့်တွေကို ကားနဲ့ လာတိုက်ယူရတဲ့ အဲဒီလူရဲ့အလုပ်သမားတွေကို ကွမ်းတန်သည်ကွမ်း၊ ဆေးလိပ်တန်သည် ဆေးလိပ်နဲ့ ကပ်ပေါင်းပြီး မေးရတယ်။ ပုစ္ဆာတိုင်းမှာ အဖြေရှိသလို သူသိချင်နေတဲ့ကိစ္စမှာလည်း အဖြေက အသင့်ရှိနေခဲ့တယ်။ သူတို့သစ်စက်က လွှစာမှုန့်တွေရဲ့ ခရီးအဆုံးဟာ ပုဂ္ဂလိက သကြားစက်တစ်ခု ဖြစ်ပါသတဲ့။

အဲဒီ သကြားစက်ကို လွှစာမှုန့် ဝယ်တဲ့လူ ပိုင်သလားဆိုတော့ မပိုင်ဘူးတဲ့။ ဒါဆိုရင်တော့ အဖြေက တော်တော်ရှင်းသွားပါပြီ။ သူတို့ဆီက လွှစာမှုန့်တွေကို ပုတ်ပြတ်ဝယ်ပြီး သကြားစက်တွေမှာ အမြတ်တင် ပြန်ရောင်းတဲ့သဘောပေါ့။

သူ သိချင်နေတဲ့ကိစ္စကို ရှင်းရှင်းလင်းလင်း သိလိုက်ရပေမယ့် သူက ဒီလောက်နဲ့ မကျေနပ်နိုင်သေးတဲ့အတွက် သကြားစက်တွေဆီကို ရောက်ခဲ့ရပြန်တယ်။ လွှစာမှုန့်ဘယ်ဈေးနဲ့ ဝယ်ရသလဲ စုံစမ်းဖို့ပါ။ သကြားဖိုတစ်ခုက ပိုင်ရှင်တစ်ယောက် ပြောပြတဲ့ ဈေးနှုန်းကိုကြားတော့ သူ တော်တော်အံ့သြသွားတယ်။ သူတို့ ရောင်းလိုက်တဲ့ လွှစာမှုန့်ရဲ့တန်ဖိုးနဲ့ သကြားစက်က ပြန်ဝယ်တဲ့ တန်ဖိုးနှစ်ခုရဲ့ ကွာဟမှုဟာ တော်တော့်ကို ကြီးမားနေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ပြတ်သမားဟာ တခြားသစ်စက်မှာဆိုရင် လွှစာမှုန့်တွေကို ဈေးကြီးပေးဝယ်ကောင်း ဝယ်ရမှာဖြစ်ပေမယ့် သူတို့သစ်စက်မှာတော့ ပိုင်ရှင်ရဲ့ ရိုးရိုးအေးအေး နေတတ်မှုကြောင့် ချိုချိုချောင်ချောင်ဈေးနဲ့ ရနေပုံပါပဲ။

အဲဒီကိစ္စတွေအားလုံးကို သေသေချာချာသိပြီးသွားချိန်မှာတော့ သစ်စက်ပိုင်ရှင်ကို လွှစာမှုန့်တွေ မရောင်းတော့ဖို့ သူ ပြောလိုက်တယ်။

“မရောင်းလို့ ဘယ်ဖြစ်မလဲကွ၊ ဖောက်သည်တစ်ယောက် ဆုံးရှုံးသွားမှာပေါ့၊ နောက်ပြီး သူ့ကိုမရောင်းရင် ဒီလွှစာမှုန့်တွေကို ဘာလုပ်ရမှာလဲ၊ သံပုံးနဲ့ လာဝယ်တဲ့ လက်ဖက်ရည်ဆိုင် လက်လီသမားတွေကို ရောင်းရင်လဲ အလုပ်ရှုပ်ရုံပဲ အဖတ်တယ်မှာပေါ့”

“ခု ပုတ်ပြတ်သမားကို ဦးလေးရောင်းနေတဲ့ဈေးထက် ပိုပေးမယ့်လူ ရှိတယ်ဆိုရင် ဦးလေး စိတ်မဝင်စားဘူးလား”

သူ့ဒွေးက မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ သူ့ကိုကြည့်တယ်။

“မင်းဟာက ဖြစ်နိုင်ပါ့မလားကွာ၊ ခုဈေးနဲ့ ရောင်းလာတာ ကြာလှပြီ၊ ဈေးပိုရဖို့မပြောနဲ့ ခုရောင်းနေတဲ့ ဈေးကိုတောင် များလို့ လျှော့ပါဦးလို့ ပုတ်ပြတ်ဝယ်တဲ့လူက ပြောနေတဲ့ဥစ္စာ”





“ကျွန်တော့်ကို အချိန်နှစ်ပတ်ပဲပေးပါ၊ ဦးလေး ခုရနေတဲ့ဈေးထက် ပိုရဖို့ ကျွန်တော်တာဝန်ယူပါတယ်”

သူ့ ရဲရဲကြီး အာမခံလိုက်တော့ ရိုးရိုးကြီး နေတတ်တဲ့ သူ့ဒွေးက ချီတုံချတုံ ဖြစ်နေသေးတယ်။

“မင်း သေချာတယ်နော်”

“သေချာပါတယ် ဦးလေးရဲ့၊ စိတ်ချပါ”

အဲဒီနောက်တော့ နှစ်ပတ်လောက် ကြာတဲ့အထိ သူ အချိန်ဆွဲနေလိုက်တယ်။ နှစ်ပတ်ပြည့်တော့မှ သူ့ရဲ့ အဓိက ပစ်မှတ်ဖြစ်တဲ့ (အရင်ပုတ်ပြတ်သမား သွင်းနေကျ) သကြားစက်ကို သွားပြီး အခြေအနေကို စုံစမ်းတယ်။ သူ မျှော်လင့်ထားတဲ့အတိုင်းပါပဲ။ သကြားဖိုအတွက် အဓိက လောင်စာဖြစ်တဲ့ လွှစာမှုန့် အခက်အခဲ ဖြစ်နေကြောင်း ညည်းသံကြားရတယ်။

သူကလည်း အဲဒီအတိုင်း ဖြစ်ချင်နေတာပါ။

အရင်သွင်းနေကျပုတ်ပြတ်သမားကတော့ တခြားသစ်စက်တွေဆီ လွှစာမှုန့်လိုက်ဝယ်နေလိမ့်မယ်။ ဒါပေမဲ့ သစ်စက်တိုင်းမှာ သူ့လိုပဲ ပုတ်ပြတ်ဝယ်နေကျလူတွေ ရှိနေနိုင်တာမို့ ချက်ချင်းကြီး အဆင်ပြေဖို့တော့ မလွယ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခင်ဗျားတို့ သိကြားစက်အတွက် လွှစာမှုန့် သွင်းပေးနိုင်ပါတယ်"

သကြားဖိုပိုင်ရှင်နဲ့ သူ ဆယ်မိနစ်လောက် စကားပြောလိုက်တယ် ဆိုရင်ပဲ အားလုံးအဆင်ပြေသွားတော့တယ်။ သူက အရင်သွင်းနေကျလူ သွင်းတဲ့ဈေးထက် နည်းနည်းပိုတောင်းလိုက်ပေမယ့် လောင်စာအပြတ်မခံနိုင်တဲ့ သကြားဖိုပိုင်ရှင်က သူ့တောင်းတဲ့ ဈေးအတိုင်း သဘောတူခဲ့တယ်။

အဲဒီနောက်တော့ သစ်စက်အလုပ်သမားလေးဟာ တစ်ပတ်တစ်ခါ လွှစာမှုန့် ကန်ထရိုက်သွင်းသူပါ ဖြစ်လာတယ်။ သူက အမြတ်နည်းနည်းပဲယူပြီး ကျန်တာ သူဌေးကို အကုန်ပေးတော့ အရင်ရနေကျဈေးထက် ပိုရလို့ သူဌေးကလည်း ကျေနပ်တယ်။

"မင်း တော်တော် အကွက်မြင်တာပဲ"

လို့ အထင်တကြီး ချီးမွမ်းတယ်။

(သူဌေး ချီးမွမ်းတဲ့အချိန်မှာပဲ သူက နောက်ထပ်အကွက်ကောင်း တစ်ခုကို တွေ့ထားပြန်တယ်။) လွှစာမှုန့်သွင်းခွင့်ရရုံလောက်နဲ့ မကျေနပ်နိုင်တဲ့ သူဟာ သစ်တိုသစ်စ အလေအလွင့်တွေကို လပေးနဲ့ သူ့ကိုရောင်းဖို့ သူဌေးကို ပြောလိုက်တယ်။ သူဌေးက တအံ့တသြနဲ့ မင်း ဘာလုပ်မလို့လဲလို့ မေးတော့ ....





"ကျွန်တော် လုပ်စရာရှိလို့ပါ"

လို့ပဲ ပြန်ပြောလိုက်တယ်။ သူဌေးက ပြုံးပြီး ခေါင်းညိတ်တယ်။

"အေးလေ ... မင်း ဘာလုပ်မလဲ ငါ စောင့်ကြည့်ရတော့မှာပေါ့"

✤ ✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

(၄)

သူဌေးဆီက သဘောတူညီချက်ရတယ်ဆိုရင်ပဲ သူလုပ်ငန်းကို စတင် အကောင်အထည်ဖော်တော့တယ်။ ည ဆယ့်နှစ်နာရီထက် စောပြီး မအိပ်တတ်တဲ့ သူ့အကျင့်ဟာ ဒီနေရာမှာ သူ့ကို ကောင်းကောင်းအကျိုးပြုခဲ့တယ်။ နောက်ပြီး သူဌေးရဲ့အိမ်က သစ်စက်နဲ့ နှစ်ပြကျော်လောက်မှာ ရှိပြီး သူက သစ်စက်မှာ ညစောင့်အိပ်ရတဲ့ အချက်ကလည်း သူ့လုပ်ငန်းကို အနှောင့်အယှက် ကင်းကင်းနဲ့ အကောင်အထည် ဖော်နိုင်အောင် အထောက်အကူပြုခဲ့တယ်။

ညစာစားပြီးပြီ ဆိုတာနဲ့ သစ်တို သစ်စလေးတွေကိုစုပြီး ခွေးခြေလေးတွေ၊ ထိုင်ခုံ အသေးစားလေးတွေ လုပ်တယ်။ ပြီးတော့ အဲဒီအကြမ်းထည်လေးတွေကို လက်ဖက်ရည်ဆိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်စပ်တယ်။ ဆိုင်တွေလိုက်သွင်းတယ်။ သူတို့သစ်စက်နားက အလုပ်လက်မဲ့လူတချို့ကို ခင်အောင်ပေါင်းပြီး ကော်မရှင်စားနဲ့ လမ်းတကာလှည့်ရောင်းခိုင်းတယ်။

ဘာမဟုတ်တဲ့ လုပ်ငန်းကလေးက သူ မျှော်လင့်ထားတာထက် ပိုပြီးအောင်မြင်ခဲ့တယ်။

“မင်းကတော့ တကယ့်အာဂလူပဲကွာ၊ ဒီခုံတွေကို မင်း တစ်ညလုံးလုပ်တာလား”

“မဟုတ်ပါဘူး၊ ညဆယ့်နှစ်နာရီလောက်ထိပဲ လုပ်တာပါ၊ မနက် လေးနာရီလောက်မှ တစ်ခါပြန်ထပြီး လုပ်ပါတယ်”

နောက်ပိုင်း သူတစ်ယောက်တည်း မနိုင်တော့လို့ သူလိုပဲ သစ်စက်မှာ အလုပ်လုပ်နေတဲ့ ကောင်လေးတစ်ယောက်ကို အကူလက်သမားအဖြစ် ငှားရမ်းရတဲ့အထိ ဖြစ်လာတယ်။

သူဌေးက သူ့ရဲ့ လာဘ်မြင်ပုံတွေကို သဘောကျပြီး တဖြည်းဖြည်း နေရာပေးလာတယ်။ သူ့ရဲ့ ရိုးသားမှုကို ယုံကြည်ပုံလည်း ရတယ်။

“ငါ အပြင်သွားမလို့၊ မင်း ဆိုင်ခဏကြည့်ထားလိုက်စမ်းပါ”

“ဟုတ်ကဲ့ ဦးလေး”





တစ်ခါတလေ သူဌေး အပြင်သွားတဲ့အခါ ဆိုင်ကို သူနဲ့ လွှဲထားတတ်လို့ ဆိုင်မန်နေဂျာတစ်ပိုင်း ဖြစ်လာသလို သူဌေးအိမ်ကိုလည်း ဝင်ထွက်ခွင့်ရလာတယ်။ သူဌေးကိုယ်တိုင်က လိုလိုလားလား ဖိတ်ခေါ်တာပါ။

“ဒီည တီဗီအစီအစဉ် ကောင်းတယ်ကွ၊ မင်း အိမ်မှာ တီဗီ လာကြည့်ပါလား”

“ဟုတ်ကဲ့”

ဒီလိုနဲ့ပဲ သူဟာ သူဌေးရဲ့ အရေးပေးမှုကို ရရှိလာသလို သူဌေးသမီးအကြီးရဲ့ စိတ်ဝင်စားမှုကိုလည်း ရရှိလာရတယ်။

✵ ✵ ✵

ဘုန်းကြီးကျောင်း တစ်ကျောင်း ရှေ့မှာ စွန့်ပစ်ခံခဲ့ရတဲ့ ကောင်လေးတစ်ယောက်ရဲ့ ကုသိုလ်ကံ အကျိုးပေးထူးတာတစ်ခုကတော့ ယောကျ်ားပီသပြီး ချောမောတဲ့ ရုပ်ရည်ကို ပိုင်ဆိုင်ထားတဲ့ ကိစ္စပါပဲ။

သူ့ရုပ်ရည်နဲ့ပတ်သက်ပြီး သူတစ်ခါမှအလေးအနက်မစဉ်းစားခဲ့မိပေမယ့် မကြီးကတော့စဉ်းစားမိပုံပါပဲ။ ဒါကြောင့်လည်း သူ့ကို အရေးတယူနဲ့ ရေလာမြောင်းပေး လုပ်လာတာ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး၊ ထမင်းစားပြီးမှ ပြန်နော်"

"ကျွန်တော် စားလာခဲ့ပြီ မမကြီး"

"အို … တို့က မင်းစားမယ် အောက်မေ့လို့ တကူးတက ဟင်းတွေပိုချက်ထားတာ"

"ကျွန်တော် နောက်ကြုံတဲ့အခါ စားပါ့မယ်"

"ကြုံတဲ့အခါတွေဘာတွေ လုပ်မနေနဲ့၊ မနက်ဖြန်လာစား တို့ အသည်းအမြစ်ဟင်း ချက်ထားမယ်"

သူဌေးမှာ သမီးနှစ်ယောက် ရှိတဲ့အနက် အကြီးဖြစ်တဲ့ မမကြီးက ချိတ်တိတ်တိတ် လုပ်လာပေမယ့် သူကတော့ စိတ်မဝင်စားခဲ့ဘူး။ မမကြီးက သူ့ထက် အသက်အများကြီး ကြီးတဲ့အပြင် ရုပ်ရည်ကလည်း သာမန် ရွက်ကြမ်းရေကျိုပါပဲ။ (အငယ်ဖြစ်တဲ့ မမလေးကတောင် သူ့ထက် အသက်လေးနှစ်တိတိ ကြီးတယ်။)

တကယ်လို့ မမကြီးက သူ့ထက် အသက်ငယ်ပြီး ရုပ်ရည်ချောမောနေမယ်ဆိုရင်တောင် သူကတော့ သူဌေးဖြစ်ဖို့လောက် စိတ်ဝင်စားမိမှာ မဟုတ်တာ အမှန်ပါ။ ဒါပေမဲ့ သူဌေးက မမကြီးနဲ့ သူ့ကို သဘောတူကြောင်း အရိပ်အမြွက် ပြလာတဲ့အခါ သူ့မှာ စဉ်းစားစရာဖြစ်လာတယ်။





ဒီကြားထဲ ဆယ်တန်းအောက်ပညာသင်ဖူးလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ သူ့ကို ဆိုင်မန်နေဂျာရာထူးအထိ တိုးမြှင့်လာပြန်တယ်။

"မင်းက စာရင်းဇယား နိုင်နင်းတယ်၊ အဲဒီတော့ သစ်စက် သစ်ဆိုင်ကိစ္စနဲ့ ပတ်သက်ပြီး ငွေရေးကြေးရေး အပိုင်းရော၊ အုပ်ချုပ်ရေးအပိုင်းပါ မင်းတာဝန်ယူ"

သာမန်အလုပ်သမားလေးတစ်ယောက်ကို ဆိုင်မန်နေဂျာရာထူး ခန့်အပ်တယ်ဆိုကတည်းက အဖြေက တော်တော်ရှင်းနေပါပြီ။ သစ်ခွဲစက် လွှဝိုင်းဆရာကတောင် သူ့ကိုနောက်တယ်။

"မင်း သူဌေးသမက်ဖြစ်သွားတဲ့အခါ တို့ကိုတော့ မမေ့မသွားပါနဲ့ကွာ"

"ဟာ … ဆရာကြီးကလဲ မဖြစ်နိုင်တာတွေ"

"မဖြစ်နိုင်တာလား … တကယ်ဖြစ်လာမှာလား ဆိုတာ လောင်းတောင် လောင်းလိုက်ချင်သေး ငါ့လူရာ"

တကယ်တော့ သူက အရှက်ပြေ ငြင်းလိုက်တာဖြစ်ပေမယ့် အခြေအနေက လွှဝိုင်းဆရာပြောတဲ့ အနေအထားကို တရွေ့ရွေ့ ဦးတည်နေတုန်းပဲ။ အရင်က သူဌေးအိမ်ကို တစ်ခါတလေသာ ဝင်ထွက်ခွင့်ရခဲ့တဲ့ သူဟာ မကြာမကြာ ဝင်ထွက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ရက်နှစ်ရက်လောက် မသွားဘဲ နေလိုက်တာနဲ့ သစ်ဆိုင် အလုပ်သမားတွေကို ထမင်းချိုင့် လာပို့လေ့ရှိတဲ့ အိမ်ဖော်မလေးကတစ်ဆင့် မမကြီးက သူ့ကို အခေါ်လွှတ်တယ်။ ဒါမှ မဟုတ်ရင်လည်း သူ့ခြေးကိုယ်တိုင်က တိုက်ရိုက်ပြော လာတယ်။

"မင်းအစ်မကတောင် မင်း အိမ်မလာတာ ကြာလို့တဲ့၊ မေးနေသေးတယ်၊ အိမ်လေးဘာလေး လာပါဦးကွ"

သူ့ခြေးရဲ့စကား ဆိုတော့လည်း သူ့အနေနဲ့ ဘယ်ငြင်းဝံ့ပါ့မလဲ။ ဒီလိုနဲ့ပဲ မမကြီးနဲ့ သူနဲ့ အနေအထားက မရင်းနှီးချင်ဘဲ ပိုပြီး ရင်းနှီးလာရတယ်။

"မောင်လေး ..... သစ်စက်နားက လက်ဖက်ရည်ဆိုင်မှာ သွားသွားထိုင်တယ်ဆို"

"ဟုတ်ကဲ့၊ လက်ဖက်ရည်သောက်ချိန်ဆိုရင် လွှဝိုင်းဆရာတွေ အတင်းခေါ်တာနဲ့ မကောင်းတတ်လို့ လိုက်သွားဖြစ်တာပါ"

"သိပါဘူး၊ တို့က အဲဒီဆိုင်က ကောင်မလေးကိုများ မင်း သွားငမ်းနေသလားလို့"

"မဟုတ်ပါဘူး"

"ဒါပဲနော် ... တို့မသိဘဲနဲ့တော့ ရှုပ်ဖို့မကြိုးစားနဲ့"





မမကြီး ပြောပုံက သူနဲ့ပဲ တရားဝင်ရည်းစားဖြစ်နေသလိုမျိုး အတည်ပေါက်ကြီး ပြောလာတာပါ။ ဒီပုံအတိုင်း ဆိုရင်တော့ လွှဝိုင်းဆရာရဲ့ စကား မှန်ဖို့ အချိန် သိပ်မလိုတော့ဘူးဆိုတာ သေချာနေပါပြီ။ တစ်ရက် ဆရာတော်ရဲ့ လက်ထောက် ဦးပဥ္ဇင်း သူ့ဆီကို ကြွလာတဲ့အခါမှာတော့ ပိုပြီးသေချာသွားပါတော့တယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

(၅)

အဲဒီနေ့က သစ်ဆိုင်မှာ သူဌေး မရှိဘူး။ ဦးပဉ္ဇင်း လာမယ်မှန်း သိလို့ တမင်ရှောင်နေတာဖြစ်မှာပါ။ နေ့လယ်ဘက်ကြီး အကြောင်းမကြား ဘာမကြားနဲ့ ဦးပဉ္ဇင်းကြွလာလို့ သူတော်တော် အံ့ဩသွားပေမယ့် ဘာကြောင့်ကြွလာသလဲ ဆိုတာကိုတော့ သူ ရိပ်မိနေသလိုပဲ။ အအေးတွေ ဘာတွေကပ်ပြီး ဆရာတော် နေကောင်းသလားလို့ မေးတော့ ကောင်းပါတယ်လို့ ပြန်ဖြေတယ်။

"မင်း ထွက်သွားပြီးတော့ ဆရာတော်က လောကီရေးရာ အရှုပ်အထွေးတွေ ကြားထဲမှာ ဒီကောင် ကြာကြာမနေနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွာ၊ ပြန်လာမှာပါ ... လို့မိန့်သကွ၊ ငါလဲ အစက ဆရာတော် ထင်သလိုပဲ ထင်ခဲ့တာ၊ နောက်ပိုင်း မင်း ဒီမှာပျော်နေပြီလို့ သိရတော့မှ တို့တွေ စိတ်လျှော့လိုက်ကြတာ"

ဦးပဥ္ဇင်း စကားကြောင့် သူ့ စိတ်မကောင်း ဖြစ်သွားတယ်။ တပည့်တော် ပြန်လာမှာပါဘုရားလို့လျှောက်တော့ ဦးပဥ္ဇင်းက ခပ်ဆန်းဆန်းပြုံးတယ်။

"အဝိဇ္ဇာ၊ သင်္ခါရကြောင့် ဘာတွေဖြစ်သလဲ မင်း မှတ်မိဦးမှာပေါ့"

ဦးပဥ္ဇင်းက ပဋိစ္စသမုပ္ပါဒ် ဒေသနာရဲ့ အင်္ဂါဆယ့်နှစ်ပါးထဲက ပထမနှစ်ပါးနဲ့ အစချီပြီး မေးလိုက်တာပါ။

"တပည့်တော် မှတ်မိပါတယ်ဘုရား၊ (အဝိဇ္ဇာ) (သင်္ခါရ) ကြောင့် (ဝိညာဉ်) နဲ့ (နာမ်ရုပ်) ဖြစ်ပြီး (အာယတန) ခြောက်ပါး ဖြစ်လာရပါတယ်၊ အာယတနကြောင့် တွေ့ထိမှု (ဖဿ) ဖြစ်ပြီး တွေ့ထိမှုကြောင့် ခံစားမှု (ဝေဒနာ)၊ တပ်မက်မှု (တဏှာ) နဲ့ စွဲလမ်းမှု (ဥပါဒါန်) တို့ ဖြစ်ရပါတယ်၊ ဥပါဒါန်ကြောင့် (ဘဝ) ဖြစ်ပြီး ဘဝကြောင့် (ဇာတိ) နဲ့ ) (ဇရာ၊ မရဏ) တို့ ဖြစ်လာရပါတယ် ဘုရား"





"မင်း တော်တော်မှတ်မိသေးတာပဲ၊ ဒါဖြင့် ခန္ဓာအိမ်ကို ဆောက်တာ ဘယ်သူလဲကွ"

"ဘဝတဏှာပါ ဘုရား"

"အေး ... ဘဝတဏှာကို မဖြတ်နိုင်သေးသမျှ မင်း ငါတို့ဆီကို ပြန်လာနိုင်ဦးမှာ မဟုတ်ဘူး၊ နောက်ဆို ငါတို့ဆီလာဖို့ ပိုတောင်ခက်ဦးမယ်"

"ဘာဖြစ်လို့လဲ ဘုရား"

သူ့အမေးကို ဦးပဥ္ဇင်းက ရိုးရိုးလေး ပြန်ဖြေတယ်။

မင်း မိန်းမရတော့မှာမို့လို့ပေါ့ ... တဲ့။

"သစ်စက်ပိုင်ရှင် ဒကာကြီးက သူ့သမီးအကြီးနဲ့ မင်းနဲ့ နေရာချပေးချင်တဲ့အကြောင်း ဆရာတော့်ကိုလာလျှောက်တယ်"

"ဆရာတော်က ဘာပြန်ပြောလိုက်သလဲ ဘုရား"

"လူတွေကိစ္စ လူတွေဘာသာရှင်းကြလို့ ပြန်ပြောလိုက်တယ်၊ ဒကာကြီးက မင်းကို တိုက်ရိုက်ပြောဖို့ကလဲ ခက်နေတော့ ငါ့ကိုလာပြီး အကူအညီတောင်းတယ်၊ အဲဒါကြောင့် ငါ ရောက်လာရတာပဲ၊ စက်ပိုင်ရှင် ဒကာကြီးပြောတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မင်း ဘယ်လိုသဘောရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် စဉ်းစားပါရစေဦး ဘုရား"

သူ တကယ်ပဲ စဉ်းစားရတော့တယ်။

ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့ပေမယ့် စဉ်းစားတဲ့နေရာမှာတော့ သူက လက်တွေ့ကျကျ စဉ်းစားတယ်။ သူ့ရဲ့ အဓိကဆန္ဒက သူဌေးဖြစ်ချင်တယ်။ တစ်နည်းအားဖြင့် အဝေးကြီးကို မြင်ချင်တယ်။

အဝေးကြီးကိုမြင်ချင်တဲ့လူတစ်ယောက်ဟာ အမြင့်ကြီးကို တက်ရမှာဖြစ်သလို အဲဒီလို တက်နိုင်ဖို့အတွက် လှေကားလည်း လိုတယ်။ သူရမယ့် လှေကားဟာ ဘယ်လောက်အထိ မြင့်နိုင်မလဲ။ သစ်လုပ်ငန်းဟာ လုပ်တတ်ရင် လုပ်တတ်သလောက် ကြီးပွားနိုင်တယ်။ သို့ပေမယ့် ရိုးရိုးအေးအေး နေတတ်တဲ့ သူဌေးက ဒီလောက်နဲ့ပဲရောင့်ရဲနေမယ်ဆိုရင် သူ့ဘဝဟာ ရေထဲလိမ့်ကျတာနဲ့ ဘာမှမထူးဘူး။

ဒါကြောင့် လုပ်ငန်းနဲ့ ပတ်သက်ပြီး သူဌေးက သူ့အပေါ် ဘယ်လောက်အထိ လုပ်ပိုင်ခွင့်ပေးမလဲဆိုတာ အရင်သိအောင် စမ်းသပ်ရလိမ့်မယ်။

တစ်ရက် သူ့စမ်းသပ်မှုကို အကောင်အထည်ဖော်တဲ့အနေနဲ့ သူဌေးကို သူ စကားစလိုက်တယ်၊





"ခုတလော သစ်ကွက်တွေ တင်ဒါဆွဲတဲ့ အလုပ်က တော်တော်အခြေအနေကောင်းတယ်လို့ ကြားတယ်၊ ကျွန်တော်တို့လဲ သစ်ကွက်တစ်ကွက်လောက် တင်ဒါဆွဲကြည့်ရင် မကောင်းဘူးလား ဦးလေး"

"အဲဒီအလုပ်က သိပ်ပင်ပန်းတယ်ကွ၊ တောထဲတောင်ထဲ အထိ အစားဆင်းရဲ အနေဆင်းရဲနဲ့ သွားလုပ်ရတာ၊ မဖြစ်ပါဘူးကွာ၊ ငါလဲ အသက်ကြီးပြီ၊ လုပ်နိုင်မှာ မဟုတ်ဘူး"

"ကျွန်တော် လုပ်နိုင်ပါတယ် ဦးလေး"

သူ အခိုင်အမာ ပြောလိုက်တော့ ယောက္ခမလောင်းကြီးက သူ့ကို အကဲခတ်သလိုစိုက်ကြည့်တယ်။ သူကလည်း ခပ်အေးအေးပဲ ပြန်ကြည့်နေလိုက်တယ်။ ကျားထိုးသလိုမျိုး သူတို့နှစ်ယောက် တစ်ယောက်စိတ်ကို တစ်ယောက် လှမ်းအကဲခတ်နေကြတာပါ။

"အရင်းအနှီးတော့ တော်တော်ကြီးလိမ့်မယ်ကွ"

"ဟုတ်ကဲ့၊ အကျိုးအမြတ်လဲ တော်တော်များနိုင်ပါတယ်"

နောက်ဆုံးတော့ တစ်ကောင်ချကျွေးမှ တစ်ကောင်စားရမယ် ဆိုတာ ယောက္ခမလောင်းကြီး ရိပ်မိသွားပုံရတယ်။ (သူ့ကိုလည်း ရိပ်မိစေချင်ပုံပါပဲ။) ဒါကြောင့် ခေါင်းတစ်ချက်ညိတ်ရင်း–



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... အဲ့ဒီကိစ္စကို ညကျမှ အိမ်မှာထမင်းစားရင်း အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့၊ မင်းမမကြီးကလဲ မင်းကို ဒီည အိမ်မှာထမင်းလာစားဖို့ ခေါ်နေတယ်"

"ဟုတ်ကဲ့ ... ကျွန်တော်လာခဲ့ပါ့မယ်"

သူ သိလိုက်တယ်။ ဒီပွဲမှာ သူနိုင်သွားပြီဆိုတာ ....။

✤ ✤ ✤

အဲ့ဒီနောက်တော့ အရောင်းအဝယ်လုပ်ရင် စရန်တစ်ဝက် ရိုက်ရတဲ့ ထုံးစံအတိုင်း သူ စရန်တစ်ဝက်ရိုက်လိုက်တယ်။ တခြား မဟုတ်ပါဘူး။ မမကြီးကို ရည်းစားစကား ပြောလိုက်တာပါ။ ဒီလိုနဲ့ သစ်ကွက်တင်ဒါဆွဲခွင့် သူ ရခဲ့သလို မမကြီးနဲ့လည်း တရားဝင် စေ့စပ်ခဲ့ရတယ်။

သူ့ဒွေးရော မမကြီးပါ တစ်ခါတည်း မင်္ဂလာဆောင်စေချင် ပေမယ့် သူက သစ်တစ်ရာသီလောက် လွတ်လွတ်လပ်လပ် လုပ်ပါ ရစေဦးဆိုလို့ လက်ထပ်ပွဲအစား စေ့စပ်ပွဲ ဖြစ်သွားခဲ့ရတာပါ။ သစ်တစ်ရာသီဆိုတာ အနည်းဆုံး တစ်နှစ်ဆိုတော့ မမကြီးက တော့ မျက်နှာ သိပ်မကောင်းချင်ဘူးပေါ့။





သုံးဆယ်နီးစ အရွယ်ဟိုင်းစပြုနေတဲ့ မိန်းမတစ်ယောက်ရဲ့ ခံစားချက်ကို နားလည်နိုင်ပေမယ့် သူ့ရဲ့ ဆုံးဖြတ်ချက်ကိုတော့ မပြင်နိုင်တဲ့အတွက် မမကြီးကို ဖျောင်းဖျရသေးတယ်။ သစ် လုပ်ငန်းဆိုတာ တောထဲတောင်ထဲဝင်ရတာမို့လို့ နောက်ဆံတင်း နေရင် အလုပ်မတွင်မှာစိုးလို့ပါပေါ့။

ပျဉ်းမနားကြို့ဝိုင်းထဲက သစ်ကွက်တစ်ကွက် သူ တင်ဒါ အောင်ခဲ့တယ်။ ဒါကြောင့် မားခေါင်းနဲ့ သစ်ခုတ်သမားတွေရှာ၊ စိတ်ချရတဲ့လူတွေ စုစည်းပြီး ရတနာပုံ ရွှေမြို့တော်ကို စွန့်ခွာလို့ ပျဉ်းမနားမြို့ကတစ်ဆင့် သစ်ကွင်းရှိရာ တောထဲကို ရောက်ခဲ့ ရတယ်။

သူ့ကုသိုလ်ကံများ ကောင်းလိုက်ပုံက သူ တင်ဒါရတဲ့ အကွက်ထဲက သစ်မာအုပ်စုတွေထဲမှာ ပိတောက်နဲ့ ပျဉ်းကတိုးက အများဆုံးဖြစ်နေတယ်။ ခုတ်ခွင့်မရတဲ့ ကျွန်းကလွဲရင် ပိတောက် နဲ့ ပျဉ်းကတိုးဟာ ဈေးအကောင်းဆုံးနဲ့ တင်ဒါဆွဲသူကို အမြတ် အများဆုံး ရှာဖွေပေးနိုင်တဲ့ သစ်တွေပါ။

တကယ်တော့ တင်ဒါတင်တုန်းက ဒီအကွက်ထဲမှာ ဘာ သစ်မာတွေက များနိုင်တယ်၊ ဘာသစ်မာအုပ်စုကတော့ နည်းနိုင် တယ် ဆိုတာ သူ မသိသလို ဝါရင့် သစ်ဆရာကြီးတွေလို ခန့်မှန်း



www.burmeseclassic.com

www.burmeseclassic.com



တတ်လို့လည်း မဟုတ်ဘူး။ တင်ဒါ မအောင်ရင် ဒီအလုပ်ကို လုပ်ခွင့်မရမှာစိုးလို့ သူများတွေ ပေးနိုင်မယ့်ဈေးထက် ပိုပေးပြီး စွတ်ရွတ်တင်ဒါဆွဲခဲ့တာ။

ဒါကြောင့်လည်း သူ တင်ဒါအောင်ခဲ့တာပါ။

Beginner Luck ဆိုတဲ့ စကားအတိုင်း ကစားဝိုင်းတစ်ခုမှာ ကစားတတ်ခါစ လူတစ်ယောက်ဟာ ကံကောင်းလေ့ရှိသလို နံပါတ် (၁) သစ်မာအုပ်စုရဲ့ ပထမတန်းသစ်တွေ တစ်လှေကြီးနဲ့ သူ ကံကောင်းခဲ့တယ်။ ဒီတင်ဒါမှာ သူ ပွပေါက်တိုးပြီ ဆိုတာ သေချာသွားပြီပေါ့။

အဖွဲ့သားများကလည်း ပျော်လွန်းလို့ ပွဲပေးဖို့ တောင်းဆိုကြတယ်။ သူကလည်း အဖွဲ့သားတွေရဲ့ ဆန္ဒကို လိုက်လျောတယ်။ တောထဲတောင်ထဲမှာဆိုတော့ ဓားခေါင်းဆိုတဲ့ သစ်ခုတ်သမား ခေါင်းဆောင်နဲ့ အဖွဲ့သားတွေကို သင့်မြတ်အောင် ပေါင်းရတယ်။ သူတို့နဲ့ အဆင်မပြေလို့ကတော့ ပိုးထိလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ဖြစ်စေ၊ ငှက်ဖျားကြောင့်ဆိုတဲ့ အကြောင်းပြချက်နဲ့ဖြစ်စေ လူတစ်ယောက်ရဲ့ အသက်ဟာ အချိန်မရွေး နှုတ်ဆက်ထွက်ခွာသွားနိုင်တယ်။





ဒါပေမဲ့ မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းပြည့်ခဲ့လို့ ပဲလား မသိဘူး။ သစ်တစ်ရာသီလုံး အဖွဲ့သားအားလုံးက သူ့ကို ချစ်ကြတယ်။ သစ်ခုတ်သမား၊ လွှသမားတွေကို ခုတ်ခ တစ်တန် ဘယ်လောက်နှုန်းဆိုပြီး တန်စားနဲ့ ပေးရတာမို့ သစ်တစ်ပင် ခုတ်လှဲပြီးရင် ခုတ်ခပိုရအောင် များသောအားဖြင့် ပေပိုတိုင်းပြီး တန်ပိုပြကြတာ ထုံးစံလိုဖြစ်ပေမယ့် .....

မနေ့တစ်နေ့ကမှ သစ်ကွင်းထဲ ရောက်လာတဲ့ သူ့ကိုတော့ အဲဒီလိုပညာမပြကြဘူး။ သူကလည်း သစ်သမားတွေသောက်ကြ စားကြတဲ့အခါ နည်းနည်းမှ နှမြောတွန့်တိုမှုမရှိခဲ့ဘူး မဟုတ်လား။ တစ်ခါတလေ သူပါ သစ်သမားတွေနဲ့ လက်ရည်တစ်ပြင်တည်း ဝင်သောက်တတ်သေးတယ်။

အစကတော့ ငှက်ဖျားနဲ့ အပင်ပန်းခံနိုင်ဖို့အတွက် ဆေးဖြစ် ဝါးဖြစ်လောက် သောက်တာပါ။ ဒါပေမဲ့ နောက်ပိုင်း သစ်သမား တွေနဲ့အပြိုင် သူတစ်ခွက် ငါတစ်ခွက် သောက်နိုင်လာတယ်။ တကယ်တော့ သစ်ကွင်းထဲမှာ အရက်သောက်တာဟာ ဘာမှ မဆန်းပါဘူး။ မသောက်ဘဲနေရင်သာ ဆန်းတာ။

သစ်လုပ်ငန်းမှာ အရက်ဆိုတာ လူမှုဆက်ဆံရေးအတွက် အထောက်အကူပြုပစ္စည်းတစ်မျိုးပဲ။ အဲဒီပစ္စည်းကို အသုံးပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းနဲ့တည့်အောင်၊ ခင်အောင်၊ အခွင့်အရေးရအောင် ပေါင်းရတာ မဟုတ်လား။ ဒီလိုနဲ့ပဲ သစ်တစ်ရာသီ ပြီးသွားခဲ့တယ်။

သစ်ရာသီ ပြီးသွားတဲ့အချိန်မှာ သူ ရလိုက်တာက ငွေကြေးအမြတ်အစွန်း အတော်များများရယ်၊ အရက်သောက်တဲ့ အတတ်ပညာရယ်၊ သစ်လုပ်ငန်းကြီးနဲ့ အသက်ကြီးကြီးမိန်းမတစ်ယောက်ရယ်ဖြစ်ပြီး၊ သူ ပြန်ပေးလိုက်ရတာကတော့ သူ့ဘဝပါပဲ။

လောကကြီးမှာ အဲလျော့အစား ဆိုတာကတော့ ရှိစမြဲပဲ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ဒီပွဲမှာ သူ မြတ်ပါတယ်။

* * *





[illegible]

(၆)

[illegible]

ယောက္ခမကြီးက သူ့လုပ်ရည်ကိုင်ရည်ကို ယုံကြည်သွားလို့ ...ငန်းကြီးတစ်ခုလုံး သူ့လက်ထဲ လွှဲလိုက်တဲ့အတွက် သူ့ခြေ...လာက် ဖြစ်လာတယ်။ နဂိုကမှ တကြွကြွဖြစ်နေတဲ့ မီးပုံးပျံဟာ ...ာင်စာမှိုင်း အပြည့်ရသွားတဲ့အခါ အပေါ်ကို တစ်ဟုန်ထိုး...က်ဖို့ အဆင်သင့် ဖြစ်သွားတော့တာပါပဲ။

သစ်စကျ၊ သစ်ဆိုင်လောကနဲ့ မရောင့်ရဲနိုင်လို့ သစ်ကွက်...ငံ ဒါဆွဲပြီး သစ်ထုတ်ခဲ့တဲ့ သူ့ဟာ (အကျိုးအမြတ် အတော်...များ ရခဲ့ပေမယ့်) အဲဒီလောကနဲ့လည်း မကျေနပ်နိုင်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့သစ်တွေကို ကုမ္ပဏီတွေသွင်းပြီး ခေါင်းပုံဖြတ်ခံနေမယ့်အစား သူကိုယ်တိုင် ကုမ္ပဏီထောင်ဖို့ ဆုံးဖြတ်လိုက်တယ်။

ယောက္ခမကြီးက အလုမ်းကျယ်ရင် အလယ်လပ်တတ်တယ်ဆိုတဲ့ မှီတက်နေတဲ့ စကားပုံကို ယုံကြည်တဲ့လူဆိုတော့ သူ့ကိုတားတယ်။ မမကြီးကလည်း သဘောမတူဘူး။

"သစ်လုပ်ငန်းတစ်ခုတည်းနဲ့တောင် ပင်ပန်းလှပါပြီကွယ် ဘာဖြစ်လို့ ကုမ္ပဏီထောင်ဦးမှာလဲ"

"ကြီးပွားချမ်းသာအောင်ပေါ့"

"ခုလဲ မမတို့ ဆင်းရဲနေကြတာမှ မဟုတ်ဘဲ မောင်ရယ် ချမ်းချမ်းသာသာ နေနိုင်သားပဲ"

"ဒီ့ပြင် ကြီးပွားချမ်းသာချင်လို့ပေါ့ မမရယ်"

"ကုမ္ပဏီလုပ်ငန်းဆိုတာ အရမ်းရှုပ်ထွေးတယ်လို့ ကြားရတယ်"

"နားမလည်ခင်တော့ ဘယ်လုပ်ငန်းပဲဖြစ်ဖြစ် ရှုပ်ထွေးတာ ထုံးစံပါပဲ မမရယ်၊ ထမင်းချက်တာတောင် အထာမကျသေးရင် ပျော့လိုက် မာလိုက် ဖြစ်သေးတာပဲ မဟုတ်လား"

"မမတော့ မောင်ကုမ္ပဏီထောင်မှာ သဘောမတူဘူးကွယ်"





ဘယ်သူတွေ ဘယ်လောက်ပဲတားတား သူကတော့ နောက်မဆုတ်ခဲ့ဘူး။ ရန်ကုန်က မိတ်ဆွေတစ်ယောက်နဲ့ ပေါင်းပြီး သွင်းကုန်ထုတ်ကုန်ကုမ္ပဏီတစ်ခုကို ထောင်ခဲ့တယ်။ နိုင်ငံခြားနဲ့ ဆက်သွယ်ဖို့၊ ရုံးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ရန်ကုန်နဲ့ ပတ်သက်တဲ့ အပိုင်းကို အဲဒီမိတ်ဆွေက တာဝန်ယူတယ်။

သူကတော့ မန္တလေးမှာ ရုံးထိုင်ပြီး သစ်ထုတ်ဖို့နဲ့ ရန်ကုန်ကို သစ်တင်ပို့ဖို့ကိစ္စတွေ ဆောင်ရွက်တယ်။ ရုံးထိုင်တယ်ဆိုပေမယ့် တကယ့်တကယ်တော့ ရန်ကုန်ကိုသွားလိုက်၊ သစ်ကွင်းရှိရာ ပျဉ်းမနားကိုဆင်းလိုက်နဲ့ ခရီးချည်း ထွက်နေရတာပါ။

မမကြီး ပြောသလို ကုမ္ပဏီလုပ်ငန်းဟာ ရှုပ်ထွေးခက်ခဲသလို ပင်လည်း ပင်ပန်းလှပါတယ်။ ဒါပေမဲ့ ပင်ပန်းသလောက် အကျိုးရှိတာကိုတော့ ဘယ်သူမှ ငြင်းနိုင်မှာ မဟုတ်ဘူး။ နှစ်အနည်းငယ် အတွင်းမှာပဲ သူ့စီးပွားရေးဟာ ယောက္ခမကြီး လက်ထက်ကထက် အဆပေါင်းများစွာ တိုးတက်လာခဲ့တယ်။

အဲဒါကြောင့်ပဲနဲ့ တူပါရဲ့။ ယောက္ခမကြီးက အိမ်ဦးနတ်ရာထူးကနေ သူ့ဘာသာသူ နုတ်ထွက်သွားတဲ့အတွက် အိမ်ဦးနတ်ကုလားထိုင်မှာ သူ ဝင်ထိုင်ရတော့တယ်။ တစ်အိမ်လုံးက သူ့အဆုံးအဖြတ်ကို ‌နာခံကြရတယ်။ သူကိုယ်တိုင်ကတော့ အဲဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အထိုမရှည့်ရှယ်ခဲ့သလို မျှော်လည်းမမျှော်လင့်ခဲ့ပါဘူး။ အခြေအနေတိုက္ခ ဖန်တီးမွေးလာတဲ့အစွက် ကျုရာ့အတ်ရုပ်မှာ ဝင့်ကခဲ့ရတာပါ။

အဲဒီနေ့ကစတော့ မှိုင်းဝေနေပြီဖြစ်တဲ့ မီးပုံးမှုဟာ အပေါ်ကို တစ်ရှိန်ထိုး တက်လာခဲ့ပါတော့တယ်။





(၇)

အခုပေါ်ရောက်တဲ့အခါ လှေပို့တိုက်ခံရတဲ့ ထုံးစံအတိုင်း သူလည်း လှေတိုက်ခံခဲ့ရတယ်။ မိုးလိုသူတွေက ကွယ်ရာမှာ သူ့အတင်းအဖျင်းတွေ ပြောကြတယ်၊ သူ အောင်မြင်ချမ်းသာလာတာဟာ သူ့ယောက္ခမနဲ့ သူ့မိန်းမကြောင့်လို့ ဆိုကြတယ်။ ဒါဟာ မှန်သင့်သလောက်မှန်ပေမယ့် သူသာ တကယ်မကြိုးစားခဲ့ရင် သူ အောင်မြင်ခဲ့မှာ မဟုတ်ဘူး။

မိန်းမနဲ့ ယောက္ခမရဲ့ ပံ့ပိုးမှုဟာ ဆယ်ပုံပုံ တစ်ပုံရှိတယ် ဆိုရင် ကျန်တဲ့ကိုးပုံဟာ သူ့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ဖြစ်ခဲ့တာပါ။ ချမ်းသာချင်တဲ့စိတ်ဟာ သူ့ရဲ့ အဓိကတွန်းအားဖြစ်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အတ္တနဲ့ လောဘက သူ့ကိုယ်သူ အရှိန်ပြင်းပြင်း မောင်းနှင်နိုင်ဖို့ လောင်စာတွေ ဖြစ်ခဲ့တယ်။

သူဟာ လောဘ၊ ဒေါသ၊ မောဟတွေဖယ်ဖို့၊ သက္ကာယဒိဋ္ဌိ (ငါစွဲ) မထားဖို့ ဆိုဆုံးမမှုတွေနဲ့ လူလားမြောက်ခဲ့ရတာဖြစ်ပေမယ့် လူမှန်ရင် ထိုက်သင့်တဲ့လောဘ ရှိရမယ်လို့ ခံယူခဲ့သူဖြစ်တယ်။

တကယ်လို့ လူတွေဟာ လောဘမရှိဘဲ ရတာလေးနဲ့ ရောင့်ရဲနေကြမယ်ဆိုရင် လူ့သမိုင်းဟာ ကျောက်ခေတ်လူသားအဆင့်မှာပဲ ရပ်တန့်ကျန်ရစ်ခဲ့လိမ့်မယ်။ ဒါပေမဲ့ မရောင့်ရဲနိုင်ကြတဲ့ လောဘကြောင့် လူ့သမိုင်းဟာ တိုးတက်လာရတယ်။ လူနေမှုအဆင့်အတန်းတွေ မြင့်မားခဲ့ရတယ်။ အမဲလိုက်မှ အစားရတဲ့ အဆင့်ကနေ လိုတဲ့အချိန် စားနိုင်အောင် တိရစ္ဆာန်တွေကို မွေးမြူတတ်လာတယ်။ ကုန်စည်ဖလှယ်တတ်လာတယ်။ ငွေကြေးကို တီထွင်အသုံးပြုတတ်လာတယ်။

ဒါတွေအားလုံးဟာ လက်ရှိအခြေအနေကို မရောင့်ရဲနိုင်တဲ့ လောဘကြောင့် တိုးတက်လာရတာတွေပဲ။

"ရှေးခေတ်လူတွေသာ မြင်းနဲ့ ခရီးသွားရတာလောက်နဲ့ ကျေနပ်နေကြရင် ခုခေတ်လူသာ တွေ မော်တော်ကား စီးနိုင်ကြမှာ မဟုတ်ဘူး"





အဲဒီစကားဟာ သူ့အလုပ်သမားတွေကို သူ မကြာခဏပြောလေ့ရှိတဲ့ စကားပါ။

သူ့ကိုယ်တိုင်လည်း သစ်စက် အလုပ်သမားလေး ဘဝလောက်နဲ့ မကျေနပ်နိုင်လို့ ကြိုးစားရင်း ကုမ္ပဏီပိုင်ရှင် ဖြစ်လာခဲ့တယ်။ ကုမ္ပဏီပိုင်ရှင် ဖြစ်တော့လည်း သူ့ကုမ္ပဏီ ပိုပြီးတိုးတက်အောင်၊ ပိုပြီးဝင်ငွေကောင်းအောင် ကျားကုတ်ကျားခဲ ကြိုးစားတယ်။

ကုမ္ပဏီ ထူထောင်စကဆိုရင် လုပ်ငန်းအကြောင်း နားလည်အောင် ကုမ္ပဏီနဲ့ ပတ်သက်တဲ့ စီးပွားရေးဆိုင်ရာ စာအုပ်တွေကို ညဥ့်နက်သန်းခေါင်အထိ ဖတ်ခဲ့ရတယ်။ မနက်လေးနာရီဆိုရင် အိပ်ရာက နိုးနေပြီး သူ့လက်ထဲမှာ စာအုပ်တစ်အုပ် ရောက်နေပြီ။

ရန်ကုန်၊ ပျဉ်းမနား၊ မန္တလေးကို အစုန်အဆန် ကူးချီသန်းချီသွားလာခဲ့ရတယ်။ ဒါတွေဟာ သူ့ရဲ့ကြိုးစားမှုတွေ ဖြစ်သလို သူရင်းဆပ်ရတဲ့ အရင်းအနှီးတွေဖြစ်တယ်။ အဲဒီကိစ္စတွေကို တခြားလူတွေ နားမလည်နိုင်ကြတာ သူ လက်ခံပေမယ့် မမကြီးကိုယ်တိုင်က နားမလည်တာကိုတော့ သူ တော်တော်စိတ်ပျက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အလျော်အမြစ်လို့ဒီခေလာက်ခေါင်ပိုက်ဆံရှာနေရတာလ

ချမ်းသာနေပြီပဲ၊ တော်ရောပေါ့"

မမကြီးကသူ့ကိုအဲဒီလိုပြောလာတဲ့အခါသူက "မှတ်

ဆိုတဲ့အကြောင်းဟာဘဝမှာ ဘာမယ်တွေရှိမှာမဟုတ်

ပြန်ပြောလိုက်တယ်။

ကြီးစောက်ပြီဆိုတာ ရှာနိုင်လိုက်တာ၊ စားဝတ်နေရေးရဲ့လို

တာ၊ တစ်နည်းအားဖြင့် ကိုယ့်ဘဝကို ကိုယ့်ဘာသာ ရပ်ပစ်လို

တာပဲ၊ ရပ်ဆိုင်းလိုက်ပြီ ဆိုကတည်းက လှုပ်ရှားမှုမရှိနိုင်တော့

လှုပ်ရှားမှု မရှိတော့ရင် ဘဝဟာ သေသွားတာနဲ့ ဘာမှမထူး

အဓိပ္ပာယ်လဲ မရှိတော့ဘူး၊ ဘဝဆိုတာ ရှန်းကန်လှုပ်ရှားနေ

အဓိပ္ပာယ်ရှိတာ

မမကြီးက သူ့ကို ပြန်မေးတယ်။

"ဘဝရဲ့ အဓိပ္ပာယ်ဟာ ပိုက်ဆံရှာရုံနဲ့ ပြည့်စုံရောလား"

မမကြီးမေးခွန်းကြောင့် သူတော်တော်စိတ်လေသွားတယ်

မသိပ်တော့လည်း မဆန်းပါဘူး။ အိမ်ထဲမှာ အချိန်ပြည့်

ကျောက်ပေါက်လုပ်နေတာတွေတဲ့ မိန်းမတစ်ယောက်ဆီက ဒီ

မေးခွန်းမျိုးပဲ ထွက်လာမှာပါ။ သူ မမကြီးကို ပြန်ပြောလိုက်တယ်





"ဘဝရဲ့ အဓိပ္ပာယ်ဟာ ပျော်ရွှင်မှုပဲမမကြီးရဲ့၊ ပျော်ရွှင်မှုဟာ ဘဝရဲ့ အနှစ်သာရပဲ၊ ပျော်ရွှင်မှုကို စည်းစိမ်ဥစ္စာကသာ ဖန်တီးပေးနိုင်တယ်၊ ဒါကြောင့် စည်းစိမ်ဥစ္စာကိုရှာတယ်၊ တစ်ချိန်တည်းမှာပဲ အဲဒီစည်းစိမ်ဥစ္စာနဲ့ ပျော်ရွှင်မှုကို ခံစားနေရမယ်၊ လူ့သမိုင်းနဲ့ နှိုင်းယှဉ်ရင် လူတစ်ယောက်ရဲ့ ဘဝသက်တမ်းဟာ ဘာမှ မပြောပလောက်ဘူး၊ တကယ့်တိုတိုလေးပဲ၊ အဲဒီအချိန်တိုတိုလေးအတွင်းမှာ ပျော်ပျော်ရွှင်ရွှင် မနေဘဲ ကိုယ့်လက်လှမ်းမမှီတဲ့ အခြေအနေ အရာတွေအကြောင်း လျှောက်တွေးပြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ သေသွားတဲ့လူတွေလောက် သနားစရာကောင်းတာ မရှိဘူး"

သူ့စကားကြောင့် မမကြီးကတော့ မျက်နှာပျက်သွားမှာပဲ။

သူကိုယ်တိုင် ကမ္ဘာ့နာမည်ကျော်ဆယ်အကြောင်း ကောင်းကောင်း သင်ခဲ့ရဖူးပေမယ့် ခုချိန်မှာတော့ လက်တွေ့ကျတဲ့ကိစ္စမျိုးကိုပဲ သူ လက်ခံတော့တယ်။ (သူ့ရဲ့ ကျေးရွာရှင် ဆရာတော်သာ သိရင် သူ့အတွက် ယူကျုံးမရဖြစ်လို့ဆုံးမှာ မဟုတ်ဘူး။) ဘုန်းကြီးကျောင်းသားလေးဘဝကနေ သူ့ဌေးလို့ ခေါ်နိုင်တဲ့ ကုမ္ပဏီပိုင်ရှင် ဖြစ်အောင် ကြိုးစားခဲ့ရတဲ့ ကာလတစ်လျှောက် အတွေ့အကြုံတွေဟာ သူ့ရဲ့ ဘဝအမြင်တွေကို အတော်ပြောင်းလဲစေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အစက အရာရာကို အယုံလွယ်ခဲ့တဲ့ သူဟာ ခုတော့ ကိုယ်ကိုယ်တိုင် လက်တွေ့စမ်းသပ်ကြည့်လို့မရတဲ့ မရေမရာကိစ္စတွေကို မယုံကြည်တော့ဘူး။ လူတစ်ယောက်က နိုင်ငံခြားကို သစ်ပို့တာထက် ဝါးတွေပို့တာ ပိုကိုက်တယ်လို့ ပြောလာရင် တကယ်ဟုတ် မဟုတ် သူ စမ်းကြည့်မယ်။ ဟုတ်ရင်လက်ခံမယ်။

အဲဒီလိုမဟုတ်ဘဲ သင်္ကြာဇ် နှစ်ထောင်ပြည့်ရင် နိုင်ငံခြားက ဝါးတွေ အလုအယက် ဝယ်လာကြလိမ့်မယ်၊ ခုကတည်းက ဝယ်ထားပါ၊ လှောင်ထားပါဆိုရင် မရေမရာကိစ္စအဖြစ် သတ်မှတ်ပြီး သူ ငြင်းပယ်ရလိမ့်မယ်။

သူက စီးပွားရေးမှာ လက်တွေ့ဆန်သလို ဘဝနဲ့ ပတ်သက်ရင်လည်း ပစ္စုပ္ပန်ကိုပဲ တည့်တည့်ကြည့်ပြီး ခံစားတယ်။ ဘဝရဲ့ အနှစ်သာရဟာ ပျော်ရွှင်မှုဖြစ်တယ်ဆိုတဲ့ သူ့ရဲ့ ဒဿနအတိုင်း ပျော်အောင်နေတယ်။ ပျော်ရွှင်မှုကို စည်းစိမ်ဥစ္စာနဲ့ရှာတယ်။

အလုပ်ပင်ပန်းမှုကို ဖြေဖျောက်ဖို့နဲ့ ပျော်ရွှင်မှုအတွက် ကာရာအိုကေ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေဆီကို ညတိုင်းလိုလို သူ ရောက်ဖြစ်တယ်။ မမကြီးကတော့ သူ့ကို အိမ်မှာပဲ သောက်စေချင်တယ်။





•

"တစ်နေ့လုံးလဲ အလုပ်လုပ်၊ ညကျတော့လဲ ကာရာအိုကေဆိုင်တွေမှာ ညဉ့်နက်သန်းခေါင်ထိသွားထိုင်နဲ့ မောင် အိမ်မှာရှိတဲ့ အချိန်ဟာ တစ်နေ့ကို ခြောက်နာရီတောင် ပြည့်မှာမဟုတ်ဘူး"

"ဆိုင်တွေသွားထိုင်ပြီး သောက်တယ်ဆိုတာ တစ်နေ့လုံး ပင်ပန်းသမျှအတွက် အနားယူတဲ့သဘောပါ"

"အနားယူတာ ဆိုရင်လဲ အိမ်မှာပဲ သောက်ပြီး အနားယူပါလား မောင်ရယ်"

"အရက်သောက်တယ်ဆိုတာ အဖော်အပေါင်းနဲ့ စကားပြောရင်း၊ အမြည်းစားရင်းသောက်မှ အရသာရှိတာ မမရဲ့"

"ဒါဖြင့်လဲ မောင့်အပေါင်းအသင်းတွေပါ အိမ်ကိုခေါ်လေ၊ မမ အမြည်းလုပ်ပေးမယ်"

မမကြီးက သူ့အပေါ် အလွန်လိုက်လျောတဲ့ မိန်းမ

"မမအမြည်းက စားသောက်ဆိုင်တွေက အမြည်းလောက် ကောင်းနိုင်ပါ့မလား"

"မကောင်းဘူးထင်ရင်လဲ မောင်ကြိုက်တဲ့ဆိုင်က အမြည်းကို မမဝယ်ပေးမယ်"

မမကြီးစကားကြောင့် သူ ရယ်ရင်း "အမြည်းကို ဝယ်ပေးလို့ ရပေမယ့် ကာရာအိုကေ သီချင်းဆိုတဲ့ ကောင်မလေးတွေ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရင်တောင်တော့ မမလုပ်နိုင်မှာ မဟုတ်ဘူး" လို့ သူ ပြန်ပြော လိုက်တော့ မမကြီး မျက်နှာညိုသွားတယ်။

"တကယ်တော့ မမကြီးက သူ့အပေါ် အနွံအတာခံသလို ချစ်လည်း တော်တော့်ကို ချစ်ရှာပါတယ်။ သူ့အတွက်ဆို ဘာမှ လိုလေသေးမရှိစေရဘူး။ ဒါပေမဲ့ အိမ်ထောင်ရေးသုခကိုတော့ မမကြီး ဖန်တီးမပေးနိုင်ရှာဘူး။ သူကိုယ်တိုင်ကလည်း သူ့ထက် အသက် အများကြီး ကြီးတဲ့ မိန်းမအပေါ် စိတ်ကုန်နေခဲ့တာ အတော်ကြာပါပြီ။

အိမ်ထောင်သက် နှစ်နှစ်လောက်မှာ မမကြီး သူနဲ့ အခန်းခွဲ အိပ်လာတယ်။ ပုတီး ပိုစိပ်လာတယ်။

သူကတော့ ခရီးတွေ ပိုထွက်ပြီး ကာရာအိုကေဟိုတယ်တွေ ပိုတက်ဖြစ်လာတယ်။ မမကြီးနဲ့ သူနဲ့အကြား ပြောစရာစကား တွေ တဖြည်းဖြည်း ရှားပါးလာခဲ့တယ်။





(၈)

"အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ ဆားမပါတဲ့ ဟင်းလိုပဲ ပေါ့ရွှတ်ရွှတ်နိုင်တယ်၊ ခင်ဗျားက မချစ်ဘဲ လက်ထပ်ခဲ့တာကိုး"

သူ့အကြောင်း အတွင်းသိ အစင်းသိဖြစ်နေတဲ့ မိတ်ဆွေ တစ်ယောက်က တစ်ခါတုန်းက (သူ့ရဲ့မပြေလည်တဲ့ အိမ်ထောင် ရေးနဲ့ပတ်သက်ပြီး) မှတ်ချက်ချခဲ့ဖူးတယ်။ သူကတော့ မိတ်ဆွေ ရဲ့စကားကို လက်မခံနိုင်သလို အချစ်ဆိုတဲ့ စကားလုံးကိုလည်း လက်မခံနိုင်ခဲ့ဘူး။

"အချစ်ဆိုတာ ကဗျာဆရာတွေကဗျာစပ်လို့ကောင်းအောင် ထွင်ထားတဲ့ စကားလုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မှတ်ချက်စကားကြောင့် မိတ်ဆွေက အံ့ဩတကြီးနဲ့ သူ့ကို စိုက်ကြည့်တယ်။ အဲဒီမိတ်ဆွေရဲ့ မျက်လုံးတွေကြောင့်တော့ဖြင့် သူ့အယူအဆက ပြောင်းလဲမသွားခဲ့ပါဘူး။ ဒါကြောင့်လည်း သူ ဆက်ပြောလိုက်တယ်။

"တကယ်တော့ အချစ်ဆိုတဲ့ စကားလုံးဟာ လက်တွေ့ဘဝမှာ ဘာမှ အသုံးမဝင်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဆန်တစ်ပြည်လောက်တောင် အဓိပ္ပာယ် မရှိဘူး၊ ဆန်ကမှ ချက်စားရင် ဗိုက်ဝသေးတယ်၊ အချစ်က ချက်စားလို့ မရဘူး၊ အချစ်တွေစားပြီး အိမ်ထောင်တစ်ခုကို ထူထောင်ကြည့်ပါလား၊ ရနိုင်မလား"

သူ့မိတ်ဆွေက ငြိမ်သက်သွားပြီးမှ သူ့ကို မေးတယ်။

"ဒါဖြင့် လူတွေ ဘာဖြစ်လို့ အိမ်ထောင်ပြုနေကြတာလဲ"

အင်မတန် ရိုးစင်း လွယ်ကူလှတဲ့ မေးခွန်းပါ။

သူ ခပ်အေးအေးပဲ ပြန်ရှင်းပြလိုက်တယ်။

"ကိုယ့်ဘေးနားမှာ အချိန်ပြည့် အဖော်တစ်ယောက် လိုအပ်တယ်ဆိုတဲ့ထင်မြင်မှုရယ်၊ သွေးသားဆန္ဒရယ်ကြောင့်အိမ်ထောင်ပြုနေကြတာပေါ့၊ ဘဝကို .... တစ်ယောက်တည်း ရင်ဆိုင်ရဲတဲ့လူတွေက အပျိုကြီး၊ လူပျိုကြီးတွေလုပ်သွားကြပြီး ရင်မဆိုင်ရဲတဲ့လူတွေကတော့ အိမ်ထောင်ဖက်ကို ရှာကြတယ်၊ ဒါပါပဲ"





"ဒါဖြင့် ခင်ဗျား အိမ်ထောင်ပြုခဲ့တာကရော ... ဘဝကို တစ်ယောက်တည်း ရင်မဆိုင်ရဲလို့လား"

"မဟုတ်ဘူး ..... ကျွန်တော်က တစ်ကောင် ချကျွေးပြီး နှစ်ကောင်စားလိုက်တာ"

"ဗျာ"

သနားစရာကောင်းလှတဲ့ သူ့မိတ်ဆွေက သူ့စကားကို နားမလည်နိုင်ရှာဘူး။

"ဘဝဆိုတာ ကျားထိုးသလိုပဲ၊ ကိုယ်က တစ်ကောင်ကျွေးပြီး နှစ်ကောင်စားရတဲ့အလှည့် ရှိသလို နှစ်ကောင် သုံးကောင်လောက် ချကျွေးပြီးမှ တစ်ကောင်လောက်ပဲ ပြန်စားရတဲ့အလှည့်လဲ ရှိတယ်၊ ကျွန်တော်ကတော့ အဲဒီပြန်စားရတဲ့ တစ်ကောင်ဟာ 'ကင်း' ဖြစ်နေအောင် အမြဲကြိုးစားတယ်၊ ကျွန်တော် အိမ်ထောင်ပြုဖြစ်ခဲ့တာလဲ ကျားထိုးသလိုမျိုး အလျော်အစားသဘောနဲ့ အိမ်ထောင်ပြုဖြစ်ခဲ့တာ"

သူ့မိတ်ဆွေက တအံ့တဩနဲ့ အကြာကြီး ငြိမ်သက်သွားပြီးမှ .....

"ခင်ဗျားက ရုပ်ဝါဒီသမားပဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ မှတ်ချက်ချတော့ သူ့အခုမှ ပြန်မပြောဘဲ အသာပဲ ရယ်နေလိုက်တယ်။ လက်တွေ့ဆန်တဲ့ သူ့ကို ရုပ်ဝါဒီသမားလို့ သတ်မှတ်တာဟာ သိပ်တော့လည်း မမှားပါဘူး။

အသက်ကြီးကြီး မိန်းမတစ်ယောက်နဲ့ အဆင်မပြေတဲ့ အိမ်ထောင်ရေးကို ပိုင်ဆိုင်ထားရတဲ့ လူတစ်ယောက်အနေနဲ့ စိတ်ထွက်ပေါက်ရှာတဲ့အခါမှာလည်း သူဟာ လက်တွေ့ကျကျနဲ့ ရုပ်ဝါဒီဆန်ဆန်ပဲ ထွက်ပေါက်ရှာလေ့ရှိတယ်။

သူ့ရဲ့ ထွက်ပေါက်ရှာနည်းကတော့ ..... ကာရာအိုကေနဲ့ ဟိုတယ်တွေမှာ မူးယစ်ပျော်ပါးပြီး တစ်ခါတလေ အချိန်ပိုင်း မိန်းမတွေကို ငွေနဲ့ဝယ်ယူတဲ့ နည်းပါပဲ။ (သူ ဝယ်ယူလို့ရတဲ့ မိန်းမတိုင်းလိုလိုဟာ လူသားမဆန်ဘဲ စက်ရုပ်တွေဖြစ်နေကြတဲ့ ကိစ္စက သူ့အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းပေမယ့် သူကတော့ အထွေအထူး ခံစားမနေခဲ့ပါဘူး။)

အခိုက်အတန့် ပျော်ရွှင်မှု ပေးနိုင်မယ်ဆိုရင်ပဲ သူ့အတွက် ပြည့်စုံနေပါပြီ။ ဒီလိုနဲ့ အိပ်မက်ဆန်ဆန်ညတွေကို ငွေကြေးနဲ့ လဲလှယ်ဖြစ်ခဲ့တယ်။ ပျော်ရွှင်မှု အတုအယောင်တွေကို သူ့ရဲ့ စည်းစိမ်ဥစ္စာနဲ့ ဖန်တီးယူခဲ့တယ်။ အစပိုင်းက သာယာသယောင် ရှိပေမယ့် အချိန်ကြာလာတာနဲ့အမျှ တံဆိပ်မျိုးစုံ ကပ်ထားတဲ့





ကရက်တွေကို သောက်သုံးနေရသူတစ်ယောက်လို သူ ငြီးငွေ့စ လာတယ်။

သူက ကျောင်းဆရာလို့ နောက်ခေါ်လေ့ရှိတဲ့ သူနဲ့ လုပ်ငန်း င်းစပ်တူလုပ်တဲ့ ပါတနာက သူ့ရဲ့ငြီးငွေ့မှုကို ရိပ်မိသွားပုံရတယ်။ ကြောင့်လည်း အကြံတစ်ခု ပေးလာတယ်။

"ခင်ဗျား တည်တည်တံ့တံ့ မိန်းမတစ်ယောက်ကို ယူလိုက် လား"

"ခု ... ကျွန်တော့်မိန်းမကို ကွာပြီးတော့လား"

"မဟုတ်ဘူးလေ၊ ခုမိန်းမကလဲ ခုမိန်းမပေါ့၊ နောက်မိန်းမ ကျတော့ နောက်မိန်းမပေါ့၊ သီးခြားစီပေါ့ဗျာ"

မိတ်ဆွေရဲ့ အကြံပေးမှုက သူ့ကို တွေဝေသွားစေသလို ဉ်းစားစရာလည်း ဖြစ်စေသွားစေခဲ့တယ်။ သူ့ဘဝကို ခုလို ဆီးပြော နမယ့်အစား အပြောင်းအလဲ တစ်ခုခုလုပ်ဖို့ တန်ပြီဆိုတာကို သူ ဖြည်းဖြည်း သဘောပေါက်လာတယ်။ ဒီနေ့ အဲဒီမိတ်ဆွေနဲ့ ဖို့ ချိန်းထားတယ်။ ထုံးစံအတိုင်း သောက်ကြ စားကြ ပျော်ကြ ကြမယ်ပေါ့။ သူ့ကို အကြံပေးထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်တာလည်း ပါတာပေါ့။ ဒါပေမဲ့ ကံဆိုးချင်တော့ န်းထားတဲ့အချိန်ထက်စောပြီး ထွက်လာမိရာကနေ ကားပိ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြီး ခပ်စုတ်စုတ် စားသောက်ဆိုင်လေးတစ်ဆိုင်ထဲကို သူ ရောက်လာရတော့တာပဲ။

သူ ရောက်ပြီး တအောင့်အကြာ မိုးပေါ်က ကျလာသလိုမျိုး ခပ်ချောချော ကောင်မလေးတစ်ယောက် ဆိုင်ထဲဝင်လာလို့ သူ စိတ်ချမ်းသာသွားတယ်။ ဒါဟာ သူ့အတွက် စိတ်ပြေစရာ ထွက်ပေါက်တစ်ခု မဟုတ်ပါလား။

မှုန်မှိုင်းမှိုင်း ဆိုင်ကလေးဟာ ကောင်မလေးကြောင့် ချက်ချင်းပဲ ဝင်းပ ကြည်လင်လာတယ်။

လက်ကျန်ဘီယာကိုမော့ရင်း ကောင်မလေးကို သူတစ်ချက် လှမ်းကြည့်လိုက်တယ်။ ကောင်မလေးကတော့ ခုချိန်ထိ ပန်းပုရုပ် လေး တစ်ရုပ်လို ငြိမ်သက်နေတုန်း။ လမ်းမဘက်ကို မျှော်ငေးနေ တုန်းပဲ။

✤ ✤ ✤



(စိတ်အတွေး သုံး)

" လူ့ဘဝဆိုတာ ပင်လယ်ကမ်းစပ်က ကျောက်ဆိုင် ကျောက်ခဲတွေလိုပဲ၊ လောကဓံဆိုတဲ့ လှိုင်းပုတ်တဲ့ ဒဏ်ကို အမြဲ ခံနေရတယ်၊ မုန်တိုင်းထန်ရင် လှိုင်းကြမ်းပြီး မုန်တိုင်းကင်းရင် လှိုင်းကြက်ခွပ် လေးတွေ အတိုးခံရမယ်၊ ဒါ မဆန်းပါဘူး "



www.burmeseclassic.com

www.burmeseclassic.com

(၁)

မိုးနံ့သင်းသော လေညင်းတို့က ငြိမ်း၏ပါးကို ဖွဖွရှိုက်နမ်းလျက် ဖြတ်သန်းသွားကြ၏။ မိုးငွေ့တို့ကို ရှူရှိုက်ရင်း လမ်းမဘက်သို့ ငြိမ်း ငေးမောနေမိသည်မှာ မည်မျှကြာပြီမသိ။

မိုးရွာတော့မည်။

ငယ်ငယ်တုန်းကတော့ မိုးရွာလျှင် ငြိမ်း အလွန်ပျော်ပါသည်။ စက္ကူလှေကလေးများလုပ်၍ ရေမြောင်းထဲမျှောကာ ရေစီးနှင့်အတူ မျောပါသွားသော ထိုလှေကလေးများကို ကြည့်ပြီး လက်ခုပ်လက်ဝါးတီးကာ ငြိမ်း ရွှင်မြူးနေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ဖေဖေနှင့် မေမေက မိုးရေထွက်ချိုးခွင့်ပြုလျှင် မိုးရွာထဲ၌ ဟိုပြေးဒီပြေးနှင့် ပါးစပ်ထဲ တွေ့ကရာ သီချင်းတွေ အော်ဆိုရင်း ငြိမ်း၏ ပါးမို့မို့လေးများ ရဲနီသည်အထိ ပျော်ရွှင်နေတတ်လေသည်။

ယခုတော့ မိုးရွာမှာကို ငြိမ်း ကြောက်ပါသည်။

ခနိမိုး မဟုတ်သည့်တိုင် ဟောင်းနွမ်းစပြုနေပြီဖြစ်သော သွပ်မိုးတို့က မိုးဒဏ်ကို ကောင်းကောင်းကာကွယ်မပေးနိုင်တော့၊ မိုးရွာပြီဆိုလျှင် ဟိုနားတစ်ဝက်၊ ဒီနားတစ်ဝက် ယိုစီးကျလာတတ်သော မိုးရေဝဲ့ကို ခွက်ကြီးခွက်ငယ်တို့ဖြင့်အပြေးအလွှား ခံရသည်မှာ ဒုက္ခတစ်ခုလို ဖြစ်နေ၏။

ထို့ထက်ပိုဆိုးသည်မှာ မိုးညတစ်ည၌ ရက်စက်စွာ ခွဲခွာသွားသော ကိုကို့အား မမေ့နိုင်ခြင်းပင်ဖြစ်သည်။ မိုးရွာတိုင်း ကိုကို့အား သတိတရစိတ်ဖြင့် ယခုတိုင်အောင် ငြိမ်း ငိုကြွေးရမြဲဖြစ်သည်။ သုံးနှစ်ကျော် လေးနှစ်နီးပါးမျှ ကြာခဲ့ပြီဖြစ်သည့်တိုင် ငြိမ်း ကိုကို့ကို မမေ့နိုင်သေး။ နောင်လည်း ဘယ်တော့မှ မေ့နိုင်လိမ့်မည် မဟုတ်။



"ကိုယ် မင်းနဲ့ ဆက်နေလို့ မဖြစ်တော့ဘူး ငြိမ်း၊ ကိုယ်သွားတော့မယ်"

မိုးတစ်ည၌ ခံစားချက် ကင်းမဲ့စွာ ပြောလာခဲ့သော ကိုကို့စကားက ငြိမ်းအတွက် မိုးကြိုးသံတစ်ခုပမာ ကျယ်လောင်မြည်ဟည်းလျက် ငြိမ်း၏ ဘဝတစ်ခုလုံးကို အစိတ်စိတ် အမွှာမွှာ လွင့်စဉ်ပျက်စီးစေခဲ့သည်။

"ငါတို့ အစကတည်းက မပြောဘူးလား၊ တစ်ချိန်ကျရင် သူ့ဒီအချိုး ချိုးလိမ့်မယ်လို့၊ ခုတော့ ငါတို့ထင်တဲ့အတိုင်း နင့်ကို ပစ်သွားပြီ မဟုတ်လား"

ငြိမ်း၏ အသိုင်းအဝိုင်းက ငြိမ်းကိုယ်စား ကိုကို့အပေါ် စိတ်နာကြသော်လည်း ငြိမ်းကတော့ စိတ်မနာရက်ပါ။ လွမ်းစရာရှိလျှင် နာစရာနှင့်ဖြေဟု ဆိုသည့်တိုင် ကိုကို့အပေါ် နာစရာ တစ်ကွက်မှ ငြိမ်း ရှာမတွေ့။ ရှာတွေ့လျှင်လည်း ငြိမ်းကတော့ လွမ်းမောတမ်းတနေမည်သာ ဖြစ်သည်။

ငြိမ်းက ကိုကို့အား စတင်ချစ်ခဲ့သူ မဟုတ်ပါလား။

ကိုကိုက စတင်ပစ်ရက်သည့်တိုင် ငြိမ်းကတော့ ကိုကို့အပေါ် ဆက်ချစ်နေဦးမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နားထောင်မည်ဆိုလျှင် အသက်နှစ်ဆယ်မှာ အိမ်ထောင်ကျပြီး နှစ်ဆယ့်နှစ်နှစ်မှာ တစ်ခုလပ် ဖြစ်ခဲ့ရသည့် ငြိမ်း၏ဘဝက် လှစ်ဟပြချင်ပါသေးသည်။ "ငြိမ်းအေးဖြူ" ဟူသော နာမည်နှင့် မလိုက်သည့် မိန်းမတစ်ယောက်အကြောင်းဟုပဲ ဆိုပါစို့ .....။

❀ ❀ ❀



(၂)

"သမီးနာမည် ဘယ်သူလဲ"

"ငြိမ်းအေးဖြူ"

"ဘာဖြစ်လို့ အဲဒီလိုမှည့်ထားတာလဲ၊ သမီး သိလား"

"ဟင့်အင်း"

"သမီးဘဝကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အေးမြ ဖြူစင်စေချင်လို့"

ငြိမ်း၏မေမေသည် ပုံပြောကောင်းသူ မဟုတ်သလို ပုံပြောတတ်သူလည်း မဟုတ်ပါ။ ထို့ကြောင့် ငြိမ်း၏ ငယ်ဘဝသည်



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်များအစား အထက်ပါ စကားများကိုသာ မကြာခဏ နားထောင်ရင်း ကြီးပြင်းခဲ့ရသည်။

အမှန်တကယ်လည်း ကိုကိုနှင့် မတွေ့ခင် အချိန်အထိ ငြိမ်း၏ဘဝသည် ငြိမ်းချမ်းအေးမြခဲ့၏။ ဖေဖေက သာမန် လခစား ဝန်ထမ်းဖြစ်သည့်တိုင် ငြိမ်းတို့မိသားစု ချောင်ချောင်လည်လည် နေနိုင်ခဲ့သည်။

ကားမစီးနိုင်သော်လည်း ဖိနပ်ကောင်းကောင်း စီးနိုင်ခဲ့သလို ရွှေတွဲလွဲ ငွေတွဲလွဲ မဆင်မြန်းနိုင်သော်လည်း အဝတ်အစားကို တော့ (အကောင်းစားကြီး မဟုတ်သည့်တိုင်) လူတန်းစေ့ ဝတ်စားနိုင်ခဲ့သည်။

ဖေဖေက မိသားစုကို မညှိုးငယ်အောင် ထားသလို မေမေက လည်း အိမ်မှုကိစ္စမှန်သမျှကို နိုင်နိုင်နင်းနင်း စီမံခန့်ခွဲနိုင်ခဲ့သဖြင့် ငြိမ်း၏ ကလေးဘဝသည် အပူအပင် အကြောင့်အကြ ကင်းမဲ့စွာ ကြီးပြင်းနိုင်ခဲ့သည်ဟုဆိုလျှင် မမှားပါ။

ငြိမ်း ပထမတန်း၌ မောင်လေးကို မွေးဖွားခဲ့သည်။ ထို့ကြောင့် မောင်လေးနှင့် ငြိမ်းသည် အသက်ချင်း ခြောက်နှစ်မျှ ကွာခြားခဲ့၏။ မေမေက ပုံပြောကောင်းသူ မဟုတ်သော်လည်း





သားသမီးများကို ဆုံးမ ပဲ့ပြင်ရာမှာတော့ စံတင်လောက်သူ ဖြစ်သည်။

"လူ့ရယ်လို့ ဖြစ်လာရင် လူ့ကျင့်ဝတ်ဆိုတာ ရှိတယ်သမီး၊ ဒါကြောင့် လူ့ကျင့်ဝတ်နဲ့အညီ နေထိုင်တတ်ရမယ်၊ နောက်ပြီး မေမေတို့ သမီးတို့ဟာ လောကကြီးထဲမှာ နေထိုင်ကြတဲ့အတွက် လောကပါလတရားကို စောင့်ထိန်းကြရမယ်၊ အရိယာ မဖြစ်သေးလို့ အမှားအမှန်ကို ခွဲခြား နှလုံးမသွင်းနိုင်တောင်မှ ကလျာဏ ပုထုဇဉ်ပီပီ အကောင်းအဆိုးကိုတော့ ခွဲခြားတတ်ရမယ်"

ချိုချိုသာသာနှင့် တစ်ဖက်လူ နားဝင်အောင် ဆိုဆုံးမတတ်သော မေမေ့ကြောင့် ငြိမ်းတို့နေထိုင်ရာ ဝန်ထမ်းရိပ်သာ၌ ငြိမ်းတို့အား လိမ္မာကျိုးနွံသော ကလေးများအဖြစ် အများ၏ ချီးမွမ်းမှုကို ခံခဲ့ရသည်။

မေမေက ဗြဟ္မစိုရ်တရားကို အမြဲနှလုံးသွင်းသူပီပီ ငြိမ်းတို့ မောင်နှမ နှစ်ယောက်ကိုလည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာနှင့်အညီ နေတတ်အောင်သင်ကြားပေးသလို အကောင်းနှင့် အဆိုးကိုလည်း ခွဲခြားပြတတ်သည်။

ထို့ကြောင့် အထက်တန်း ကျောင်းသူ ဘဝ၌ ရွယ်တူ သူငယ်ချင်းတချို့ ရည်းစားကိုယ်စီ ထားနေကြချိန်တွင် ငြိမ်းက



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစာနှင့် ပြင်ပဗဟုသုတ စာအုပ်များအကြား တည်တည် ငြိမ်ငြိမ်ကလေး နစ်မြုပ်နေတတ်ခဲ့သည်။ တကယ်တော့ ငြိမ်းက တစ်ကျောင်းလုံး၌ အလှဘုရင်မဘွဲ့ကို (မလိုချင်ဘဲ) ရရှိထားသူ ဖြစ်သဖြင့် ပိုးပန်းသူတွေ ပေါများလှပါသည်။

"ငြိမ်းကို ပေးတဲ့ ရည်းစားစာတွေကိုသာ ဖြဲမပစ်ဘဲ သိမ်းထားမယ်ဆိုရင် ငြိမ်းတို့အိမ်မှာ ထားစရာနေရာတောင် ရှိမှာ မဟုတ်ဘူးနော်"

အတန်းဖော် သူငယ်ချင်းတစ်ယောက်က ထိုသို့ နောက် ပြောင်သည်အထိ ပျားပိတုန်းတွေ ဝိုင်းဝိုင်းလည်နေခဲ့သော်လည်း ဆယ်တန်းမအောင်မချင်း ရည်းစားသနာကိစ္စကို မစဉ်းစားရဟူ သော မေမေ့စကားကို မြေဝယ်မကျ ငြိမ်း နားထောင်နိုင်ခဲ့သည်။

"သမီး ဆယ်တန်းအောင်ပြီးလို့ ကိုယ်ပိုင်ဆုံးဖြတ်ချက် ချနိုင်တဲ့အရွယ်ကျရင်၊ ပြီးတော့ သမီးစိတ်ဝင်စားတဲ့လူလဲတွေ့ပြီ ဆိုရင် အိမ်ကိုခေါ်လာခဲ့၊ မေမေကိုယ်တိုင် အကဲခတ်ပေးမယ်"

"အို ... မေမေကလဲ၊ မဟုတ်တာ၊ ငြိမ်း ဘွဲ့မရမချင်း အဲဒီ ကိစ္စတွေ မတွေးပါဘူး"

ခေတ်မီပွင့်လင်းသော မေမေ့စကားကြောင့် ငြိမ်း ရှက်ရွံ့စွာ ပြန်ပြောတော့ မေမေက ဘာမှပြန်မပြောဘဲ ပြုံးရုံသာပြုံးလျက်





ငြိမ်းကို ငေးကြည့်လေသည်။ ပြီးမှ ချိုအေးသော လေသံဖြင့် ရှင်းပြ၏။

"ဝယ်ချင်သူတွေများတဲ့ ပစ္စည်းဟာ စောစောရောင်းထွက် တတ်တာယ် သမီးရဲ့၊ ဒါဟာ ဓမ္မတာပဲ၊ ဘယ်လိုမှ ရှောင်လွှဲလို့ မရဘူး"

"အို ... ငြိမ်းကတော့ ရအောင်ရှောင်မှာပါနော်"

"ရှောင်နိုင်ရင်တော့ ကောင်းတာပေါ့ သမီးရယ်၊ တကယ်လို့ မရှောင်နိုင်ခဲ့ရင်တောင် မတော်တရော်သူတွေနဲ့ မတွေ့အောင် မေမေကိုယ်တိုင် အကဲခတ်ပေးမယ် ဆိုတဲ့အကြောင်း သမီး သိအောင် ကြိုပြီးပြောပြထားတာ"

သို့သော် ငြိမ်း ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ရန် စောင့်ဆိုင်းနေချိန်အထိ မေမေ အကဲခတ်ပေးရမယ့်လူမျိုး မတွေ့ခဲ့။

ငြိမ်း ပထမနှစ် စတင်တက်ချိန်၊ ငြိမ်းမောင်လေး ပဉ္စမတန်း ရောက်ချိန်၌ ဖေဖေ ပင်စင်ယူလိုက်သဖြင့် ငြိမ်းတို့ ဝန်ထမ်း အိမ်ရာကို ပြန်အပ်ကာ လူလတ်တန်းစားတို့ ရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ခြံဝိုင်းလေးနှင့် အတော်အသင့် ကောင်းမွန်သော အိမ်တစ်လုံးကို ငှားရမ်းကာ နေထိုင်ခဲ့ကြခြင်း ဖြစ်သည်။ စုဆောင်းထားသော ငွေကြေးအချို့ကို အရင်းအနှီးပြု၍ ဖေဖေက ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း တစ်ခုကို ထူထောင်လေသည်။ သို့သော် ရိုးရိုးအေးအေး ဝန်ထမ်းဘဝနှင့်သာ ခေါက်ရိုးကျိုးလာခဲ့သော ဖေဖေသည် ရှုပ်ထွေး ကျယ်ပြောလှသော စီးပွားရေးလောကထဲသို့ အောင်အောင်မြင်မြင်ဖြင့် ဝင်မတိုးနိုင်ရှာပါ။

ထို့ကြောင့် နဂိုကတည်းက အချုပ်အလုပ် ဝါသနာပါသော မေမေက အပ်ချုပ်စက်များ ဝယ်ကာ အော်ဒါထည်များကို ကော်မရှင်စားဖြင့်ချုပ်၍ မူလဆိုင်သို့ ပြန်သွင်းခြင်းဖြင့် ယိမ်းယိုင်နေသော စီးပွားရေးကို ဆိုးဆိုးဝါးဝါးမဖြစ်အောင် ဝင်ထိန်းပေးခဲ့ရသည်။

(သို့သော် ဖေဖေ စုဆောင်းထားခဲ့သော ငွေအတော်များများကတော့ ၎င်း၏ မအောင်မြင်သော စီးပွားရေးလုပ်ငန်းကြောင့် ပွန်းပဲ့သွားခဲ့ပြီဖြစ်သည်။) ထိုကိစ္စကြောင့်ပဲလား မပြောတတ်။ ယခင်က တစ်ခါတစ်ရံ အစားမှားလျှင် သွေးတက်တတ်သော ဖေဖေသည် နောက်ပိုင်း မကြာခဏဆိုသလို သွေးတိုးလာလေသည်။





"မနက်က တက်စာတွေ စားမိလို့ပါ၊ အစားဆင်ခြင်လိုက်ရင် ကောင်းသွားမှာပါ"

အရာရာကို အကောင်းမြင်လေ့ရှိသော ဖေဖေက ထိုသို့ ပြောတတ်သလို မေမေ အပါအဝင် ငြိမ်းတို့အားလုံးကလည်း ဖေဖေ့စကားကို ယုံကြည်ခဲ့ကြ၏။ သို့သော် တစ်ရက် ဘာမှ အစားမမှားဘဲ ဖေဖေ အကြီးအကျယ်သွေးတိုးသောအခါမှာတော့ ငြိမ်းတို့အားလုံး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ တစ်ရပ်ကွက်ကျော်မှ အသိ ဆရာဝန်တစ်ယောက်ကို ပြေးပင့်ရလေတော့သည်။

ထိုဆရာဝန်က သေချာစွာ စမ်းသပ် ဆေးထိုးပြီးနောက် ဖေဖေ့၌ သွေးတိုးရောဂါ ရှိနေကြောင်း တရားဝင် ကြေညာကာ ဆေးရုံတင်ရန် လိုအပ်ကြောင်း အသိပေးလေသည်။

"ဘာမှစိတ်မပူပါနဲ့၊ ဆေးရုံမှာ ကျွန်တော့်သူငယ်ချင်း ဆရာဝန်တစ်ယောက် ရှိတယ်၊ ကျွန်တော် စာရေးပေးလိုက်မယ်၊ သူ အစစ အရာရာ ကူညီပါလိမ့်မယ်"

"ဖေဖေ့အခြေအနေက စိုးရိမ်ရသလား ဆရာ"

"ခု သွေးကျဆေးတွေ ထိုးပေးထားတယ်၊ သက်သာသွားမှာပါ၊ တကယ်လို့ ဆေးလဲမထိုးဘူး၊ ဆေးရုံလဲ မသွားဘူးဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူမယ်ဆိုရင် စိတ်ပူစရာပေါ့၊ ကဲ ... ဆေးစာနဲ့ သူငယ်ချင်း ဆရာဝန်ဆီကို မိတ်ဆက်စာရေးပေးလိုက်မယ်၊ ညီမက ဦးလေးကို ဆေးရုံတင်ဖို့ ကားသွားငှား"

ငြိမ်း အထိတ်တလန့်နှင့် လမ်းပေါ်သို့ ပြေးထွက်ကာ တွေ့သမျှ ကားတိုင်းကို လက်ပြကာ တားလေတော့သည်။ နောက်ဆုံး အငှားကားတစ်စီး ရသောအခါမှာတော့ ဘေးအိမ်မှ လူတချို့၏ အကူအညီနှင့် ဖေဖေ့ကို အငှားကားပေါ်သို့ ပွေ့တင်ကာ ဆေးရုံသို့ အမြန်ဆုံး မောင်းနိုင်းရသည်။

ဆေးရုံရောက်တော့ဖေဖေက ခေါင်းတွေ ချာချာလည်နေတယ်ဟု ငြီး၏။ ငြိမ်းအဖို့တော့ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်နေတဲ့အတိုင်းပါပဲ။ ဆရာဝန်တွေ ဆေးထိုး၊ ဆေးသွင်းနေတာကို အထိတ်တလန့် ငေးကြည့်ရင်း မေမေ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ကာ ရသမျှ ပရိတ်တွေကိုသာ တတွတ်တွတ် ရွတ်နေမိသည်။

ဆရာဝန်တွေ ဆေးဝယ်ခိုင်းတော့ မောင်လေးကို အဖော်ခေါ်ကာ အပြေးအလွှားနှင့် အခေါက်ခေါက် အခါခါ ဆေးဝယ်ရသေးသည်။ ဆေးဆိုင်၌ ပိုက်ဆံတွေ များပေးလိုပေး၊ ပြန်အမ်းသည့် ပိုက်ဆံကို ယူဖို့ မေ့လိုမေ့နှင့်။ ဒီကြားထဲ ငယ်ငယ်လေး





ကတည်းက အလွတ်ရနေသော ဓာရဏပရိတ်ကလည်း ဟိုနေရာထစ်၊ ဒီနေရာထစ်နှင့် ငြိမ်းတစ်ယောက် စိုးရိမ်စိတ်ဖြင့် အကုန်လုံး အယောင်ချောင် အမှားမှားချည်း ဖြစ်နေမိသည်။

ဖေဖေ အနည်းငယ် သက်သက်သာသာ ထူထူထောင်ထောင် ဖြစ်လာတော့မှ ငြိမ်း သက်ပြင်းချနိုင်တော့၏။ ထိုအခါကျမှ ငြိမ်း မည်မျှအထိ ထူပူကာ မည်မျှအထိ သတိမေ့လျော့တတ်သလဲ ဆိုသည်ကို သိခွင့်ရလေတော့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## (၃)

"မငြိမ်းအေးဖြူ ရှိပါသလား"

ဖေဖေ့အခြေအနေက စိတ်ချသွားရပြီဖြစ်သဖြင့် ဖေဖေ့အတွက် စားစရာတစ်ခုခု စီမံရန်နှင့် လိုအပ်သည်များ ယူရန် မောင်လေးကို အဖော်ခေါ်ကာ မေမေ အိမ်ပြန်သွားသဖြင့် ငြိမ်းတစ်ယောက်တည်း ဖေဖေ့ခုတင်ဘေးနား၌ စောင့်ဆိုင်းနေစဉ် အထက်ပါခေါ်သံက ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ နားကြပ်ကို လက်တစ်ဖက်က ကိုင်လျက် လူနာခုတင်များအကြား ဟိုကြည့်သည်ကြည့်နှင့် လျှောက်လာသော ဆ ၁န်တစ်ယောက်ကို တွေ့ရသည်။ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးသည့် ဆရာဝန် တော်တော်များများမှာ ဘောင်းဘီရှည်နှင့် ဖြစ်သော်လည်း ယခုဆရာဝန်ကတော့ ကော်လံကတုံး အင်္ကျီ အဖြူ၊ ရခိုင်လုံချည်နှင့်လက်ထဲမှ နားကြပ်သာ မပါပါက ကျောင်း ဆရာလား၊ ရှေ့နေလားဟုပင် ထင်မှတ်မှားရလောက်ပါသည်။

ငြိမ်း ထိုင်ရာမှ ကမန်းကတန်း ထရပ်၍ ထိုဆရာဝန်ထံသို့ လျှောက်သွားလိုက်သည်။

"ကျွန်မ ငြိမ်းအေးဖြူပါဆရာ"

"ဦးမြအေးသမီးဆိုတာ မင်းနော်"

"ဟုတ်ပါတယ် ဆရာ"

"တို့က ဒေါက်တာ ထင်ဇော်အောင်ပါ"

"ဟုတ်ကဲ့၊ ကျွန်မ တစ်ခုခုများ..."

"ဘယ်လို"

"ဟိုဒင်း ... ဆေးတွေဘာတွေ တစ်ခုခုများ ထပ်ဝယ်ရမှာ လား ဆရာ"

ငြိမ်းစကားကြောင့် ဒေါက်တာ ထင်ဇော်အောင် ဟူသော ရုပ်ရည်သန့်သန့် ဆရာဝန်၏ မျက်ခုံးထူထူများ တွန့်ကွေးသွား လျက် ငြိမ်းကို ခပ်စူးစူး စိုက်ကြည့်လေသည်။ (သူ့မျက်လုံးတွေ သိပ်ဆွဲဆောင်မှု ရှိတာပဲ။)





"မင်း .... တို့ကို မသိဘူးလား"

"ရှင်"

ငြိမ်း၏ တုံ့ပြန်မှုကြောင့် ဆရာဝန်က စိတ်ပျက်လက်ပျက် ဖြစ်သွားဟန်နှင့် ပခုံးတစ်ချက်တွန့်ရင်း ပြန်ပြောသည်။

"မင်းရဲ့အဖေကို ဆေးရုံတင်ခိုင်းလိုက်တဲ့ ဆရာဝန်က .... ကိုယ့်သူငယ်ချင်း၊ ကိုယ့်ကိုရှာပြီး အကူအညီတောင်းဖို့ မိတ်ဆက် စာ တစ်စောင်တောင် မင်းကို သူ ရေးပေးလိုက်သေးတယ်တဲ့၊ စောစောက သူ ကိုယ့်ဆီကို တယ်လီဖုန်းဆက်ပြီး လူနာအခြေ အနေ လှမ်းမေးမှ ကိုယ်သိရတာ"

မြတ်စွာဘုရား...။

ငြိမ်း ချက်ချင်းပင် လဲသေချင်စိတ် ပေါက်သွား၏။

ဘယ်လောက်များ မေ့လျော့ ပေါ့ဆလိုက်တဲ့မိန်းမလဲ။

ဆရာဝန်ကို အားနာရှက်ရွံ့စိတ်ဖြင့် ငြိမ်း ဘာပြောရမှန်း မသိခင်မှာပင် သူက ဆက်ပြောသည်။

"ကိုယ် အိုဂျီဝါဒ်မှာ တစ်ချိန်လုံးရှိနေတယ်၊ မင်း ကိုယ့်ကို လိုက်မရှာခဲ့ဘူးနဲ့တူတယ်"

"ဟုတ် ... ဟုတ်ပါတယ်ဆရာ၊ ကျွန်မလဲ ဖေဖေ့အတွက် စိတ်ပူပြီး ထူပူနေတာနဲ့ ဆရာ့ကိုရှာဖို့ မေ့သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း ရှက်ရှက်နှင့် ဝန်ခံလိုက်တော့ သူက နှစ်သိမ့်ပြုံးလား သရော်ပြုံးလား မခွဲခြားတတ်သော အပြုံးတစ်ခုကို ပြုံးသည်။

"အင်း … ဖြစ်တတ်ပါတယ်လေ၊ ဒါက အကြောင်းမဟုတ်ပါဘူး၊ ကိုယ့်သူငယ်ချင်းက မင်းဖေဖေကို ဂရုတစိုက် (အင်းတဲန်းစစ်ကဲယား) လုပ်ပေးဖို့ အကူအညီတောင်းထားတယ်၊ အဲ့ဒီတော့ အခု လူနာဘယ်မှာလဲ၊ ကိုယ်တစ်ချက်လောက်ကြည့်ချင်တယ်"

"ဒီဘက်မှာပါ ဆရာ"

ဖေဖေ့ခုတင်ရှိရာသို့ ငြိမ်း ဦးဆောင်ကာ ခေါ်လာတော့ သူက လူနာမှတ်တမ်းကိုယူကာ ဂရုတစိုက် ဖတ်ရှုပြီးနောက် ခေါင်းတစ်ချက်ဆတ်လျက် ….

"တူးဟန်ဒရက်၊ ဝမ်းတွမ်တီးနဲ့ ရောက်လာတာပဲ၊ (ဖေ့စ်ရှယ်ပေါ်စီ) တော့ မရဘူး၊ အခြေအနေက တော်တော်ကောင်းနေပါပြီ"

"ဒါဆို ဆင်းရတော့မှာပေါ့နော်"

ငြိမ်း၏ စကားကြောင့် ကိုရွှေဆရာပန်က ဟက်ဟက်ပက်ပက် ရယ်မောလေသည်။





"ဖြည်းဖြည်းပေါ့ ငြိမ်းအေးဖြူရယ်၊ မင်း ဖေဖေကို ကိုယ်တို့ ဆေးရုံက တစ်သက်လုံး ဆွဲမထားပါဘူး၊ အချိန်တန်ရင် ဆင်းရမှာပါ၊ ဘာမှစိတ်ပူမနေပါနဲ့၊ ဟုတ်ပြီလား၊ ကဲ … ကိုယ် ဝါ့ဒ်ထဲ ပြန်သွားရဦးမယ်၊ ဂျူတီထွက်ချိန်ကျမှ တစ်ခေါက်ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့ဆရာ …. ကျေးဇူးပါပဲ"

သူ လှည့်ထွက်သွားပြီး ခြေလှမ်း နှစ်လှမ်း သုံးလှမ်းခန့် အရောက်မှ ရုတ်တရက် ပြန်လှည့်ကာ ကောက်ခါငင်ခါ မေးသည်။

"ဩော် … ဒါနဲ့ ငြိမ်းအေးဖြူ၊ မင်း ကိုယ့်နာမည်ကိုတော့ မှတ်မိပါတယ်နော်"

ဗုဒ္ဓေါ … စောစောက သူပြောသော နာမည်ကို ငြိမ်း လုံးဝ စဉ်းစားမရတော့။ သူက ငြိမ်းအဖြစ်ကို ရိပ်မိ၍ပဲလား မပြောတတ်။ ညင်ညင်သာသာပြုံးလျက် ….

"ကိုယ့်နာမည် ထင်ဇော်အောင် … တဲ့၊ ကိစ္စတစ်ခုခုရှိရင် အိုဂျီဝါ့ဒ်ကိုလာခဲ့၊ ဒါမှမဟုတ်လဲ ဆရာမတစ်ယောက်ယောက်ကို အခေါ်ခိုင်းလိုက်၊ ထင်ဇော်အောင်နော်၊ မေ့လဲမသွားနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်သွားချိန်၌ ဘာကြောင့်မှန်းမသိဘဲ ငြိမ်း မျက်နှာ တစ်ခုလုံး ထူအမ်းလျက် ရင်တလှပ်လှပ်ဖိုကာ ကျန်ရစ်ခဲ့လေသည်။

(ငြိမ်းနှင့် ကိုကို၏ နိဒါန်းသည် ထိုသို့ပင် ကဗျာမဆန်စွာ စတင်ခဲ့ကြခြင်းဖြစ်၏။)

✵ ✵ ✵

ထိုနောက်ပိုင်း ရက်များ၌ ငြိမ်း၏ကိုကို ဖြစ်လာမည့်ဒေါက်တာ ထင်ဇော်အောင်သည် ဖေဖေ့အား မကြာခဏ လာကြည့်ခြင်းဖြင့် ငြိမ်းနှင့် ပိုမိုရင်းနှီးလာခဲ့သည်။

သူ့ တာဝန်ကျရာအဆောင်သို့ ငြိမ်းက စားစရာများ သွားပို့တတ်သဖြင့် မေမေက ပြုံးထေ့ထေ့နှင့်ကြည့်သလို သူ့သူငယ်ချင်း ဆရာဝန်များကလည်း မထိတထိနှင့် ငြိမ်းအား ကျီစယ်တတ်ကြသည်။





"မုန့်တွေဘာတွေဆိုရင်တော့ အပင်ပန်းခံပြီး လာပို့မနေနဲ့ ငြိမ်းအေးဖြူ၊ ပို့ချင်ရင် ထမင်းနဲ့ဟင်းသာ လာပို့၊ ဒီကောင်က တစ်ယောက်တည်းသမား၊ လူပျိုလူလွတ်၊ ထမင်းချက်ပေးမယ့် အိမ်ထောင်ရှင်မကလဲ မရှိတော့ မနက်စာရော ညစာပါ ဆိုင်မှာချည်း ဝယ်စားနေရတာ"

ရိသဲ့သဲ့ နောက်ပြောင်နေကြမှန်း သိလျက်နှင့် ဆိုင်မှာ ဝယ်စားနေရသည်ဆိုသော ကိုကို့ကို ငြိမ်းက သနားဖြစ်အောင် သနားမိလိုက်ပါသေးသည်။ ထို့ကြောင့်လည်း နောက်ရက်များ၌ ဖေဖေ့အတွက် ထမင်းချိုင့်က လူတစ်ယောက်စာ ပိုတိုးလာခဲ့ခြင်း ဖြစ်သည်။

"ဒုက္ခမရှာပါနဲ့ ငြိမ်းရယ်၊ ကိုယ်က အပြင်မှာဝယ်စားတာ အသားကျနေပါပြီ"

အားနာတတ်သော ကိုကိုက ငြိမ်း ထမင်းပို့တော့ မျက်နှာပူ ဟန်ဖြင့် ငြင်းပယ်လေသည်။

"ငြိမ်းက ဆရာ့ကို ကောင်းကောင်းမွန်မွန် စားစေချင်လို့ပါ ဘာလဲဟင် ... ငြိမ်းတို့အိမ်က ဟင်းက ဆိုင်ကဟင်းတွေလောက် မကောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သည်လို ဆိုတော့လည်း သူက ဟက်ဟက် ပက်ပက် ရယ်မောရင်း ပွင့်လင်းစွာ ဝန်ခံတတ်ပြန်ပါသည်။

"ဘယ့်နှယ့်မေးလိုက်တာလဲ ငြိမ်းရဲ့၊ ဆိုင်ကဟင်းတွေထက် အများကြီးကောင်းတာပေါ့၊ ကိုယ်က အိမ်ထမင်း အိမ်ဟင်း ငတ်နေတဲ့လူဆိုတော့ ချဉ်ရည်ဟင်းတစ်ခွက်လောက်နဲ့ စားရရင်တောင် ဆိုင်မှာစားတာထက် နှစ်ဆလောက် ထမင်းပိုမြိန်တယ်"

"ဒါဖြင့်လဲ ဘာဖြစ်လို့ ငြင်းနေသေးလဲ"

"ငြိမ်းတို့ ပင်ပန်းမှာစိုးလို့ပါ၊ ဒါနဲ့ စကားမစပ် ခုပို့တဲ့ဟင်းတွေက ငြိမ်းကိုယ်တိုင်ချက်တာလား"

အစပိုင်းက မေမေချက်သော်လည်း နောက်ပိုင်း ငြိမ်းကိုယ်တိုင် ချက်ခဲ့သည်။ အထူးသဖြင့် သူ့ထံသို့ ထမင်းပို့မည်ဟု ဆုံးဖြတ်လိုက်သောအခါ ယခင်ကထက် ပိုမိုကောင်းမွန်အောင် ကြိုးစား၍ ချက်ခဲ့၏။

ငြိမ်း ရှက်ရှက်နှင့် ခေါင်းညိတ်ဝန်ခံလိုက်တော့–

"ငြိမ်းက ဘယ်ဆိုးလို့လဲ၊ ဟင်းချက်တော်သားပဲ"





သူ့ချီးကျူးစကားကြောင့် ငြိမ်းကျေနပ်စွာ ရင်ဖို့သွား၏။

သူက ဟန်ဆောင်မနေတော့ဘဲ ငြိမ်းရှေ့မှာပင် ငြိမ်းပို့သော ထမင်းချိုင့်ကို ဖွင့်သည်။

"ငါးခူစဉ်းကောနဲ့ မုန်လာချဉ်ရည်ဟင်းပါလား၊ ကိုယ် သိပ်ကြိုက်တဲ့ ဟင်းတွေပဲ၊ အင်း ... ငြိမ်းဖေဖေသာ ဆေးရုံက ပြန်ဆင်းသွားရင် ကိုယ်တော့ ဆိုင်ကထမင်းဟင်းတွေ စားတတ်ပါဦးမလား မသိဘူး"

"အဲဒါဆိုလဲ ငြိမ်းတို့အိမ်မှာ လာစားပေါ့"

လွှတ်ခနဲ ပြောလိုက်ပြီးမှ ငြိမ်း မျက်နှာမထားတတ်အောင် ရှက်သွားလေသည်။ သူက ပေါ့ပေါ့ပါးပါး ရယ်မောရင်း ပြန်ပြောသည်။

"မလုပ်ပါနဲ့ ငြိမ်းရယ်၊ တော်ကြာ ငြိမ်းဖေဖေနဲ့ မေမေက နေ့တိုင်းထမင်းလာစားလို့ ကိုယ့်ကိုရိုက်လွှတ်နေပါဦးမယ်"

"အို ... ဖေဖေနဲ့ မေမေက အဲဒီလောက် မရိုင်းပါဘူးနော်၊ ပြီးတော့ အစစ အရာရာ အကူအညီပေးလို့ သူ့ကို အရမ်းကျေးဇူးတင်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... သတိထားနေတဲ့ကြားထဲက ငြိမ်း စကားထပ်မှားပြန်ပြီ။

သို့သော် ထိုအချိန်၌ သူက ခေါင်းငုံ့ကာ ထမင်းကို စတင်စားသောက်နေပြီဖြစ်သဖြင့် နီမြန်းနေသော ငြိမ်း၏မျက်နှာကို ကံကောင်းထောက်မစွာ တွေ့မြင်မသွားခဲ့ပါ။

✻ ✻ ✻



(၄)

မေမေ ဆေးရုံမှဆင်းပြီးချိန်မှာတော့ ငြိမ်း သူနှင့်မတွေ့ဖြစ်တော့ပါ။ ငြိမ်း သူ့အား သတိတရနှင့် သွားရောက်တွေ့ဆုံချင်သော်လည်း အကြောင်းကိစ္စမရှိဘဲ မိန်းကလေးတန်မဲ့ သွားတွေ့ရမှာကိုတော့ ငြိမ်း ရှက်ပါသည်။

(သို့သော် တစ်ရက် သူ့သူငယ်ချင်းတစ်ယောက်နှင့် အမှတ်မထင် ဆုံတွေ့ဖြစ်သောအခါမှာတော့ ငြိမ်း သူ့အား သွားတွေ့ရန် စိတ်ဒုံးဒုံးချ ဆုံးဖြတ်လိုက်လေတော့သည်။) ထိုနေ့က ငြိမ်း အပ်ထည်များ သွားသွင်းပြီး အပြန် သူ့သူငယ်ချင်းက ငြိမ်းကို တွေ့မြင်သွားပြီး စတင်နှုတ်ဆက်ခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မငြိမ်းအေးဖြူ"

ပထမတော့ ၄င်းအား ငြိမ်း မမှတ်မိ။ ထင်ဇော်အောင့်သူငယ်ချင်းလေဟု ပြောတော့မှ ငြိမ်း မှတ်မိသွားပြီး အားနာသွားလေသည်။

"မငြိမ်းအေးဖြူတို့ကတော့ ပွဲပြီးမီးသေပဲနော်"

"ရှင်"

"ဩော် ..... မငြိမ်းအေးဖြူအဖေ နေကောင်းသွားပြီးကတည်းက ဆေးရုံကိုတောင် မလာတော့ဘူးလို့ ပြောတာပါ၊ ထင်ဇော်အောင်ကြီး ခမျာမှာတော့ ခင်ဗျား လာနိုးလာနိုးနဲ့ လည်ပင်းတောင် ဈေးချိုနာရီစင်ကြီး ဖြစ်တော့မယ်"

ထိုစကားက ငြိမ်းရင်ကို လှိုက်ခနဲ ဖြစ်သွားစေပါသည်။

သူက ငြိမ်းကို မျှော်နေသတဲ့ ....။

တကယ်ပဲလား ....။

ဒါမှမဟုတ် လုပ်ကြံပြီး နောက်ပြောင် ပြောနေတာများလား။

"ကျွန်တော့်သူငယ်ချင်းကိုတော့ လာတွေ့လိုက်ပါဦးဗျာ"





ငြိမ်း အနည်းငယ်တုံ့ဆိုင်းနေပြီးမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ငြိမ်း လာခဲ့ပါ့မယ်"

"ဩော် ... ဒါနဲ့ စကားမစပ် အတွင်းစကားတစ်ခု ပြောရဦးမယ်၊ သူ့ကိုတော့ ပြန်မမေးနဲ့နော်"

ငြိမ်း ထိတ်ခနဲ ရင်ဖိုသွား၏။

"ဘာ ... ဘာများပါလိမ့်"

"ဒီကောင်ကြီး ခု .... ဆိုင်က ထမင်းဟင်းတွေ မစားတတ်တော့ဘူးဗျ၊ တော်တော်ဒုက္ခရောက်နေရှာတယ်"

မြတ်စွာဘုရား ...။

သူ့ အပြင်ဆိုင်မှာထမင်းမစားတတ်တော့တဲ့ကိစ္စမှာ.. ငြိမ်းကပဲ တရားခံလို ဖြစ်နေပါရော့လား။

တမင်ပိုပြောလိုက်မှန်း သိသည့်တိုင် ထိုစကား၏ ထိရောက်မှုကတော့ အတော်စူးရှလှပါသည်။ အံ့မ်ရောက်သည့်တိုင် သူ ဆိုင်က ထမင်းဟင်းတွေ မစားတတ်တော့ဘူး၊ တော်တော် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရှာတယ်ဟူသောစကားက ငြိမ်း၏ နားထဲ၌ တရစ်ဝဲဝဲ ပဲ့တင်ထပ်စွာ ပြန်လည်ကြားယောင်နေမိသည်။

✽ ✽ ✽

ထို့ကြောင့်လည်း နောက်ထပ် ရက်အနည်းငယ်အကြာ၌ သူ၏ရှေ့မှောက်သို့ ငြိမ်း ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ လိုရ မယ်ရ ယူဆောင်သွားသော ငြိမ်း၏ အကြောင်းပြချက်က ....

"ဆေးရုံတက်နေတဲ့ သူငယ်ချင်းတစ်ယောက်ကို သတင်း လာမေးရင်း လမ်းကြုံလို့ ဝင်လာတာပါ..." ဟူ၍ ဖြစ်သည်။

သို့သော် သူက ဆရာဝန်ပီပီ (ပြီးတော့ ငြိမ်း၏သူငယ်ချင်း ဟူသောစကားကြောင့်) "ဘာရောဂါလဲ" "နာမည်ဘယ်သူလဲ" "ဘယ်အဆောင်မှာ တက်တာလဲ ...." ဟု အတိအကျ မေးလာ သော အခါမှာတော့ ငြိမ်း၏ အကြောင်းပြချက်က ဖရိုဖရဲ ဖြစ်ရလေတော့သည်။

ဥက္ကာဝင်းစာပေ



"ဟိုဒင်း သူငယ်ချင်းဆိုပေမယ့် သိပ်ရင်းရင်းနှီးနှီးချည်း မဟုတ်ပါဘူး၊ ဟို ... ဟိုလေ ... ငြိမ်းမိတ်ဆွေတစ်ယောက်ရဲ့ သူငယ်ချင်းပါ၊ ပြီးတော့လဲ ... ငြိမ်းက ... ငြိမ်းက ဆေးရုံပေါ် အထိ လိုက်သွားတာမဟုတ်တော့ ဘာမှသေချာမသိဘူး"

"ကိုယ်က ငြိမ်းသူငယ်ချင်း ဆိုတော့ အကူအညီတွေ ဘာတွေလိုရင် ကူညီပေးမလို့ မေးတာပါ၊ ကဲ ... ခု ကိုယ် လက်ဖက်ရည်ထွက်သောက်မလို့၊ ငြိမ်း လိုက်မယ်မဟုတ်လား"

ဘုရားရေ ... ဘယ်လောက်များ ထုံလိုက်တဲ့ ဆရာဝန်လဲ နော်။

သူ့ဆီ လာလည်ပါတယ်ဆိုမှ သူ လက်ဖက်ရည်ဆိုင်သွား တာကို မလိုက်ဘဲ သူ့ရုံးခန်းကျဉ်းကျဉ်းလေးထဲမှာ တစ်ယောက် တည်း ဒီတိုင်းထိုင်ပြီး ကျန်ခဲ့ရမှာတဲ့လား။

"ငြိမ်း လက်ဖက်ရည်ဆိုင် လိုက်ခဲ့မယ်လေ၊ ဒါပေမဲ့ လက်ဖက်ရည်ဖိုးကိုတော့ ငြိမ်း ရှင်းပါရစေနော်"

"မဟုတ်တာပဲ၊ ငြိမ်းက ကိုယ့်ဆီလာလည်တဲ့ ဧည့်သည်၊ ကိုယ်ရှင်းမှာပေါ့"

ဥက္ကာဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတော့လည်း သူ့ဆီလာလည်မှန်း ရိပ်မိပေသားပဲ။

တော်ပါသေးရဲ့။ ဆေးလာကုတဲ့ လူနာလို့ မထင်ပေတာ။

"ငြိမ်း ဖေဖေကော နေကောင်းသွားပြီလား"

လက်ဖက်ရည်ဆိုင် ရောက်သောအခါ ငြိမ်းအား မေးလေသည်။

"ဟုတ်ကဲ့၊ တော်တော်သက်သာသွားပါပြီ၊ တစ်ခါတလေ အစားမှားရင်တော့ သွေးနည်းနည်း တိုးချင်တယ်၊ ဒါပေမဲ့ အရင်ကလောက်တော့ တအားကြီး မတိုးတော့ဘူး"

"အစားအသောက်ကိုတော့ ဆင်ခြင်ခိုင်း၊ သွေးတိုး၊ နှလုံး ဆီးချိုဆိုတာတွေက ဆက်နေတာငြိမ်းရဲ့၊ တစ်ခုဖြစ်ရင် ကျန်တာ တွေပါ လိုက်ဖြစ်ဖို့ သိပ်လွယ်တာ၊ ငြိမ်းဖေဖေက (အိုင်အိတ်ချ်ဒီ) လဲ နည်းနည်းရှိတော့ (အိက်စစ်တ်မန့်) သိပ်မရစေနဲ့၊ (ပရက်ရှာ) မှန်မှန်ချိန်၊ (ကယ်လ်စီကတ်ရီတပ်ဒ်) နဲ့ (မိုနိုထရိတ်) လဲ မှန်မှန် သောက်ခိုင်း၊ လိုရမယ်ရ (နိုထရိုပေးလ်ကက်ပ်ဆူး) လဲ ဝယ်ခိုင်း ထားသေးတယ် မဟုတ်လား"

"ဟုတ်"





"(ဖေ့စ်ရှယ်ပေါ်စီ) ရချင်ရင် (နိုထရိုပေးလ်) တိုက်"

"ဟုတ်ကဲ့"

ငြိမ်းတစ်ယောက် လက်ဖက်ရည်ဆိုင်ထဲ ရောက်နေခြင်း မဟုတ်ဘဲ ဆေးပညာပေး ဟောပြောပွဲ ခန်းမထဲ ရောက်နေ သလားဟုပင် ထင်ရလောက်ပါသည်။ မိနစ်နှစ်ဆယ်လောက် သူပြောသမျှကို ငြိမ်း ခေါင်းညိတ် ခေါင်းခါနှင့် သည်းခံနားထောင် နေရ၏။

နောက်ထပ် အချိန်အနည်းငယ်သာ ကြာလျှင် ငြိမ်း ထိုင်လျက်ကြီး အိပ်ပျော်သွားမလား မပြောတတ်။ ကံကောင်း ထောက်မစွာ သူက စကားလမ်းကြောင်း စတင် ပြောင်းလဲလိုက် သဖြင့် ငြိမ်း စိတ်သက်သာရာ ရသွားသည်။

"ကိုယ် အခု ထမင်းချိုင့် မှာစားနေတယ်"

"ဟုတ်လား၊ ဆိုင်မှာ ထွက်မစားတော့ဘူးလား"

"ဟင့်အင်း ... ဆိုင်မှာက စောင့်ရတာနဲ့ ဘာနဲ့ အချိန်ကုန် တယ်၊ ချိုင့်ဆွဲမှာစားတော့ ကိုယ်စားချင်တဲ့အချိန် အချိန်မရွေး စားလို့ရတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်းတွေကော ကောင်းရဲ့လား"

"မဆိုးပါဘူး၊ ဒါပေမဲ့ ..."

"ဘာဖြစ်လဲ ... ဟင်"

ငြိမ်း စိတ်ဝင်တစား မေးလိုက်၏။

အကယ်၍ သူသာ ပါးရည်နပ်ရည်ရှိလျှင် "ငြိမ်းလက်ရာကိုတော့ ဘယ်မီမလဲ" ဟု ပြန်ဖြေပါလိမ့်မည်။ သို့သော် ခပ်ထူထူ ဆရာဝန်က ....

"ဆိုင်မှာလိုထော့ ပူပူနွေးနွေး မစားရဘူးပေါ့" ... တဲ့။

သူ့အဖြေစကားကြောင့် ငြိမ်း တော်တော်စိတ်ပျက်သွားလေသည်။ ဘယ်လောက်များ သနားစရာကောင်းလိုက်တဲ့ ဆရာဝန်ပါလဲ။

သို့သော် ဘာပဲဖြစ်ဖြစ် ထိုခပ်ဆဲ့ဆဲ့ထုံ နုံအအ ဆရာဝန်အားချစ်နေမိကြောင်းကိုတော့ ထိုနေ့မှာပင် ငြိမ်းကိုယ်ငြိမ်း သေချာသွားခဲ့ပါသည်။

ထို့ကြောင့်လည်း နောက်ပိုင်းရက်များ၌ ငြိမ်း အားလျှင်အားသလို သူ့ထံသို့ မကြာခဏ အလည်ရောက်ခဲ့ခြင်းဖြစ်သည်။





(သူကိုယ်တိုင်ကလည်း ငြိမ်း လမ်းကြုံရင် ဝင်လာခဲ့လေ၊ ကိုယ်လက်ဖက်ရည် တိုက်ပါ့မယ်ဟု ဖိတ်ခေါ်ထားခဲ့သည် မဟုတ်ပါလား။

လမ်းဆိုသည်မှာ ကြုံချင်လျှင် အလွန် လွယ်ပါသည်။ ပြီးတော့ တစ်ပတ်လျှင် သုံးရက် ငြိမ်းတက်နေရသော ကျူရှင်ကလည်း သူ့ရှိရာ ဆေးရုံနှင့် သိပ်ဝေးလှသည် မဟုတ်။ ထို့ကြောင့် ကျူရှင်တက်ရက်တိုင်း ကျူရှင်ဆင်းသည်နှင့် ငြိမ်း သူ့ထံသို့ အလည်ရောက်သွားလေ့ရှိပြီး သူကလည်း ငြိမ်းရောက်လာသည်နှင့် လက်ဖက်ရည်သို့မဟုတ် အအေးလိုက်တိုက်ကာ ရောက်တတ်ရာရာ အကြောင်းအရာများကို ပြောတတ်ပါသည်။ များသောအားဖြင့် သူ ပြောလေ့ရှိသော အကြောင်းအရာများမှာ ငြိမ်းအတွက် ဘယ်လိုမှ ရင်ခုန်စရာမကောင်းသော စာအုပ်များအကြောင်း၊ အနုပညာဆိုင်ရာ ပညာရပ်များအကြောင်းသာ ဖြစ်သည်။

သူပြောသော အကြောင်းအရာများက စိတ်ဝင်စားစရာမကောင်းသော်လည်း သူ့မျက်လုံးများကတော့ အလွန်ရင်ခုန်စရာကောင်းပါသည်။ အထူးသဖြင့် တစ်ခုခုကိုစိတ်ဝင်တစား ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



နေသောအခါများ၌ သူ့မျက်လုံးများက တလက်လက် တောက်ပနေတတ်ပြီး .... ထိုမျက်လုံးတောက်တောက်တစ်စုံနှင့် ငြိမ်းအား စိုက်ကြည့်လျှင် ငြိမ်း တစ်ကိုယ်လုံး ထူပူကာ ရင်တလှပ်လှပ်ခုန်လျက် ချက်ချင်းပင် ဖျားချင်သလိုလို ဖြစ်လာတတ်သည်။ (သူက တော့ ရိပ်မိပုံ မရပါ။)

ဒါကြောင့်လည်း တစ်ခါတလေ အလိုက်ကန်းဆိုး မသိစွာ ထိုမျက်လုံးများနှင့် ငြိမ်းအား အကြာကြီး စိုက်ကြည့်နေတတ်တာ ဖြစ်မှာ ...။ ငြိမ်းကတော့ သူ့ကို ထိုသို့ကြည့်သည်နှင့် ရင်တဒိန်းဒိန်း ခုန်ကာ မျက်နှာကို အမြန်လွှဲပစ်လိုက်မြဲဖြစ်သည်။

"ငြိမ်းကို အဲလိုမကြည့်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"မသိဘူး"

ငြိမ်း ဆူအောင့်အောင့်ဖြေတော့ သူက ဘာမှဆက်မပြောတော့ဘဲ တဟားဟား ရယ်မောလေသည်။

* * *



(၅)

မိန်းကလေးတိုင်း၏ မွေးရာပါ အတတ်ပညာတစ်ခုမှာ အမျိုးသားတစ်ယောက်နှင့် သိကျွမ်းခင်မင်ပြီး လေး ငါးခါ တွေ့ဆုံစကားပြောကြည့်ရုံဖြင့် ထိုအမျိုးသားနှင့် ချစ်သူဖြစ်နိုင်၊ မဖြစ်နိုင် ဘင်ကြိုခန့်မှန်းနိုင်ခြင်းပင် ဖြစ်သည်။

မိန်းကလေးတစ်ယောက်သာဖြစ်သော ငြိမ်းသည်လည်း သူနှင့် သိပ်မကြာခင် ချစ်သူများ ဖြစ်သွားကြလိမ့်မည်ဟု စိတ်ချယုံကြည်ထားသည့်အတိုင်း အမှန်တကယ်လည်း ချစ်သူများ အဖြစ်သို့ ရောက်ရှိခဲ့ကြသည်။ အနည်းငယ် ရယ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်မှာမိန်းကလေးတစ်ယောက်နှင့်ယောကျ်ားလေးတစ်ယောက် ချစ်သူများဖြစ်ရန် အဓိက လိုအပ်သော ရည်းစားစကားကို ငြိမ်းအား မပြောဘဲ ဖေဖေနှင့် မေမေအား သွားပြောခြင်း ဖြစ်သည်။ ဘယ်လောက်များ ခွကျလိုက်တဲ့လူလဲ။

"ကိုယ်က ငြိမ်းကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာလေ၊ ငြိမ်းနဲ့ သမီးရည်းစားဖြစ်ပြီးရင်လဲ လက်ထပ်ဖို့အတွက် ငြိမ်းမိဘကို သွားပြောရမယ့် အတူတူ တစ်ခါတည်း ငြိမ်းမိဘတွေကို သွားတွေ့ပြီး ပြောလိုက်တာ"

(သူနှင့် ချစ်သူများဖြစ်ပြီးနောက် ငြိမ်းကို မေတ္တာရှိကြောင်းနှင့် လက်ထပ်ချင်ကြောင်း ငြိမ်းဖေဖေနှင့် မေမေအား တိုက်ရိုက်သွားပြောခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ ထိုသို့ ဖြေရှင်းချက်ပေးပါသည်။)

"ဘာပဲဖြစ်ဖြစ် ငြိမ်းကိုတော့ ကိုကို အရင်ပြောသင့်တာပေါ့"

ငြိမ်းက ခပ်ဆောင့်ဆောင့် ရေရွတ်တော့ သူက နှုးညံ့စွာ ရယ်မောလေသည်။





"တစ်ခုခုကို ပြောတယ်ဆိုတာ အဲဒီတစ်ခုခုကို သိစေချင်လို့ မဟုတ်လား ငြိမ်းရဲ့၊ ကိုယ်သိစေချင်တဲ့ ကိစ္စတစ်ခုကို ကိုယ်သိစေချင်တဲ့လူ သိသွားရင် ပြီးတာပဲ မဟုတ်လား"

"ဒါတော့ဒါပေါ့၊ ဒါပေမဲ့ ငြိမ်းက ကိုကိုပြောတဲ့ ရည်းစားစကားကို ဦးဦးဖျားဖျား နားထောင်ချင်သေးတာပေါ့"

"ငြိမ်းက သိပ် (အင်မေဂျင်နေးတစ်) ဖြစ်တာပဲ၊ ကဲ ... ဒါဖြင့်လဲ ငြိမ်းကို ဦးဦးဖျားဖျား ရည်းစားစကား မပြောမိတာကို အလျှော်ပေးတဲ့အနေနဲ့ ခု ဘယ်သူမှ မသိသေးတဲ့ စကားတစ်ခု ငြိမ်းကို ဦးဦးဖျားဖျား ပြောပြမယ်"

"ဘာလဲဟင်"

"ကိုယ် ငြိမ်းကို လက်ထပ်တော့မလို့"

ထိုစကားအား သူက တလေးတနက် ပြောလာခြင်း ဖြစ်သည်။

"ဗုဒ္ဓေါရေ ... ရည်းစားဖြစ်တာတောင် မကြာသေးဘဲနဲ့"

"ရည်းစားအကြာကြီးဖြစ်ပြီးမှ လက်ထပ်ရမယ်ဆိုတဲ့ဥပဒေ ရှိလို့လား ငြိမ်းရဲ့၊ ကိုယ်က ငြိမ်းကို လက်ထပ်ချင်လှပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ …ဘယ်တုန်းက အဲဒီစိတ်တွေ ရှင့်ရင်ထဲကို ဝင်လာတာလဲ ဦးထင်ဇော်အောင်"

"ငြိမ်းကို စတွေ့ကတည်းကပဲ"

"မြတ်စွာဘုရား"

သူမ ရင်ဘတ်ကို လက်နှင့်ဖိကာ ဘုရားတလိုက်မိသည်။

သူကတော့ အေးဆေးတည်ငြိမ်စွာပင် လက်ထပ်ဖို့ အစီအစဉ်များကို တစ်ယောက်တည်း ရေရွတ်သလို ဆက်ပြောနေလေသည်။

"ခု ကိုယ်နေတဲ့အိမ်ခန်းက နည်းနည်းကျဉ်းတယ်ဆိုပေမယ့် ကိုယ်ရယ်၊ ငြိမ်းတို့မိသားစုရယ် ကောင်းကောင်းနေလောက်ပါတယ်၊ နောက်ပိုင်း ကိုယ့်ဆေးခန်းက ဂျီပီကောင်းတဲ့အခါ ဒီထက်ပိုကောင်းတဲ့အိမ် ဝယ်တာပေါ့၊ ဆေးခန်းဖွင့်ဖို့နေရာလဲ တွေ့ထားပြီ၊ မနက်ဖြန်တောင် စရန်သွားပေးတော့မလို့၊ ပြီးတော့ ဆူပါကပ်တစ်စီးလောက်လဲ ဝယ်ရမယ်၊ ဒါမှ ငြိမ်းကို ကျောင်းလိုက်ပို့ပြီး ကိုယ်က ဆေးရုံကိုဆက်သွား၊ ညနေပိုင်း ဆေးခန်းထိုင်၊ အချိန်မကုန်တော့ဘူးပေါ့။





"စေ့စပ်ကြောင်းလမ်းဖို့၊ နားဖောက်ဖို့ အတွက်တော့ ကိုယ့်မိဘတွေလဲ မရှိကြတော့ဘူးဆိုတော့ ဆေးရုံက ကိုယ့်ဆရာကို အကူအညီ တောင်းရမှာပဲ၊ ဆရာကလဲ ကူညီမှာပါ၊ တစ်ကောင်ကြွက် ဆရာဝန်လေးတစ်ယောက်ကို ငြိမ်းမိဘတွေက မငြင်းလောက်ပါဘူးနော်"

"ကိုကို ခုပြောနေတာတွေက စိတ်ကူးယဉ်နေတာလား ဟင်"

"ပေါက်ပေါက်ရှာရှာ ငြိမ်းရယ်၊ ကိုယ်အတည်ပြောနေတာ"

အမှန်တကယ်ပင် နောက်ထပ် ရက်သတ္တပတ် အနည်းငယ်အကြာ၌ သူ့စကားအတိုင်း စတင် အကောင်အထည်ဖော်လေတော့သည်။

သူ့ဆရာ အထူးကုဆရာဝန်ကြီးနှင့်အတူ ငြိမ်းတို့အိမ်ကို ရောက်လာကာ ငြိမ်းအား လက်ထပ်လိုကြောင်း နားဖောက်ပါသည်။ ငြိမ်းကတော့ မျက်နှာပူကာ ၊ ရှက်လွန်းသဖြင့် သူတို့အိမ်ပေါ်တက်လာသည်နှင့် နောက်ဖေးပေါက်မှ လစ်ထွက်ကာ နေကုန်သည်အထိ သူငယ်ချင်းတစ်ယောက်အိမ်၌ သွားရှောင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အကြာကြီးတော့ ရှောင်၍မရပါ။

ညနေ အိမ်ပြန်ရောက်သည်နှင့် လက်တွေ့ဘဝကို ရင်ဆိုင်ရသလို မေမေ့နားချ စကားတို့ကိုလည်း ရှက်အမ်းထူပူသော မျက်နှာနှင့် နားထောင်ခဲ့ရလေသည်။

"အစကတော့ ကျောင်းပြီးမှပဲ သမီးကို လက်ထပ်စေချင်တာ၊ ခုတော့ သမီးဖေဖေကလဲ ဆေးရုံဆင်းပြီးကတည်းက တရှောင်ရှောင်နဲ့ ဘာမှလုပ်နိုင်ကိုင်နိုင်တာ မဟုတ်ဘူး၊ သမီးမောင်လေးဆိုတာကလဲ ကလေးရှိသေးတာ၊ မေမေ့ရဲ့ စက်ချုပ်လုပ်ငန်း အခြေအနေလဲ သမီးအသိပဲ၊ အရေးအကြောင်းဆိုရင် မားမားမတ်မတ် ရပ်ပေးမယ့် အားကိုးအားထား ယောကျ်ားသားတစ်ယောက်တော့ မေမေတို့ မိသားစုအတွက် လိုအပ်နေတာ အမှန်ပဲ သမီး၊ အဲဒီတော့ သမီးကို မေမေ ဘာမှ အကြံဉာဏ်မပေးချင်တော့ဘူး၊ သမီးဘာသာ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပါ"

တကယ့်တကယ် ဆုံးဖြတ်သောအခါမှာတော့ ငြိမ်း သိပ်ပြီးတွေဝေမနေခဲ့ပါ။ မေမေပြောသော စကားအားလုံးက အမှန်တွေချည်း ဖြစ်သလို ငြိမ်းကိုယ်တိုင်ကလည်း ကိုကို့ကို မြတ်မြတ်နိုးနိုး ချစ်နေမိပြီ မဟုတ်ပါလား။ ထို့ကြောင့် နောက်လထဲမှာပင် ငြိမ်းနှင့် ကိုကို လက်ထပ်ဖြစ်ခဲ့လေသည်။





ကိုကိုက ငြိမ်းတို့ တစ်မိသားစုလုံးကို ၄င်း၏ အိမ်ခန်းလေးဆီသို့ ပြောင်းရွှေ့နေစေချင်သော်လည်း မေမေကတော့ လက်မခံခဲ့ပါ။

"တချို့ဆို လင်ရယ် မယားရယ် ဖြစ်လာရင် တမင်တောင် အိမ်ခွဲနေကြသေးတာပဲ၊ ခု သမီးတို့အိမ်နဲ့ သမီးတို့ ရှိနေတဲ့ဥစ္စာ သမီးတို့ဘာသာ လွတ်လွတ်လပ်လပ် နေကြပါ၊ မေမေ့အပ်ချုပ်စက်တွေနဲ့ စက်ချုပ်မိန်းကလေးတွေအတွက် ဒီအိမ်က ပိုအဆင်ပြေတယ်လေ၊ အဲဒီတော့ မေမေတို့ ဒီမှာပဲဆက်နေမယ်၊ နောက်ပိုင်း အခြေအနေအရ လိုအပ်လာရင်တော့ တစ်မျိုး စီစဉ်ကြတာပေါ့"

ဤသို့ဖြင့် အသက် နှစ်ဆယ်နှင့် သုံးလ အရွယ်၌ ငြိမ်း တစ်ယောက် ယောင်နောက်ဆံထုံးပါခဲ့ရလေသည်။

ယယ်ငယ်ရွယ်ရွယ်နှင့် ဆရာဝန်ကတော်ဖြစ်သွား၍ပဲလားမသိ။ ပတ်ဝန်းကျင်က "ငြိမ်းအေးဖြူတို့များ ယောကျ်ားရကံကောင်းလိုက်တာ" ဟု ဝေဖန်ကြ၏။ (နောက်ပိုင်း ကိုကိုငြိမ်းအား စွန့်ခွာသွားချိန်မှာတော့ "လင်ကံဆိုးသူ" အဖြစ် ဝေဖန်ကြပြန်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ငြိမ်းတို့၏ အိမ်ထောင်ဦးခရီးအစသည် ရာသီဥတု ကြည်လင်သာယာစွာဖြင့် ပျော်ရွှင်စရာကောင်းခဲ့တာကတော့ အမှန်ပဲ ဖြစ်သည်။





(၆)

လက်ထပ်ပြီးနောက် ငြိမ်းအား တင်ကြိုပြောထားသည့် အတိုင်း ရွှေအိုရောင် ဆူပါကပ်လေးတစ်စီးကို ကိုကို ဝယ်ယူခဲ့၏။ သို့သော် သူ့နာမည်နှင့် မဟုတ်ဘဲ ငြိမ်းနာမည်နှင့် ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

“ဘာဖြစ်လို့ ငြိမ်းနာမည်နဲ့ ဝယ်ရတာလဲ”

ငြိမ်းက နားမလည်စွာမေးတော့ သူက ခပ်အေးအေး ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘဝတစ်ခုလုံးတောင် ငြိမ်းကို အပိုင်ပေးထားပြီးမှပဲ၊ အဲဒီတော့ ကိုယ်နဲ့သက်ဆိုင်တဲ့အရာတွေလဲ ငြိမ်းပဲ ပိုင်ဆိုင်သင့်တာပေါ့၊ မဟုတ်ဘူးလား"

(နှောင်း အိမ်သစ်တစ်လုံး ဝယ်ယူသောအခါ၌လည်း ငြိမ်း၏ အမည်နှင့်ပင် ဝယ်ယူခဲ့ပါသည်။) ဆူပါကပ်ကလေး ဝယ်ယူပြီး နောက်ကိုကိုက ငြိမ်းအား ဆိုင်ကယ်စီး သင်ပေးခဲ့သည်။ စက်ဘီး၊ ဆိုင်ကယ်တို့နှင့် မစိမ်းသော မန္တလေးသူ ငြိမ်းက လွယ်ကူလျင်မြန်စွာ တတ်မြောက်ခဲ့၏။

"ငြိမ်းက ဉာဏ်ကောင်းသားပဲ၊ နောက်ဆို ညဂျူတီကျလို့ မနက်ပိုင်း ကိုယ်အိပ်ချင်ရင် ငြိမ်းကို ကျောင်းလိုက်မပို့တော့ဘူး၊ ငြိမ်းဘာသာငြိမ်း ဆိုင်ကယ့်ကို ကိုယ်တိုင်မောင်းပြီး ကျောင်းသွားတက်ပေတော့"

"ငြိမ်းကလဲ အဲဒီရည်ရွယ်ချက်နဲ့ ဆိုင်ကယ်စီးသင်တာပါ နော်၊ ကိုကို ဘာမှစိတ်ပူမနေပါနဲ့"

ဤသို့ဖြင့် ရွှေအိုရောင် ဆိုင်ကယ်လေးနှင့် ငြိမ်း ခပ်ကြွားကြွား ကျောင်းတက်နိုင်ခဲ့သည်။ သို့သော် ကြာကြာတော့





"ဟိုဒင်း သူငယ်ခါင်းဆိုပေမယ့် သိပ်ရင်းရင်းနှီးနှီးချည်း မဟုတ်ပါဘူး၊ ဟို … ဟိုလေ … ငြိမ်းမိတ်ဆွေတစ်ယောက်ရဲ့ သူငယ်ချင်းပါ၊ ပြီးတော့လဲ … ငြိမ်းက … ငြိမ်းက ဆေးရုံပေါ် အထိ လိုက်သွားတာမဟုတ်တော့ ဘာမှသေချာမသိဘူး"

"ကိုယ်က ငြိမ်းသူငယ်ချင်း ဆိုတော့ အကူအညီတွေ ဘာတွေလိုရင် ကူညီပေးမလို့ မေးတာပါ၊ ကဲ … ခု ကိုယ် လက်ဖက်ရည်ထွက်သောက်မလို့၊ ငြိမ်း လိုက်မယ်မဟုတ်လား"

ဘုရားရေ … ဘယ်လောက်များ ထုံလိုက်တဲ့ ဆရာဝန်လဲ နော်။

သူ့ဆီ လာလည်ပါတယ်ဆိုမှ သူ လက်ဖက်ရည်ဆိုင်သွားတာကို မလိုက်ဘဲ သူ့ရုံးခန်းကျဉ်းကျဉ်းလေးထဲမှာ တစ်ယောက်တည်း ဒီတိုင်းထိုင်ပြီး ကျန်ခဲ့ရမှာတဲ့လား။

"ငြိမ်း လက်ဖက်ရည်ဆိုင် လိုက်ခဲ့မယ်လေ၊ ဒါပေမဲ့ လက်ဖက်ရည်ဖိုးကိုတော့ ငြိမ်း ရှင်းပါရစေနော်"။

"မဟုတ်တာပဲ၊ ငြိမ်းက ကိုယ့်ဆီလာလည်တဲ့ ဧည့်သည်၊ ကိုယ်ရှင်းမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နေရတာ၊ မှန်တိုင်းထန်ရင် လှိုင်းကြမ်းပြီး မှန်တိုင်းကင်းရင်ေ လှိုင်းကြက်ခွပ်လေးတွေ အတိုးခံရမယ်၊ ဒါ မဆန်းပါဘူး"

မေမေကတော့ လောကဓံကို ကြံ့ကြံ့ခံနိုင်သူ ဖြစ်၏။ ကြောင့် နောက်ပိုင်း ငြိမ်းကိုယ်တိုင် ဘဝကို လက်တွေ့ရင်ဆို သောအခါ၌ မေမေ့ထံမှ ထိုစိတ်ဓာတ်ကို သူမ အမွေဆက်ခံနို ခြင်းဖြစ်သည်။)

မေမေတို့ စီးပွားရေး ကျဆင်းခဲ့သည့်တိုင် အခြေမပျ ဆက်လက်နေထိုင်နိုင်ခဲ့သည့်အတွက်တော့ ကိုကိုကို ကျေးဇူး ရပါလိမ့်မည်။ ကိုကိုက ငြိမ်းမိဘများ၏ စားဝတ်နေရေးအတွ လစဉ် အလုံအလောက် ထောက်ပံ့ခဲ့၏။ တကယ်တော့ မေ တို့နှင့် ငြိမ်းတို့ တစ်အိမ်တည်း အတူတူ မနေကြသည်မှအ တစ်စီးပွားတည်းလို ဖြစ်နေခဲ့ကြသည်မှာ ငြိမ်း လက်ထ ကတည်းကပင်ဖြစ်သည်။

ငြိမ်းတို့ အိမ်ထောင်သက် ပထမတစ်နှစ်လုံးလုံး ဆေ တစ်လှည့်၊ ဆေးခန်းတစ်လှည့် မနားမနေ စီးပွားရှာခဲ့သော ကို သည် အိမ်ထောင်သက် ဒုတိယနှစ်စ၌ ဆေးရုံမှ အလုပ်ထွ လိုက်၏။ ထိုကြောင့် ကိုကိုနှင့်အတူနေချိန်ပိုများလာလိမ့်မည်





ငြိမ်း မျှော်လင့်ခဲ့သော်လည်း လက်တွေ့မှာတော့ ငြိမ်း ထင်သလို မဖြစ်ခဲ့ပါ။

မနက်ပိုင်းနှင့် ညပိုင်း ဆေးခန်းနှစ်ခု ခွဲထိုင်ခဲ့ခြင်းကြောင့် ယခင်ကထက် ပိုထူးမလာခဲ့။ ဒီကြားထဲ သူ့သူငယ်ချင်း ဆရာဝန် များ မအားသည့်အခါ၌ ၎င်းတို့၏ ဆေးခန်းကိုပါ သွားထိုင်ပေး တတ်သဖြင့် အိမ်ကပ်ချိန်က ရှားပါးလာခဲ့၏။

သို့သော် ဝင်ငွေကတော့ ယခင်ကထက် ပိုမိုတိုးတက်လာ ကာ လက်ရှိအိမ်ကို ရောင်းချပြီး ပိုမိုကျယ်ဝန်းသည့် အိမ်သစ် တစ်လုံးကို ဝယ်ယူနိုင်ခဲ့သည်။ ထိုအိမ်သို့ မေမေတို့ကိုပါ လာရောက် နေစေသော်လည်း မေမေကတော့ ထုံးစံအတိုင်း ငြင်းဆန်ခဲ့ပါသည်။

ထို့ကြောင့်လည်း ကိုကိုနှင့် သူမအကြား အနေအထား ပြောင်းလဲလာမှုကို မေမေတို့ တင်ကြိုမရိပ်မိခဲ့ကြခြင်းဖြစ်သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း တစ်ရေးနိုးချိန်၌ ငြိမ်းဘေးနားတွင် ကိုကို ရှိမနေပါ။ ငြိမ်း ထိတ်ခနဲဖြစ်သွားပြီး လိုက်ရှာတော့ ညည့်ခန်း ပက်လက်ကုလားထိုင်တွင် စီးကရက်ဖွာလျက် ထိုင်နေသော ကိုကို့ကို တွေ့ရသည်။

"ကိုကို ... အိပ်မပျော်ဘူးလား"

"ဟုတ်တယ်၊ ကိုယ် မျက်စိကြောင်နေလို့"

"ငြိမ်း ကိုကို့ကို နင်းပေးရမလားဟင်"

တစ်ခါတစ်ရံ ကိုကိုက အနင်းခံတတ်ပြီး အနင်းခံရင်း အိပ်ပျော်သွားတတ်သဖြင့် ငြိမ်းက မေးလိုက်ခြင်းဖြစ်သည်။ သို့သော် သူက ခေါင်းခါငြင်းဆန်ပါသည်။

"မလိုပါဘူး၊ ငြိမ်း သွားအိပ်ပါ"

"ငြိမ်း ကိုကို့ဘေးနားမှာ နေပေးမယ်လေ"

"ရပါတယ်၊ ငြိမ်းဘာသာ သွားအိပ်ပါ၊ ကိုယ်တစ်ယောက်တည်း နေချင်လို့"





"ငြိမ်းလဲ ဘယ်အိပ်ပျော်ပါ့မလဲ ကိုကိုရဲ့၊ ငြိမ်း ကိုကို့ဘေးနားမှာ ...."

"ကိုယ်တစ်ယောက်တည်း နေချင်တယ်လို့ ဘယ်နှခါပြောရမလဲ ငြိမ်း"

ခပ်ငေါက်ငေါက် ကိုကို့အော်သံကြောင့် ငြိမ်းကိုယ်လေး ဆတ်ခနဲ တုန်သွား၏။ အိမ်ထောင်သက်တစ်လျှောက်လုံး လေသံမာမာနှင့်ပင် စကားမပြောဖူးသော ကိုကို၏ အော်ငေါက်မှုက ငြိမ်းအား အထိတ်တလန့် အံ့ဩသွားစေသလို ဝမ်းပန်းတနည်းလည်း ဖြစ်သွားစေခဲ့ပါသည်။

သူ ငါ့ကို ဘာဖြစ်လို့ အော်ရတာလဲ။

အိပ်ရာထဲပြန်ရောက်သောအခါ၌ ငြိမ်း ဟန်မဆောင်နိုင်ဘဲ မျက်ရည်ကျကာ အသံတိတ် ငိုရှိုက်မိလေသည်။

ထိုညက မိုးလင်းသည်အထိ ကိုကို အိပ်ရာထဲသို့ပြန်ရောက်မလာခဲ့သလို ငြိမ်းလည်း တစ်ရေးမှ အိပ်မပျော်နိုင်ခဲ့ပါ။ ထိုညက အဖြစ်အပျက်သည် ကိုကို၏ ပြောင်းလဲနေမှုအား သတိထားမိစေရန် ငြိမ်းကို လှုံ့ဆော်လိုက်သည့် နိဒါန်းမျှသာ ဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်ပိုင်း ကိုကို၏ပြောင်းလဲမှုတို့ကို တစ်စထက်တစ်စ ငြိမ်း ပိုမိုသတိထားမိလာ၏။ ယခင်က အားလပ်ချိန်များ၌ ငြိမ်း နားမလည်သော အင်္ဂလိပ်စာအုပ်ထူထူ (ငြိမ်းစိတ်ထင် ဆေးပညာ စာအုပ်ထူထူ) ကြီးများအား စိတ်ဝင်တစား ဖတ်ရှုငြိမ်သက်နေ တတ်သော ကိုကိုသည် နောက်ပိုင်း စာဖတ်နည်းလာသလို ဖတ်သည့်အခါ၌လည်း ၎င်း၏စိတ်က စာထဲ၌ရှိပုံမရ။

မကြာခဏ သက်ပြင်းရှည်ကြီးများချကာ ငေးငေးငိုင်ငိုင် ဖြစ်လာ၏။ အသိသာဆုံးကတော့ ငြိမ်းချက်သော ဟင်းများကို နှစ်ခြိုက်ပြီး ငြိမ်းလက်ရာ ဟင်းလျာများကို အကြောင်းပြု၍ စတင်ရင်းနှီးလာခဲ့သော ကိုကိုသည် နောက်ပိုင်း ငြိမ်း၏ ဟင်းများ ကို အကြောင်းမရှိ အကြောင်းရှာကာ ပြစ်တင်ဝေဖန်တက်လာ ခြင်းပင်ဖြစ်သည်။

မငန်သောဟင်းကို ငန်သည်ဟုပြော၊ တမင် ခပ်မ[illegible]းသေး ချက်သော ဟင်းကို ပေါ့လိုက်တာဟု အပြစ်ရှာတတ်လာ၏။ တစ်ခါတစ်ရံ စားလက်စ ထမင်းပန်းကန်အား ဒီတိုင်းထားကာ ထမင်းစားပွဲမှ ထထွက်သွားသည်အထိပင် ဖြစ်သည်။





လင်ယောကျ်ားတစ်ယောက်၏ တမင်တကာ အပြစ်ရှာနေ သော ဦးတည်ချက်ကို မရိပ်မိနိုင်လောက်အောင် ငြိမ်း မညံ့ဖျင်း သေးပါ။ ထို့ကြောင့် သုံးရက်လုံးလုံး အိမ်ပြန်မအိပ်ဘဲ ပျောက်နေ ရာမှ အိမ်ပေါ်သို့ ခပ်တည်တည် ပြန်တက်လာသော ကိုကို့အား ငြိမ်း ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်ပါသည်။

"ကိုကို ... ငြိမ်းကို မပေါင်းချင်တော့ရင် ပြောပါ၊ ငြိမ်း ခုချိန်မရွေး ကွာပေးပါ့မယ် ကိုကို"

ငြိမ်းစကားကြောင့် ကိုကို ငြိမ်းအား ခပ်ထွေထွေ ငေးစိုက် ကြည့်၏။ အတန်ကြာမှ ခေါင်းတစ်ချက် ခါယမ်းလျက် ခပ်ပြတ် ပြတ် လေသံဖြင့် တုံ့ပြန်သည်။

"လောလောဆယ်တော့ အဲဒီလောက်အထိ မလိုအပ်သေး ပါဘူး"

ထို့နောက် အဝတ်အစားလဲရန် ငြိမ်းရှေ့မှ ထထွက်သွား၏။ ကိုကို့နောက်ကျောကို ကြည့်ရင်း ငြိမ်း သက်ပြင်း ရှိုက်လိုက် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းညင်းစွာ အက်ကြောင်းထလာသော ကိုကိုနှင့်ငြိမ်း၏ အိမ်ထောင်ရေးမှန်တစ်ချပ်ဖျတ်ခနဲကွဲကြေသွားသည့်နေ့ကတော့ ငြိမ်းတို့၏ အိမ်ထောင်သက် နှစ်နှစ်နှင့် နှစ်လတိတိပြည့်သော နေ့ပင်ဖြစ်သည်။ ထိုနေ့ညက ငြိမ်း၏ ကိုယ်ဝန်ရှိချင်သလိုလို ဖြစ်နေကြောင်း ကိုကို့အား အသိပေးသင့် မပေးသင့် ဧည့်ခန်းထဲ၌ ငြိမ်းတစ်ယောက်တည်း ထိုင် စဉ်းစားနေချိန်တွင် ကိုကိုက အိပ်ခန်းထဲ၌ ငြိမ်း မသိအောင် ၄င်း၏ အဝတ်အစားများကို ထုပ်ပိုးနေခဲ့သည်။

(ဘယ်လောက်များ ကြေကွဲစရာကောင်းလိုက်ပါသလဲ။)

နောက်ဆုံး ကိုကို့ကို ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်ကာ ထိုင်ရာမှ ထလိုက်တော့ တိုက်ဆိုင်စွာပင် ကိုကိုက အဝတ်အစား အိတ်ကိုဆွဲလျက် ငြိမ်းရှေ့သို့ ရောက်ရှိလာခဲ့သည်။ ထို့နောက် တော့ ငြိမ်း၏ကမ္ဘာတစ်ခုလုံး ပျက်ယွင်းစေမည့်စကားအား ကိုကို က ခပ်တည်တည် ပြောချလိုက်ပါသည်။

"ကိုယ် မင်းနဲ့ဆက်နေလို့ မဖြစ်တော့ဘူးငြိမ်း၊ ကိုယ်သွားတော့မယ်"





မိုးဖွဲလေးများ ခပ်ပါးပါး ကျဆင်းနေသော ထိုညသည် ငြိမ်း အတွက် ကမ္ဘာပျက်သော ညတစ်ည ဖြစ်ခဲ့ရလေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

(၇)

အိမ်ထောင်ရှင် မိန်းမတစ်ယောက်အတွက် ရှက်ရွံ့ကြေကွဲဖွယ် အကောင်းဆုံးနှင့် မိန်းမတစ်ယောက်၏ ဂုဏ်သိက္ခာကို အထိခိုက် အပွန်းပဲ့စေဆုံးသောကိစ္စမှာ လင်ယောကျ်ားတစ်ယောက်၏ အကြောင်းမဲ့ စွန့်ပစ်မှုကို ခံရခြင်းပင်ဖြစ်သည်။

ကိုကို ငြိမ်းအား စွန့်ပစ်ခွဲခွာသွားခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်က ငြိမ်းကွယ်ရာ၌ ရစရာမရှိအောင် ကဲ့ရဲ့ဝေဖန်ကြလေသည်။

ဉာဏ်ဝင်းဘာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုတာ လောကဓံလှိုင်းရဲ့ရိုက်ပုတ်မှုကို အမြဲခံနေရတဲ့ ကျောက်ဆိုင် ကျောက်ခဲတွေလိုပဲ ဟူသော မေမေ့စကားက ပတ်ဝန်းကျင်၏ သွားပုပ်လေလွင့် ပြောဆိုမှုများအား ကြံ့ကြံ့ခံနိုင်ရန် သတ္တိအင်အားတို့ကို ငြိမ်းအတွက် မွေးဖွားပေးနိုင်ခဲ့ပါသည်။

ထို့ကြောင့်လည်း ပတ်ဝန်းကျင်အား တည်တည်ငြိမ်ငြိမ်ပင် ငြိမ်း ရင်ဆိုင်နိုင်ခဲ့၏။

(ကိုကို အိမ်မှထွက်သွားကာစက ဆယ့်ခြောက်နှစ်အရွယ် လူပျိုပေါက် မောင်လေးက ဆေးရုံဆေးခန်းများ အပါအဝင် နေရာအနှံ့ ကိုကို့အား လိုက်ရှာခဲ့သေး၏။) သို့သော် မနေချင်၍ ရှောင်ပြေးထွက်ခွာသွားသူအား ဘယ်လိုမှ ရှာမတွေ့နိုင်ပါ။

ကိုကိုက သူ၏ဆေးခန်းများအား အပြီးပိတ်သွားခြင်းဖြင့် ခြေရာပျောက်စေရန် ရေနှောက်သွားခဲ့ပါသည်။ ထိုသို့ ခြေရာဖျောက်ကာ ရေနှောက်သွားလေသူ၏ ရင်သွေးလေး ငြိမ်း၏ ဝမ်းကြာတိုက်ထဲ၌ သုံးလကျော် ကိန်းဝပ်ရှင်သန်နေခဲ့ကြောင်းကိုတော့ ကိုကို သိမသွားခဲ့ပါ။





"သမီးမှာ ကိုယ်ဝန်ရှိနေကြောင်း သူ့ကို ဘာဖြစ်လို့ မပြောလိုက်တာလဲ"

"ငြိမ်းလဲ သိပ်မသေချာသေးဘူး ထင်တာနဲ့ မပြောဖြစ်လိုက်တာ"

"ဘယ်ဟုတ်မလဲ သမီးရဲ့၊ သေချာချာ မသေချာချာ သမီးသာ ဖွင့်ပြောခဲ့ရင် ခုလိုမျိုးဖြစ်မှာမဟုတ်ဘူး"

ငြိမ်း၌ ကိုယ်ဝန်ရှိနေကြောင်း ကိုကို့အား ဖွင့်မပြောလိုက်သည့်အတွက် မေမေက မချိတင်ကဲ အပြစ်တင်ပါသည်။ ကိုယ်ဝန်ရှိနေကြောင်းသာ သိပါက ကိုကို ထွက်သွားလိမ့်မည်မဟုတ်ဟု မေမေက ထင်မြင်ယုံကြည်နေ၏။

ရစ်သွေးဟူသော နှောင်ကြိုးဖြင့် ကိုကို့အား ချည်နှောင်စေချင်ဟန် တူပါသည်။

ငြိမ်း အယူအဆကတော့ မနေချင်၍ ထွက်ခွာသွားသူအား နှောက်ဆံမတင်းစေချင်ပါ။ ငြိမ်းက ကိုကို့အား အနှောင်အဖွဲ့ကင်းကင်းနှင့် လွတ်လပ် ပျော်ရွှင်စေချင်၏။ ထို့ကြောင့်လည်း ကိုကို့ကို ဘာမှမပြောလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို အိမ်မှ ထွက်သွားပြီးနောက် မေမေတို့က ငှားထားသော အိမ်ကို အပ်၍ ငြိမ်းနှင့်အတူ လာနေကာ ငြိမ်းဘေးနား၌ ရပ်တည်ပေးကြသည်။ ထို့အတွက် ငြိမ်း ပိုမိုအားရှိလာရသော်လည်း လူလေးယောက်စာ စားစရိတ်နှင့် ဖေဖေ့ဆေးဖိုးဝါးခက ကိုကိုချန်ထားရစ်ခဲ့သော ငွေတို့ကို တဖြည်းဖြည်း လျော့နည်းလာစေ၏။ ထို့ကြောင့် အိမ်ဆိုင်ကလေးဖွင့်ကာ ဗိုက်ကလေးတကားကားနှင့် ငြိမ်း ဈေးရောင်းတော့ မေမေတို့ကပါ မနေသာဘဲ ဝိုင်းကူကြရသည်။

ကိုကိုရှိစဉ်က ဆရာကတော်ဟူသော အသုံးအနှုန်းကို မှီးမွှမ်းအောင် ခေါ်လျက် ငြိမ်းကပဲ သူတို့ထက် ပိုမိုအဆင့်အတန်းမြင့်နေသည့်ပမာ မလိုအပ်ဘဲ တလေးတစား ဆက်ဆံခဲ့ကြသော အရပ်ထဲမှ အမျိုးသမီးတချို့က ငြိမ်း ဈေးရောင်းတော့ မတူမတန်သလို ဆက်ဆံကြလေသည်။

ဘယ်လောက်များ ရယ်စရာကောင်းလိုက်တဲ့ လောကကြီးလဲ။

ငြိမ်းကတော့ မေမေ့ဆိုဆုံးမစကားတို့ကို နှလုံးသွင်းလျက် လောကဓံကို ကြံ့ကြံ့ခံခဲ့၏။ သို့သော် သမီးလေးအား မွေးဖွားချိန်





မှာတော့ ကိုကိုကို သတိတရစိတ်နှင့် ဝမ်းနည်းအားငယ်စိတ်တို့ကို တောင့်မခံနိုင်ခဲ့ပါ။ ထို့ကြောင့် မွေးခန်းထဲမှ ထွက်လာတော့ ငြိမ်း အားငယ်စွာ ငိုကြွေးမိသည်။

"မငိုနဲ့ သမီး၊ နို့လည်သွားတတ်တယ်၊ သွေးနုသားနုငိုရင် နို့ကြောင်းပိတ်သွားတတ်တယ်"

မေမေက ငြိမ်းအား မငိုရန် ဖျောင်းဖျသည်။

မေမေပြောသလို သွေးနုသားနုနှင့် ငိုမိ၍ပဲလား မပြောတတ်။ သမီးလေးအား ဆယ်ရက်ခန့်သာ မိခင်နို့ရည် တိုက်နိုင်ပြီးနောက်ပိုင်း နို့မထွက်တော့သဖြင့် နို့မှုန့်ကိုသာ အားကိုးခဲ့ရသည်။ နို့မှုန့်က ဈေးကြီးရသည့်အထဲ သမီးလေးကလည်း အစို့သန်သဖြင့် တစ်လတစ်လ နို့မှုန့်ဖိုးက မသက်သာလှ။

ထို့ကြောင့် သမီးလေး နို့မှုန့်ဖိုးအတွက် ငြိမ်း၏ အိမ်ဆိုင်လေးကို ကုန်စုံဆိုင်လေးသဖွယ် တိုးချဲ့ကာ ဖိဖိစီးစီး လုပ်ကိုင်ရတော့သည်။ လူပျိုကြီးဖားဖားဖြစ်နေသော မောင်လေးကတော့ ရုံဖန်ရံခါ ဆိုင်ထိုင်ပေးတတ်သည်မှအပ အထူးတလည် အားမကိုးရပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ ဘာစိတ်ကူးပေါက်သည် မသိ။ ကျောင်းဆက်မတက်ချင်တော့ဟု ဆိုလာပြန်သည်။ ငြိမ်းက ကလေးတစ်ဖက် ဆိုင်တစ်ဖက်နှင့်မို့ တက်ချင်လျက်နှင့် ကျောင်းဆက်မတက်နိုင်ခဲ့သော်လည်း မောင်လေးကိုတော့ ဘွဲ့ရ ပညာတတ်တစ်ယောက် ဖြစ်စေချင်ပါသည်။

သို့သော် ၄င်းက ကျောင်းထွက်မည်တကဲကဲ ဖြစ်နေ၏။

"ကျောင်းထွက်ပြီး မင်းဘာလုပ်မှာလဲ"

"ကျွန်တော် ကျောက်သွားတူးမယ် မမ ...၊ အရင်းအနှီး ထုတ်ပေးပါ"

"အဓိပ္ပာယ် မရှိတာတွေ စိတ်ကူးမယဉ်စမ်းနဲ့ မောင်လေး၊ မင်းကျောင်းပြီးအောင်တက်၊ ကျောင်းပြီးရင် မင်းကြိုက်တာလုပ်"

ငြိမ်း ခြောက်တစ်ခါ ချော့တစ်လှည့် ဘယ်လိုပင် ဖျောင်းဖျသော်လည်း မောင်လေးကတော့ ငြိမ်းစကားကို နားမဝင်ပါ။

ငြိမ်းတို့ ခွင့်မပြုလျှင် သူ့ဘာသာသူ ထင်ရာလုပ်တော့မည့် အနေအထားသို့ ရောက်လာသဖြင့် နောက်ဆုံး မေမေရော ငြိမ်းပါ လက်လျှော့လိုက်ရသည်။





"တစ်မိပေါက် တစ်ယောက်ထွန်းပေါ့ သမီးရယ်၊ လူဆိုတာ သူ့ကံနဲ့သူလာတာ၊ ခွင့်ပြုလိုက်ပါ"

ဤသို့ဖြင့် မောင်လေးအား အရင်းအနှီး ထုတ်ပေးကာ ကျောက်သွားတူးရန် ခွင့်ပြုလိုက်ရလေသည်။

မောင်လေး မရှိသည့်နောက်ပိုင်း ဆိုင်ကိစ္စအဝဝကို ငြိမ်း တစ်ယောက်တည်း လုပ်ကိုင်ရတော့သည်။ မေမေက ပစ္စည်းဈေးနှုန်းများ မေ့လျော့ကာ မကြာခဏ မှားရောင်းတတ်သဖြင့် ငြိမ်းကိုယ်တိုင် ဆိုင်ထိုင်ရောင်းရသလို ဆိုင်အတွက် ဈေးဝယ်တော့လည်း ငြိမ်းပင် ဆိုင်ကယ်လေးနှင့် ပြေးလွှားဝယ်ခြမ်းရပြန်ပါသည်။

ထိုသို့ ကလေးတစ်ဖက် ဆိုင်တစ်ဖက်နှင့် ရုန်းကန်နေရသော တစ်ခုလပ် မိန်းမငယ်လေးအပေါ် ကကြီးမှာက သဘောထား မကြီးနိုင်ခြင်းကိုတော့ ငြိမ်း ဘယ်လိုမှ နားမလည်နိုင်ပါ။

သမီးလေး ရှစ်လအရွယ်၌ ဖေဖေ လေဖြတ်ကာ ကိုယ်တစ်ခြမ်း သေသွားခဲ့သည်။ ထို့ကြောင့် မေမေရော ငြိမ်းပါ ကလေးကိစ္စ၊ ဆိုင်ကိစ္စအပြင် ဖေဖေ့ဝေယျာဝစ္စကိုပါ မိုးလင်းမိုးချုပ် ပြေးလွှား



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ပေးရသဖြင့် သားအမိနှစ်ယောက်စလုံး ဘုံးဘုံးလဲမတတ် ပင်ပန်းခဲ့ကြရ၏။

"ဒုက္ခသည် သူချည်းမလာ၊ အဖော်အပေါင်းနှင့်လာသည်" ဟူသောစကားမှာ ငြိမ်းအတွက်တော့ သွေးထွက်အောင် မှန်ပါ သည်။

ဖေဖေ လေဖြတ်ပြီးလို့မှ မကြာသေး။ ကျောက်သွားတူးမည် ဟု ကြွေးကြော်ကာ အိမ်မှထွက်သွားသော မောင်လေးက မူးယစ် ဆေးဝါးစွဲကာ ပြန်လည်ရောက်ရှိလာလေသည်။

✤ ✤ ✤

"ဖြစ်မှဖြစ်ရလေ မောင်လေးရယ်၊ မေမေတို့သာသိရင် တော့ ရင်ကျိုးမှာပဲ"

ငြိမ်း စိတ်မကောင်းဖြစ်စွာ မချိတင်ကဲ ရေရွတ်လိုက် မိသည်။





မေမေက ဖေဖေလေဖြတ်ပြီးကတည်းက နှလုံးသိမ်မကောင်း ချင်တော့။ ထို့ကြောင့် မောင်လေးကိစ္စကို မေမေနှင့် ကိုယ် တစ်ခြမ်း လေဖြတ်ထားပြီး သွေးတိုးရောဂါအခံရှိသော ဖေဖေ သိပါက အလွန်အန္တရာယ် များနိုင်သဖြင့် ငြိမ်း ဖုံးဖိ၍မ လုပ်ရသည်။

မျက်တွင်း ဟောက်ပက်၊ ပိန်ချုံးသော ခန္ဓာကိုယ်မှာ မောင်လေး ပြန်လည်ရောက်ရှိလာခြင်းအား ငှက်ဖျားမျိုးမိ၍မရ ကြောင့်ဟု သူမ အကြောင်းပြခဲ့ရ၏။ မောင်လေးက "ကျွန်တော် ဆေးဖြတ်ပါ့မယ်" ဟု အကြိမ်ကြိမ် ကတိပေး ဖေဖေ့ဝေယျာဝစ္စများ လုပ်ကိုင်ပေးရင်း အိမ်ကျွင်းအောင်းကာ ဆေးဖြတ်သည်။

အစက ငြိမ်း သိပ်အယုံအကြည် မရှိခဲ့သော်လည်း နောက် ပိုင်း ၎င်း၏ အသားအရေ စိုစိုပြည်ပြည်ဖြစ်လာတော့မှ ငြိမ်း သက်မ ချနိုင်တော့သည်။ ထို့ကြောင့် သူမ ဈေးဝယ်ထွက်သော ရံဖန်ရံခါ၌ မောင်လေးအား ဆိုင်ပြန်ထိုင်ခိုင်းရ၏။

ငြိမ်း၏ ဆိုင်ဝင်ငွေက သိပ်အဆိုးကြီး မဟုတ်သည့်တိုင် သိပ်အကောင်းကြီးတော့လည်း မဟုတ်ပါ။ ထို့ကြောင့် အခြား



www.burmeseclassic.com

www.burmeseclassic.com



ဝင်ငွေရမည့် အလုပ်တစ်ခုခုကို စဉ်းစားနေစဉ် မမျှော်လင့်ဘဲ ဆိုင်ကယ်အငှားလိုက်သူအဖြစ်သို့ ရောက်ရှိခဲ့ရသည်။ ဖြစ်ပုံက ငြိမ်းတို့အိမ်နား၌ အမျိုးသမီး ဘော်ဒါဆောင်တစ်ခု ရှိပြီး၊ ထို ဗုဒ္ဓဆောင်မှ မိန်းမငယ်များက ငြိမ်းဆိုင်၏ ဖောက်သည်များ သကြ၏။

တစ်ရက် ငြိမ်း ဈေးဝယ်ထွက်မည်ပြုစဉ် အဆောင်သူ ဟု ယောက်က ငြိမ်းဆိုင်ကယ်အား လှမ်းတားသည်။
ဆေ

"မမငြိမ်း ... ဈေးသွားမလို့လား"

ငြိမ်း ခေါင်းညိတ်ပြလိုက်တော့ ၄င်းက ....

"ညီမမိတ်ဆွေတစ်ယောက်ကို ဘူတာဆင်းကြိုဖို့ ကတိပေး ထားလို့၊ ခု ရထားဆိုက်ချိန်ကလည်း အရမ်းကပ်နေလို့ မမငြိမ်း ဆိုင်ကယ်နဲ့ လှမ်းကြုံလိုက်ခဲ့ပါရစေနော်၊ ညီမကို ဘူတာကြီး တဆိတ်လောက် ပို့ပေးပါ မမငြိမ်း"

ငြိမ်းဆိုင်၏ အမာခံဖောက်သည့်တစ်ယောက် ဖြစ်နေသည် အပြင် ငြိမ်းကလည်း အားနာတတ်သူမို့ ထိုမိန်းကလေးအား





ဘူတာကြီးသို့ လိုက်ပို့ပေးလိုက်ပါသည်။ ညနေကျတော့ တစ်ဆိ ...းဟုဆိုကာ ငြိမ်းအား ငွေငါးဆယ် လာပေးသည်။ ငြိမ်းက ...တင်း ငြင်းသော်လည်း မရ။

"ယူပါ မမငြိမ်းရဲ့၊ နောက်လဲ အရေးအကြောင်းဆို မမငြိမ်း ကိုပဲ အကူအညီတောင်းရမှာ၊ မငြင်းပါနဲ့နော်"

ဘူတာကြီးတစ်ခေါက် ပို့ပေးရုံနှင့် ငါးဆယ်ဟူသော ငွေမှာ ငြိမ်းအတွက်တော့ များပြားလှပါသည်။ ဘယ်လိုမှ ငြင်း၍မရ သည့် အဆုံးမှာတော့ ငြိမ်း လက်ခံလိုက်ရလေသည်။

ဤသို့ဖြင့် ထိုမိန်းကလေးမှ အစပြုကာ ဘော်ဒါဆောင် တစ်ဆောင်လုံးရှိ မိန်းကလေးတိုင်းလိုလို ငြိမ်းအား အခကြေးငွေ ဖြင့် မကြာခဏ အကူအညီတောင်းလေတော့သည်။ အကူအညီ ဟု အမည်ခံထားသော်လည်း တကယ့်တကယ်တော့ ငြိမ်း၏ ဆိုင်ကယ်အား ပိုက်ဆံပေး၍ ငှားစီးကြခြင်းသာဖြစ်သည်။

အိမ်က အစ်မတာ ဆိုင်ကယ်နဲ့ လိုက်ပို့တာလေ ဟူသော ...ကားဖြင့် ကျူရှင်သို့ခပ်ကြွားကြွားသွားလိုသောမိန်းကလေးများ၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့်ချိန်းထားရာသို့ခပ်မြန်မြန်ရောက်ချင်သော မိန်းကလေးများ၊ ဘတ်စ်ကား၊ အငှားကားနှင့် သွားရတာထက် စာလျှင် အမျိုးသမီးမောင်းသော ဆိုင်ကယ်နောက်မှ ထိုင်လိုက်ရသည်က ပို၍အန္တရာယ်ကင်းသည်ဟု ထင်မြင်ယုံကြည်သော မိန်းကလေးများ စသည်ဖြင့် အလှအသီးသီးမှ အဆောင်သူ မိန်းကလေးများက ရည်ရွယ်ချက်မျိုးစုံဖြင့် ငြိမ်း၏ဆိုင်ကယ်အား ငှားစီးကြသည်။ အစပိုင်းက ငြိမ်းအားမှသာ လိုက်ပို့ပေးတတ်သော်လည်း ပိုက်ဆံ စိုစိုပို့ပို့ရမှန်း သိလာသောအခါမှာတော့ အဆောင်သူများလာငှား တိုင်း လိုက်ပို့ပေးလေသည်။

ဤသို့ဖြင့် အရပ်ထဲ၌ ငြိမ်း ဆိုင်ကယ်အော်ဒါလိုက်သည်ဟု သတင်းကြီးလာကာ ကောင်လေးတချို့၏ မကြားတကြား နောက်ပြောင်မှုကို ခံရလေသည်။

"အဲဒီအစ်မကြီးက အော်ဒါလိုက်တယ်ကွ"

"ဘာအော်ဒါလဲ"

"ဆိုင်ကယ်အော်ဒါလေ"





ငြိမ်း ထောင်းခနဲ ဖြစ်သွားသော်လည်း ချက်ချင်းပင် တွက်ပေါ်လာသော ဒေါသတို့ကို အချိန်မီ မျိုသိပ်လိုက်နိုင်ပါသည်။ ဒါဟာ ငြိမ်းအေးဖြူရဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုကို စမ်းသပ်တဲ့ ကိစ္စတွေပဲဟု သဘောထားကာ ဥပေက္ခာပြုလိုက်၏။ (ငြိမ်း၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို စမ်းသပ်သောကိစ္စတွေက တော်တော်များ ပါသည်။)

ထိုအတောအတွင်း ငြိမ်းမရှိသောအချိန်များ၌ ဆိုင်ထိုင်ပေးရပြီး၊ ဆိုင်အံဆွဲထဲမှ ငွေကို နှိုက်ချင်တိုင်း နှိုက်ခွင့်ရနေသော မောင်လေးတစ်ယောက် မူးယစ်ဆေးဝါး ပြန်လည် သုံးစွဲနေ ကြောင်း ကြေကွဲစွာသိခဲ့ရလေသည်။ ထို့နောက်ပိုင်း ငြိမ်းဆူလျှင် ဆေးပြတ်သွားလိုက်၊ ငြိမ်းလစ်လျှင် ဆေးပြန်သုံးလိုက်နှင့် မူးယစ် ဆေးဝါး သံသရာထဲ၌ မောင်လေးတစ်ယောက် လုံးလည်ချာလည် လိုက်နေတော့သည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## (၈)

အကယ်၍ ငြိမ်းသာ စိတ်ဓာတ် ပျော့ညံ့သော မိန်းမတစ်ယောက်ဖြစ်မည်ဆိုပါက ကိုယ်တစ်ခြမ်း သေနေသော ဒုက္ခိတဖခင်၊ နှလုံးရောဂါ ဖြစ်ချင်နေသော မိခင်၊ မူးယစ်ဆေးစွဲနေသော မောင်လေးနှင့် လူမမယ်သမီးငယ်စသည့် စိတ်ညစ်စရာများအကြား ငြိမ်း၏ဘဝ တစ်စစီ ကြေမွသွားနိုင်ပါသည်။

တစ်နုလံပ်ဟု ဆိုသော်လည်း ငြိမ်းက အသက်အစိတ်ပင် မပြည့်တတ်သေးသည့် ငယ်ငယ်ချောချော တစ်ခုလပ်မလေး မဟုတ်ပါလား။ ထို့ကြောင့် "သနားလို့ပါ" ဟူသော စကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ကူညီပါရစေ" ဆိုသူတွေက ငြိမ်းနားသို့ မကြာခဏရောက်ရှိလာတတ်ကြသည်။ ဒီကြားထဲ ပတ်ဝန်းကျင်ကလည်း ငြိမ်းပဲ ကွယ်ရာ၌ လူမသိအောင် ရှုပ်ပွေနေသည့်ပမာ သွားပုပ်လေလွင့်စကားများနှင့် အဆင်းဘီးတပ်ပေးချင်ကြသေး၏။

ဖြစ်ချင်တာဖြစ် ဆိုပြီး မခံချင်စိတ်နှင့်သာ အရွဲ့တိုက်လိုက်ရလျှင် ငြိမ်းအေးဖြူ၏ ဘဝအား တစ်စစီ လိုက်ကောက်နေရပါလိမ့်မည်။ သို့သော် လောကခံ၏ ရက်စက် လှည့်ဖြားမှုကို ကောင်းစွာ နားလည်နေပြီဖြစ်သော ငြိမ်းက ငြိမ်း၏ဘဝကို တည်တည်ငြိမ်ငြိမ်လေး တည့်မတ်မောင်းနှင်နိုင်ခဲ့ပါသည်။

ငြိမ်းလိုပင် ပတ်ဝန်းကျင်၏ ထိုးနှက်မှုနှင့် လောကခံ၏ ရိုက်ပုတ်မှုတို့ကို အပြုံးမပျက် ခံယူလျက် ကိုယ်လျှောက်ရမည့် လမ်းအား တည့်မတ်မှန်ကန်စွာ လျှောက်နိုင်ခဲ့သူကတော့ အမျိုးသမီး ဘော်ဒါဆောင်မှ ငယ်ငယ်ဆိုသော မိန်းကလေး ဖြစ်သည်။ ကုသိုလ်ကံ အကျိုးပေးချင်း တူ၍ပဲလား မပြောတတ်။ ငယ်ငယ်နှင့် ငြိမ်း ညီ..စ်မရင်းချာများပမာ ပိုမိုတွဲဖြစ်ခဲ့သည်။

ငယ်ငယ်က ကာရာအိုကေတစ်ခု၌ သီချင်းဆိုခြင်းဖြင့် ရိုးရိုးသားသား ငွေရှာနေသူလေး ဖြစ်၏။ သို့သော် ကာရာအိုကေ





အဆိုတော်ဆိုလျှင်ပဲ အမြင်တိမ်းစောင်းချင်ကြသော ပတ်ဝန်းကျင်က ငယ်ငယ့်အား ရစရာမရှိအောင် စောင်းမြောင်း ပြောဆိုတတ်ကြသည်။

သို့သော် ငယ်ငယ် အပါအဝင် ငြိမ်း တွေ့ဖူးသမျှ ကာရာအိုကေ အဆိုတော် မိန်းကလေးများ အားလုံးလိုလိုသည် ဘုရားပေးသည့် ချိုအေးသာယာသောအသံကို အရင်းပြု၍ သမ္မာအာဇီဝနည်းဖြင့် ရိုးရိုးသားသား ငွေရှာနေကြသည့်မိန်းကလေးများသာ ဖြစ်သည်။

အားလုံး ကောင်းပါသည်ဟုတော့ မဆိုလိုပါ။ သို့မည်း ဆိုသည်ကတော့ ကာရာအိုကေလောက၌သာမဟုတ်။ မည်သည့်လောက၌မဆို ရှိတတ်မြဲဖြစ်သည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးရှိ ငါးအားလုံးကို ပုပ်သည်ဟု ဝါးလုံးရှည်နှင့် ရမ်းတာမျိုးကိုတော့ ငြိမ်း လက်မခံပါ။ ထို့ကြောင့် အများက မတူမတန်သလို ဝိုင်းပယ်ထားသော ငယ်ငယ့်ကို ငြိမ်းက တရေးတယူ ပေါင်းသင်းခဲ့ခြင်း ဖြစ်၏။

"တစ်ခါတလေတော့လဲ လောကကြီးက ရယ်စရာကြီးပါ မမငြိမ်းရယ်၊ ငယ်ကတော့ ရယ်စရာတွေ့ရင် ရယ်လိုက်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ငိုစရာတွေ့ရင်ငိုလိုက်တယ်၊ အားလုံးကိုပဲပြုံးပြင်လိုပဲ ယိမ်းလိုက်နွဲ့လိုက်နဲ့ အလိုက်သင့် ခံစားတယ်၊ ဒါပေမဲ့ ငယ်လျှောက်ရမယ့်လမ်းကိုတော့ ခြေတစ်လှမ်း မမှားအောင် ငယ်လျှောက်တယ်၊ ငယ်တို့မိန်းကလေးတွေ ဘဝက ခြေတစ်လှမ်းမှားတာနဲ့ ချောက်ကမ္ဘားထဲ ကျသွားနိုင်တယ် မဟုတ်လား”

အသက် ငယ်သလောက် ငယ့်အတွေးအခေါ်တွေက ဘယ်လောက်များ ရင့်ကျက်လိုက်ပါသလဲ။

ငြိမ်းလည်း ငြိမ်း၏ဘဝအား လမ်းမမှားဘဲ တတ်နိုင်သမျှ အမှန်ကန်ဆုံးဖြစ်အောင် လျှောက်လှမ်းနိုင်ခဲ့ပါသည်။ ငြိမ်း၏ အမှန်ကန်ဆုံးလုပ်ရပ်ကတော့ မူးယစ်ဆေးစွဲနေသော မောင်လေးအား ငြိမ်းကိုယ်တိုင် ရဲစခန်းသို့ အပ်နှံလိုက်ခြင်းပင် ဖြစ်သည်။

“မမ သိပ်ရက်စက်တယ်”

မောင်လေးက ဆိုနင့်ကြေကွဲသံနှင့် အပြစ်တင်တော့ ငြိမ်း မျက်ရည်ကျရလေသည်။

“မမ မင်းအတွက်အကောင်းဆုံးလုပ်ပေးတာပါ မောင်လေး၊ တစ်နေ့ကျရင် မမစေတနာကို မင်း နားလည်လာမှာပါ”





မောင်လေးကိစ္စအားလုံး ဖုံးဖိ၍ မဖြစ်နိုင်တော့သဖြင့် ငြိမ်းကိုယ်တိုင်ပင် ဖေဖေနှင့် မေမေအား ဖွင့်ပြောရလေတော့သည်။ မောင်လေးအကြောင်း သိသောအခါ ငြိမ်း စိုးရိမ်နေသည့် ဖေဖေက ဘာမှမဖြစ်ဘဲ ခံနိုင်ရည်ရှိခဲ့သော်လည်း နှလုံးအားနည်းသော မေမေက တငိုငို တရယ်ရယ်နှင့် အိပ်ရာထဲ ဘုံးဘုံးလဲလေသည်။

ထို့ကြောင့် မေမေ့ရောဂါကုသရန်နှင့် မောင်လေးအတွက် ရှေ့နေငှားရန် ငြိမ်း၏ဆိုင်ကယ်အား ပေါင်နှံလိုက်ရသည်။ ထို့ပြင် အိမ်မှုကိစ္စများနှင့် ကလေးကိစ္စများအား သူမ တစ်ယောက်တည်း မနိုင်နင်းတော့သည့်အတွက် အိမ်ဖော်တစ်ယောက်ကို ဈေးကြီးကြီးပေးကာ ငှားရမ်းခဲ့ရ၏။

မေမေ့ရောဂါအတွက် ငွေအမြောက်အမြား သုံးစွဲခဲ့ရသော်လည်း သိပ်မကြာခင်မှာပင် မေမေ ထူထူထောင်ထောင်ဖြစ်လာသောကြောင့် ငွေကုန်ရကျိုး နပ်သည်ဟု ဆိုရပါလိမ့်မည်။ မောင်လေး၏ အမှုကိစ္စအတွက်တော့ တစ်ပတ်တစ်ခါရုံးချိန်းတိုင်း ငြိမ်း လိုက်ရမြဲ ဖြစ်သည်။

ထိုအတောအတွင်း သူ၏ ကုန်စုံဆိုင်လေးက မဖွင့်တစ်ရက် ဖွင့်တစ်ရက်နှင့်မို့ အသက်ငင်နေသော လူမမာတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်လှိုက်ဖုတ်လှိုက်နှင့် ခပ်ယဲ့ယဲ့သာ ကျန်ပါတော့သည်။ ဒီကြား ထဲ ဆိုင်ကယ်အပေါင်ခံထားသူက သုံးလအတွင်း မရွေးနိုင်လျှင် ဆိုင်ကယ်ဆုံးမည်ဟု ရာဇသံ ပေးလာ၏။ အခြေအနေက ကျဉ်းထဲကျပ်ထဲ ရောက်ရှိနေပြီဖြစ်၏။

(လမ်းဆုံးပြီလား။)

ငြိမ်းအေးဖြူကတော့ လျှောက်နိုင်သူအတွက် လမ်းဆိုသည်မှာ ဘယ်တော့မှ မဆုံးနိုင်ဟု အသေအချာ ယုံကြည်ထားပါသည်။

ထို့ကြောင့် ငြိမ်း ဆက်လျှောက်ပါမည်။ ငြိမ်း၏ခြေထောက်တွေ အလုပ်လုပ်နေသေးသရွေ့ မှန်ကန်သောလမ်းပေါ်၌ မရပ်မနား ငြိမ်း ဆက်လျှောက်နေပါဦးမည်။

❋ ❋ ❋



(နိဂုံး)



www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် ထိုဆိုင်လေးထဲသို့ တကွဲတပြားစီ ရောက်ရှိလာကြသလို ပြန်လည်ထွက်ခွာသွားကြသောအခါ၌လည်း တကွဲတပြားစီပင် ပြန်လည်ထွက်ခွာသွားခဲ့ကြ၏။

နောက်ဆုံးမှ ရောက်ရှိလာသော မိန်းကလေးသည် ပထမဆုံး ထွက်ခွာကာ ဒုတိယလူသည် ၄င်းနောက်၌ တအောင့်အကြာ၌ ထွက်ခွာသွားပြီး ပထမဆုံး ဝင်ရောက်လာသူကတော့ နောက်ဆုံးမှ ပြန်လည်ထွက်ခွာသွားလေသည်။

ဆိုင်ပိုင်ရှင် အဘိုးကြီးက သူတို့ ဘယ်ကိုသွားပြီး ဘာတွေဆက်လုပ်ကြမှာပါလိမ့်ဟု မဆီမဆိုင် သိချင်နေပြန်သေး၏။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

(၁)

တဖွဲဖွဲ ကျဆင်းနေသော မိုးရေစက်များအကြား ဖြည်းညင်းစွာပင် သူ တစ်လှမ်းချင်း လျှောက်နေမိသည်။ မိုးရေထဲ၌ အကာအကွယ် ကင်းမဲ့စွာ ဖိမ်ဆွဲလျှောက်နေသော သူ့အား လူတချို့က အထူးအဆန်းသဖွယ် စိုက်ကြည့်သွားကြ၏။

သူ့အတွက်တော့ မိုးရွာခြင်းသည်လည်းကောင်း၊ နေပူခြင်းသည်လည်းကောင်း ထူးခြားဆန်းကြယ်သော ကိစ္စတစ်ခု မဟုတ်သလို အဆောင်းအကာ မပါဘဲ လမ်းလျှောက်ခြင်းသည်လည်း သာမန်ကိစ္စတစ်ခုမျှသာ ဖြစ်လေသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ မြို့ငယ်လေးမှ သူထွက်ခွာလာစဉ်ကလည်း မိုးရွာနေခဲ့၏။ သူ့အား ဘူတာလိုက်ပို့သော ကောင်မလေးက မိုးနှင့်အပြိုင် တရှုံ့ရှုံ့ငိုကာ .....

"အစ်ကို သိပ်ရက်စက်တယ်"

ဟူသောစကားကို ဆီမန်းသလို တတွတ်တွတ် ရေရွတ်နေခဲ့၏။ ထိုစဉ်က ကောင်မလေး၏ အငိုမျက်နှာကို ဖျတ်ခနဲ သတိတရ ပြန်လည်မြင်ယောင်လိုက်မိသော်လည်း ဖျတ်ခနဲပင် သူ၏ အတွေးအာရုံထဲမှ ပြန်လည်ပျောက်ကွယ်သွားသည်။

ကောင်မလေးနှင့်အတူ ဘူတာလိုက်ပို့ခဲ့သော နှုတ်ခမ်းမွေးကတော့ သက်ပြင်းချရင်း သူ့အား မေးခွန်းတစ်ခုကို မေးခဲ့သည်။

"ခင်ဗျား ခုလို ခြေဦးတည့်ရာ လျှောက်သွားနေရုံနဲ့ ခင်ဗျား လိုက်ရှာနေတဲ့ အမှန်တရားကို တွေ့လိမ့်မယ်လို့ ထင်သလား"

သူ ပခုံးတစ်ချက်တွန့်လိုက်၏။

"အဲဒါတော့ ကျွန်တော်လဲ မပြောတတ်ဘူး"

"ဒါဆို ခင်ဗျားကို ကျွန်တော် လိပ်စာတစ်ခု ရေးပေးလိုက်မယ်၊ ခင်ဗျားရှာနေတဲ့အရာကို မတွေ့နိုင်တော့ဘူး ... လို့ထင်ရင်





ဒါမှမဟုတ် တခြားနည်းနဲ့ ရှာကြည့်ချင်တယ်ဆိုရင် ခု ကျွန်တော် ရေးပေးမယ့်လိပ်စာအတိုင်း ရောက်အောင်သွားပါ၊ ခင်ဗျား အတွက် အကျိုးမယုတ်စေဘူး၊ ဘယ့်နှယ်လဲ"

"စမ်းကြည့်တာပေါ့"

"အိုကေ ... ခင်ဗျားမှာ ရေးမှတ်စရာ တစ်ခုခုပါသလား"

နှုတ်ခမ်းမွေး၏ စကားကြောင့် သူ၏ ပြားချပ်ချပ် သားရေ ပိုက်ဆံအိတ်လေးကိုဖွင့်၍ ရေးမှတ်စရာတစ်ခုခုကိုရှာသော်လည်း မည်သည့်စက္ကူအပိုင်းအစ တစ်ခုတလေကိုမှ သူရှာမတွေ့ခဲ့ပါ။

နောက်ဆုံးမှ ခပ်မာမာ ကတ်ထူပြားတစ်ခုကို စမ်းမိသဖြင့် ဆွဲထုတ်ကာ နှုတ်ခမ်းမွေးကို ပေးလိုက်သည်။ နှုတ်ခမ်းမွေးက ၄င်း၏ဘောလ်ပင်ကိုထုတ်၍ ရေးမည်ပြုပြီးမှ ....

"ဓာတ်ပုံကြီးပါလား၊ နှမြောစရာကြီးဗျာ"

"နှမြောမနေနဲ့၊ အဲဒီဓာတ်ပုံက ကျွန်တော့်အတွက် ဘာမှ အသုံးမဝင်တော့ဘူး၊ ဓာတ်ပုံနောက်ကျောမှာ ရေးပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် နှုတ်ခမ်းမွှေးက စာဒကမတက်တော့ဘဲ ဓာတ်ပုံနောက်ကျောဘက်၌ လိပ်စာတစ်ခုကို ခပ်သော့သော့ လက်ရေးနှင့် ရေးပေးခဲ့လေသည်။

"ရောက်အောင်တော့ သွားဗျာ"

ရထားထွက်တော့ နှုတ်ခမ်းမွှေးက လှမ်းအော်ကာ သတိပေးလိုက်သေး၏။

ယခုတော့ နှုတ်ခမ်းမွှေး ရေးပေးလိုက်သော လိပ်စာကို သူ အသုံးချရပေတော့မည်။ လောလောဆယ်တော့ အရက်သောက်ထားသဖြင့် မသွားချင်သေး။ သို့သော် မနက်ဖြန်တော့ ရောက်အောင်သွားရပါလိမ့်မည်။ သားရေပိုက်ဆံအိတ်လေးကို ထုတ်ယူကာ နှုတ်ခမ်းမွှေး လိပ်စာရေးပေးလိုက်သော ဓာတ်ပုံကို ရှာလိုက်၏။

လိပ်စာရေးမှတ်ထားသော ဓာတ်ပုံက သူ၏ ပိုက်ဆံအိတ်လေးထဲ၌ ရှိမနေတော့ပါ။ တစ်နေရာရာ၌ ပိုက်ဆံထုတ်ရင်း ကျပျောက်သွားခြင်းပဲ ဖြစ်ပါလိမ့်မည်။ ဘယ်မှာများ ကျပျောက်





သွားတာပါလိမ့်။ စဉ်းစားသော်လည်း သူ၏ဦးနှောက်က ရီဝေနေသဖြင့် ကောင်းစွာစဉ်းစားမရတော့ပါ။

သို့သော် ကိစ္စမရှိ။ ရထားပေါ်၌ တစ်လမ်းလုံး ထိုလိပ်စာကို အခေါက်ခေါက် အခါခါ ထုတ်ကြည့်ခဲ့သဖြင့် သူ အလွတ်ရနေခဲ့ပြီဖြစ်သည်။ မနက်ဖြန် မနက်မှာတော့ ထိုလိပ်စာရှိရာသို့ သူ ရောက်ရှိနေပါလိမ့်မည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ကားဘီးပေါက်တုန်းက ဘီယာနှစ်ဘူးနဲ့ အစပျိုးခဲ့လို့ပဲလား မဆိုနိုင်ဘူး။ ဝီစကီ သုံးပက်လောက် သောက်ပြီးတယ်ဆိုရင်ပဲ သူ ရိတ်တိတိဖြစ်စပြုလာတယ်။ သူ့မိတ်ဆွေ ကျောင်းဆရာကတော့ ထုံးစံအတိုင်း တော်တော်နောက်ကျမှ ရောက်လာတယ်။ ပွဲပေါက်တိုးမယ့် အလုပ်ကိစ္စတစ်ခုအတွက် မိတ်ဆွေတစ်ယောက်ဆီကို ဝင်နေလို့ နောက်ကျသွားရတာပါလို့ တောင်းပန်တယ်။

"ခင်ဗျားကလဲ အဆိပ်တွေကို ဘာဖြစ်လို့ ဒီလောက် ဆဲကြီး မဲကြီး ရှာနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်လိုက်တော့ ကျောင်းဆရာက ရှက်ရယ် ရယ်တယ်။

"အေးဗျာ ...ကျောင်းဆရာဘဝတုန်းကတော့ ငွေဆိုတာ ကြောက်စရာကောင်းတဲ့ အဆိပ်တစ်မျိုးလို့ ထင်ခဲ့မိတာ၊ ခုမှ ငွေဟာ ဒုတိယဘုရားသခင်မှန်း သဘောပေါက်ပြီး ခင်ဗျားကို အမီလိုက်နိုင်အောင် ကြိုးစားပမ်းစား ရှာနေရတာဗျ၊ စီးပွားရေးမှာ မမီသေးပေမယ့် အရက်သောက်တဲ့နေရာမှာတော့ မီမှာပါ၊ ကဲ... ချလိုက်ဦးမယ်"

ဝီစကီကို ခပ်ပြင်းပြင်းစုပ်ပြီး ကျောင်းဆရာက သူ့ကို အမီလိုက်ဖို့ ကြိုးစားနေတဲ့အချိန်မှာ သူကတော့ စင်မြင့်ပေါ်က အဆိုတော် ကောင်မလေးကို ငေးကြည့်နေမိတယ်။ ကောင်မလေးကို တစိမ့်စိမ့်ကြည့်ရင်း သူ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်လာလို့ ကျောင်းဆရာကို သူ လှမ်းပြောလိုက်တယ်။

"ခုဆိုနေတဲ့ ကောင်မလေးကို ကျွန်တော် မြင်ဖူးသလိုပဲ"

သူ့စကားကြောင့် ကျောင်းဆရာက ရယ်ရင်း ပြန်ပြောတယ်။





"မြင်ဖူးမှာပေါ့ဗျာ၊ အဲဒီကောင်မလေးက ဒီဆိုင်မှာ သီချင်းဆိုနေတာ တစ်လလောက်ရှိနေပြီပဲဥစ္စာ၊ ဘာလဲ ... ခင်ဗျား မူးနေပြီလား"

ကျောင်းဆရာကို ဘာမှပြန်မပြောတော့ဘဲ ကောင်မလေးကိုပဲ သူ ငေးကြည့်နေမိတယ်။ တော်တော်ကြီး ကြာတော့မှ လက်ကျန် ဝီစကီကို အပြတ်ရှင်းရင်း သူပြောလိုက်တယ်။

"အဲဒီကောင်မလေးသာဆိုရင် မဆိုးဘူးဗျ၊ ကွက်တိပဲ"

"ဘာအတွက်လဲ"

"ဩော် ... ကျွန်တော် နောက်မိန်းမ ယူမယ်ဆိုရင် ပြောတာပါ"

"သွားမလုပ်နဲ့ ကိုယ့်လူ၊ အဲဒီချာတိတ်မက မဟုတ်မခံ ဆတ်ဆတ်ကြဲလေး၊ တစ်ခါက ကျွန်တော် ပန်းကုံးသွားစွပ်ရင်း နောက်လိုက်မိတာကိုတောင် အသံမထွက်ဘဲ ဆဲလွှတ်လိုက်တယ်၊ အနားကပ်ဖို့တော့ လုံးဝမစဉ်းစားနဲ့"

ကျောင်းဆရာရဲ့စကားကြောင့် သူ့ရဲ့ စိတ်ကူးယဉ်အိပ်မက်လေး တစ်စစီ ပျက်စီးသွားရတော့တယ်၊ ဒါကြောင့် ဘေးနားက

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေးက သူ့ခွက်ထဲ အရက်လာငှဲ့ပေးတော့ ခပ်ပြင်းပြင်း စပ်ကွာလို့ သူပြောလိုက်မိတယ်။ အဆိုတော် ကောင်မလေးကို ငေးမောရင်း ပန်းကုံးစွပ်ပြီး အနီးကပ် ကြည့်ချင်စိတ်တွေက တဖွားဖွား ပေါ်ပေါက်လာပြန်တယ်။

✤ ✤ ✤



(၃)

သီချင်းဆိုနေသော်လည်း ငြိမ်း၏စိတ်က သမီးလေးထံသို့သာ ရောက်နေလေသည်။ မေမေရော ငြိမ်းပါ လသားအရွယ်ကတည်းက စောစောသိပ်သော အလေ့အကျင့် လုပ်ထားသဖြင့် ယခုအချိန်လောက်ဆိုလျှင် သမီးလေး နှစ်ခြိုက်စွာ အိပ်မောကျနေပါလိမ့်မည်။

သို့သော် တစ်ခါတစ်ရံ တစ်ရေးနိုး၍ ဘေးနား၌ ငြိမ်းကို မတွေ့လျှင်တော့ စိတ်ကြီးသော သမီးလေးက အာခေါင်ခြစ်ကာ အော်ငိုတတ်လေသည်။ ထိုသို့ ငိုပြီဆိုလျှင်တော့ တော်တော်နှင့် အငိုမတိတ်တော့။ အကယ်၍ အငိုတိတ်လျှင်တောင် ငြိမ်း ပြန်



www.burmeseclassic.com

www.burmeseclassic.com



မရောက်မချင်း ဘယ်သူ့သိပ်သိပ် လုံးဝ ပြန်မအိပ်တော့ပါ။ ထို့ကြောင့် ဤဆိုင်သို့အလုပ်ဝင်တော့ ညဆယ်နာရီထိုးသည်နှင့် ပြန်ခွင့်ပြုပါမည်ဟူသော သဘောတူညီချက်ကို ကြိုတင်တောင်းခံခဲ့ခြင်းဖြစ်သည်။

ငြိမ်းပြန်တော့ ငယ်ငယ်ကပါ ဆယ်နာရီ ထိုးသည်နှင့် ငြိမ်းနှင့်အတူ လိုက်ပြန်တတ်လေသည်။ ငြိမ်းက အားနာစွာဖြင့်–

“ငယ်ငယ်က ဘာဖြစ်လို့ တို့နဲ့အတူတူ လိုက်ပြန်တာလဲ၊ ညဉ့်နက်လေ ဆုကြေးပိုရလေ မဟုတ်လား”

ဟုပြောတော့ ငယ်ငယ်က ခေါင်းယမ်းလျက် ပြန်ဖြေသည်။

“စေတနာမပါဘဲ မူးမူးရူးရူးပြီးပေးတဲ့ ဆုကြေးမျိုးကို ငယ်မမက်ပါဘူး၊ အရင်ကလဲ ငယ် စောစောပြန်နေကျပါ၊ ခု မမငြိမ်းနဲ့ ပြန်ရတော့ ငယ့်အတွက် အဖော်ရတာပေါ့”

ငယ်ငယ်က စိတ်ထားနူးညံ့ဖြူစင်သလို ဤဆိုင်၌ ငြိမ်းအား သီချင်းဆိုဖြစ်အောင် ဆွဲဆောင် စည်းရုံးခဲ့သူလည်းဖြစ်သည်။ တကယ်တော့ သီချင်းဆိုသောကိစ္စမှာ ငြိမ်းနှင့် သိပ် အလှမ်းကွာ



BURMESE CLASSIC .com



ဝေးလှသည် မဟုတ်ပါ။ ငြိမ်းက ငယ်စဉ်ကတည်းက သီချင်းဆို ဝါသနာပါခဲ့သူဖြစ်သလို ကျောင်းသူဘဝ၌လည်း ကျောင်းရန်ပုံငွေပွဲများ၊ ရပ်ကွက်တီးဝိုင်းများ၌ မကြာခဏ သီချင်းတက်ဆိုဖြစ်ခဲ့သည်။

စကားစပ်မိရင်း ငယ်ငယ့်အား ထိုအကြောင်း ပြောပြတော့ ငယ်ငယ်က ၎င်းဆိုသောဆိုင်၌ အဆိုတော် လိုနေသဖြင့် သီချင်းလိုက်ဆိုရန် စည်းရုံးလေတော့သည်။ သည်လိုနှင့် တစ်ရက် အပျော်သဘော လိုက်ဆိုရာမှ ဆိုင်ရှင်က ငြိမ်းအသံကို သဘောကျသွားပြီး အလုပ်တန်းခန့်လေတော့သည်။

ငယ်ငယ်က ငြိမ်းကိုယ်စား ဝမ်းပန်းတသာနှင့် စိတ်အားထက်သန်စွာ ပြောလေသည်။

“ကာရာအိုကေမှာ သီချင်းဆိုရင်း အခွေထုတ်ပြီး နာမည်ကြီးသွားတဲ့ အဆိုတော်တွေ အများကြီးပဲ၊ မမငြိမ်းလဲ တစ်နေ့ နာမည်ကြီးအဆိုတော်ဖြစ်မှာ သေချာတယ်၊ မမငြိမ်းအသံက အရမ်းကောင်းတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်စကားအတိုင်း ဖြစ်မလာနိုင်ဟု မည်သူမှ မပြောနိုင်ပါ။ သို့သော် ငြိမ်းကတော့ ထိုမျှအထိ မမျှော်မှန်း။ လတ်တလောစားဝတ်နေရေးပြေလည်ဖို့နှင့် ဆိုင်ကယ်ပြန်ရွေးနိုင်ဖို့လောက်သာ ရည်ရွယ်ပါသည်။

"ပန်းကုံးစွပ်မယ်နော်"

အမျိုးသားတစ်ယောက် ပန်းကုံးလာစွပ်သဖြင့် ငြိမ်း၏ နှုတ်ခမ်းထက်၌ အပြုံးတုတစ်ခုကို ဆင်မြန်းကာ ကျေးဇူးတင်စကား ပြန်ပြောလိုက်ရသည်။ တစ်ချိန်တည်းမှာပင် ဒီတစ်ပုဒ်ဆိုပြီးလျှင် အိမ်ပြန်လို့ရပြီဟူသော အသိဖြင့် သူမ တစ်ကိုယ်လုံး ပေါ့ပါးသွားလေသည်။

အိမ်ရောက်လျှင် အိပ်ပျော်နေသော သမီးလေး နဖူးကို နမ်းရင်း ကိုကို့အကြောင်းကိုတွေးကာ ငြိမ်း လွမ်းလိုက်ပါဦးမည်။

✽ ✽ ✽





(၄)

ဆိုင်ပိတ်ပြီးပြီဖြစ်သော်လည်း အဘိုးကြီး တော်တော်နှင့် အိပ်ရာမဝင်နိုင်သေးပါ။ သူ့အား အိပ်ရာမဝင်နိုင်လောက်အောင် ဒုက္ခပေးနေသည့်အရာက ဆိုင်သိမ်းခါနီး တံမြက်စည်းလှည်းရင်း စားပွဲထိုးလေး ကောက်ရသဖြင့် သူ့အား လာပေးသွားသော ဓာတ်ပုံတစ်ပုံကြောင့် ဖြစ်သည်။

ဆေးသားတို့ အနည်းငယ် ဝါကျင့်ကျင့်ဖြစ်နေသည်မှအပ ဓာတ်ပုံမှာ မပျက်စီးသေးသဖြင့် မင်္ဂလာ အခမ်းအနားတစ်ခု၊ သတို့သမီးနှင့် သတို့သားကို ရိုက်ထားသော [illegible] သိနိုင်လေသည်။ သတို့သားအား မြင်မူးသလိုလို [illegible]



www.burmeseclassic.com

www.burmeseclassic.com



စာကြည့်မျက်မှန်၏ အကူအညီနှင့် အချိန်အတန်ကြာ စေ့စေ့စပ်စပ်ကြည့်ရင်း စဉ်းစားတော့မှ တဖြည်းဖြည်း မှတ်မိလာသည်။

အခြားလူမဟုတ်။ သူ့ဆိုင်၌ အပေါစား အရက်တစ်လုံးနှင့် အချိန်အတော်ကြာကြာ ဖြုန်းတီးသွားသောလူပင် ဖြစ်သည်။ ညနေက အခြေအနေနှင့် ဘာမှမဆိုင်လောက်အောင်ပင် ဓာတ်ပုံထဲ၌ သပ်ရပ် ခန့်ညားလွန်းနေသဖြင့် အဘိုးကြီး တော်တော် စဉ်းစားရကျပ်သွားလေသည်။

သတို့သမီးအတွက်တော့ အဘိုးကြီး အထူးအထွေ စဉ်းစားမနေပါ။ ဓာတ်ပုံထဲမှသတို့သမီးအား အဘိုးကြီး ကောင်းစွာသိ၏။ အအေးတစ်ပုလင်းမှာပြီး တစ်ငုံတည်းသာ သောက်သွားသော ယမင်းရုပ်ကလေးပင်ဖြစ်သည်။ ဘယ်လောက်များ ထူးဆန်းလိုက်ပါသလဲ။ သူ့ဆိုင်သို့ တစ်နေ့တည်း (သီးခြားစားပွဲတစ်လုံးစီ၌) လာထိုင်သွားကြသူနှစ်ဦးအား ဓာတ်ပုံတစ်ပုံထဲ၌ သတို့သမီးနှင့် သတို့သားအဖြစ် အတူယှဉ်တွဲ တွေ့မြင်ရသော အဖြစ်အပျက်လောက် အံ့ဩစရာကောင်းသော အဖြစ်အပျက်မျိုး ရှိလိမ့်မည်မထင်ပါ။



BURMESE CLASSIC .com



ထို့ထက်ပို၍ အံ့ဩစရာကောင်းသည်က ဓာတ်ပုံနောက်ကျော၌ ရေးထားသည့် ဆရာတော်တစ်ပါး၏ ဘွဲ့အမည်နှင့် ကျောင်းလိပ်စာဖြစ်သည်။ ထိုကျောင်းကိုရော၊ ထိုဆရာတော်ကိုပါ အဘိုးကြီး ကောင်းစွာသိပါသည်။ သူ့ဆိုင် ခေတ်ကောင်းစဉ်အခါက ထိုဆရာတော်အား ဆိုင်သို့ပင့်ကာ မကြာခဏ ဆွမ်းကပ်ခဲ့ဖူး၏။

ဆရာတော် ဆွမ်းစားကြွလာတိုင်း ဆရာတော်၏နောက်၌ ကောင်လေးတစ်ယောက် အမြဲပါလေ့ရှိသည်။ သို့သော် နောက်ပိုင်းတော့ ထိုကောင်လေးကို မတွေ့ရတော့သဖြင့် ဆရာတော်အား မေးလျှောက်တော့ .....

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ ဒကာကြီးရာ၊ သူလဲ သူ့လမ်းသူလျှောက်သွားတာပေါ့"

ဟု မိန့်ခဲ့၏။ ထိုစဉ်က ဆရာတော်၏ မိန့်ကြားမှုကို တော်တော်နှင့် သဘောမပေါက်ခဲ့။ နောက်မှ ဆရာတော်၏ လက်ထောက်ဦးပဉ္ဇင်း ပြောပြသဖြင့် ထိုကောင်လေးမှာ ဆူရွေးသမက်ဖြစ်ပြီး ချမ်းသာသွားကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံကိုကြည့်လိုက်၊ ဓာတ်ပုံနောက်ကျောမှ စာတန်းကို ကြည့်လိုက်နှင့် အတော် ညဉ့်နက်သည်အထိ အဘိုးကြီး တစ်ယောက်တည်း အလုပ်ရှုပ်နေခဲ့လေသည်။ ဆယ့်နှစ်နာရီ သံချောင်းခေါက်သံကြားတော့မှ သူ့အားဒုက္ခပေးသော ထိုဓာတ်ပုံကို ပစ်ချပြီး တရားစာအုပ်ကို ကောက်ကိုင်လိုက်သည်။

ထုံးစံအတိုင်း ဘယ်တော့မှ ပြီးဆုံးအောင် ဖတ်ရှုနိုင်လိမ့်မည် မဟုတ်သော တရားစာအုပ်ကြီးအား အဖွင့်နိဒါန်းမှ စတင်ကာ အသံထွက်၍ ဖတ်လိုက်၏။ ခပ်စုံတ်စုတ် စားသောက်ဆိုင်လေးအတွင်း၊ အဘိုးကြီး၏ စာဖတ်သံက ကျယ်လောင်စွာ ထွက်ပေါ်၍လာလေသည်။

※ ※ ※



BURMESE CLASSIC .com

လူတို့သည် ကံပစ်ချရာ သတ္တဝါများ ဖြစ်ပြီး ဘဝဟူသည် လမ်းမကြီးတစ်ခု ဖြစ်သည် ဆိုပါက လူသားတို့သည် အဆုံးအစမရှိသော လမ်းမကြီး ပေါ်၌ မရပ်မနား လမ်းလျှောက် နေကြသူများသာ ဖြစ်လေသည်။

**နေနော်**



www.burmeseclassic.com

www.burmeseclassic.com

"ငါက ငါးမျှားတမ်း ကစားနေတာ။
အကောင်ကြီးကြီးငါးကို မျှားနေတာလေ။
ဒါကြောင့် … တစ်ဖက်က ခြေကုန်လက်ပန်းကျအောင်
ငါးမျှားကြီးကို တမင် လျှော့လိုက် တင်းလိုက်
လုပ်ပေးနေရတာ"

(နေနော်)

သိဝ်မက်ရာသီ

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com